# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယမလျှော့ဘဲ အားထုတ်**

ကုန္ဒြေ၌ ကောင်းစွာမစောင့်စည်းခြင်း၊ အစားအသောက်၌ အတိုင်းအရှည်မသိခြင်း၊ ပျင်းရိခြင်းတို့သည် ကိလေသာတရားကို တိုးပွားစေသဖြင့် ဣန္ဒြေကိုစောင့်လျက် အစားအသောက်၌ အတိုင်းအရှည်ကိုသိရှိပြီး ဝီရိယကိုမလျှော့ဘဲ အားထုတ်ရာ၏။

ယမကဝဂ် (ဓမ္မပဒ - ၈)


၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၆)၊ အမှတ်(၁၃၆)




## ၂၀၁၇ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ညှော်ခံပွဲနှင့် ညစာစားပွဲ ကျင်းပ

စာမျက်နှာ-၃

# နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနား ပင်လုံမြို့၌ ကျင်းပ
# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြား



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားများ၏ ပင်လုံငြိမ်းချမ်းရေးစကားဝိုင်း (Panglong Peace Talk) အစီအစဉ်ကျင်းပစဉ်** (သတင်းစဉ်)

**ပင်လုံ ဖေဖော်ဝါရီ ၁၂**

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ် လွိုင်လင်ခရိုင် ပင်လုံမြို့ရှိ ပြည်မ တောင်တန်းပူးပေါင်းရေး ကျောက်တိုင်ကွင်း၌ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာဝင်းမြတ်အေး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည့် ခေါင်းဆောင်များ၏သားသမီးများနှင့် ဆွေမျိုးတော်စပ်သူများ၊ ပြည်နယ်အဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီဝင်များ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြမည့် တိုင်းရင်းသားများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ◆


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# (၂၀)ရာစုပင်လုံနှင့် (၂၁)ရာစုပင်လုံ

(၂၀)ရာစုပင်လုံသည် လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ က မိမိတို့နိုင်ငံ၏ သမိုင်းဖြစ်စဉ်တစ်ခုဖြစ်ပြီး အနာဂတ်ကာလ ပြည်ထောင်စု၏ အုတ်မြစ်ကို ချပေးနိုင်ခဲ့ကာ နိုင်ငံလွတ်လပ်ရေးကို ဆောင်ကြဉ်းပေးခဲ့သည်။ (၂၀)ရာစုပင်လုံသည် စည်းလုံးညီညွတ်မှု၏ အထိမ်းအမှတ် သာဓကတစ်ရပ်လည်းဖြစ်ပြီး မိမိတို့နိုင်ငံ၏ ဂုဏ်ကျက်သရေကို တိုးမြှင့်ပေးခဲ့သည့် သမိုင်းမှတ်တိုင်တစ်ခုလည်း ဖြစ်သည်။

ကိုလိုနီနယ်ချဲ့တို့၏ ပရိယာယ်ကြွယ်ဝလှသော ခွဲခြားအုပ်ချုပ်မှုစနစ်နှင့် သူ့ကျွန်ဘဝကျရောက်ခဲ့သည့် ကာလတစ်လျှောက်လုံး အစီအမံရှိရှိစနစ်တကျ ဆောင်ရွက်ခဲ့သည့် သွေးခွဲသပ်လျှိုမှုများကြောင့် တစ်မြေတည်းနေ တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား သံသယများ အမြစ်တွယ်ခဲ့ကာ ကိုယ့်နိုင်ငံ ကိုယ့်မင်းကိုယ့်ချင်း အုပ်ချုပ်ရေးဝေး၍ နိုင်ငံလွတ်လပ်ရေးမရနိုင်သေးခင်မှာပင် “ ခင်ဗျားတို့ကို ကျုပ်တို့မယုံဘူး” ဟူသော စကားမျိုး တိုင်းရင်းသားခေါင်းဆောင်အချို့ထံမှ ထွက်ပေါ်ခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ ရိုးရှင်းပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုလာသည့် အဆိုပါ သံသယများကို ပကတိရိုးသားမှု၊ ပွင့်လင်းနွေးထွေးမှု၊ စိတ်ကောင်းနှလုံးကောင်းများဖြင့် ကျေပျက်စေ၍ (၂၀)ရာစု ပင်လုံညီလာခံကျင်းပခဲ့သည့် ကာလတစ်လျှောက်တိုင်ပင် ဆွေးနွေးညှိနှိုင်း သဘောတူညီမှုများပြုခဲ့ကြကာ ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ခြင်း ဖြစ်သည်။ ပင်လုံစာချုပ်သည် အတူတကွ ပူးပေါင်းခြင်း၊ တစ်စည်းတစ်လုံးတည်း တည်ရှိခြင်း၊ တန်းတူညီမျှခြင်းဟူသော အနက်အဓိပ္ပာယ်များဖြင့် ပဋိညာဉ်ပြုထားခြင်းပင်ဖြစ်သည်။

နှစ်ပေါင်း ၇၀ ကြာမြင့်ပြီးသည့်နောက် မိမိတို့နိုင်ငံ၏ မျက်မှောက်သမိုင်းသည် (၂၁)ရာစုပင်လုံဆီသို့ တူရှုပြုနေပြီဖြစ်သည်။(၂၀)ရာစုပင်လုံက နိုင်ငံလွတ်လပ်ရေးကို ဆောင်ကြဉ်းပေးနိုင်ခဲ့သကဲ့သို့ (၂၁) ရာစုပင်လုံကလည်း မိမိတို့နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံအဖြစ်သို့ ပို့ဆောင်ပေးနိုင်မည်ဟု တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက မျှော်မှန်းလျက်ရှိနေကြသည်။ (၂၁)ရာစုပင်လုံဆီသို့ ဦးတည်ရာခရီးစဉ်၌လည်း သံသယဖုံးလွှမ်းနေခြင်းနှင့် ယုံကြည်မှု ပျောက်ကွယ်နေခြင်းတို့ကို ဖယ်ရှားရှင်းလင်းရဦးမည်ဖြစ်သကဲ့သို့ ပကတိရိုးသားပွင့်လင်းမှု၊ စိတ်ကောင်းနှလုံးကောင်းဖြင့် အနာဂတ်မျိုးဆက်များအတွက် အမွေခံကောင်းများ ချန်ရစ်နိုင်ရန် ဆောင်ရွက်ကြရဦးမည်ဖြစ်သည်။

“ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိဘဲနဲ့ အခြားအစုအဖွဲ့ပုဂ္ဂိုလ်တွေကို ယုံကြည်ဖို့ဆိုတာ မလွယ်ပါဘူး။ ဒါကြောင့် ပထမဦးဆုံး ယုံကြည်မှုဆိုတာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကို အားမွေးကြပါ၊ ရှင်သန်အောင်လုပ်ကြပါ၊ ငါတို့ဟာ ငါတို့ရဲ့ လာမယ့်မျိုးဆက်တွေအားလုံး အကျိုးအတွက် လုပ်နိုင်ရည်ရှိတယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ပင်လုံကို ချဉ်းကပ်ကြပါ” ဟူ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပင်လုံ၌ကျင်းပသည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် ပြောကြားလိုက်သည်။တိုင်းရင်းသားပြည်သူလူထုအားလုံး၏ လိုလားတောင့်တမှု အလိုဆန္ဒဖြစ်သော ငြိမ်းချမ်းရေးရယူဆောင်ကြဉ်းပေးနိုင်ရေးအတွက် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သည့် လူပုဂ္ဂိုလ်အစုအဖွဲ့အားလုံးတို့က (၂၀)ရာစုပင်လုံ၏ အမွေအနှစ်များကို ဆက်ခံကာ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ကြီးအတွက် သမိုင်းစာမျက်နှာသစ်တစ်ရပ်ကို ရေးထိုးကြရဦးမည်ဖြစ်သည်။

မိမိတို့သည် အတိတ်သမိုင်းကို အမွေခံကာ အနာဂတ်ကို မျှော်မှန်းလျက် ပစ္စုပ္ပန်သမိုင်းကို ထုဆစ်ပုံဖော်နေကြရသော မျိုးဆက်များဖြစ်ကြသည်။ မိမိတို့နိုင်ငံ၏ အနာဂတ်မျိုးဆက်များအတွက် ကောင်းသောအမွေများ ချန်ရစ်နိုင်စေရန် မိမိတို့ပုံဖော်နေရသည့် ပစ္စုပ္ပန်သမိုင်းကို ကောင်းမွန်လှပစေရန် ကြိုးပမ်းကြရမှာလည်း ဖြစ်သည်။ သို့မှသာလျှင် အနာဂတ်ကာလတွင် ပင်လုံကျောက်တိုင်ကို လာရောက်အလေးပြုကြမည့် မျိုးဆက်သစ်များအတွက် ပင်လုံဟူသည် (၂၀)ရာစုအတွက်ရော (၂၁)ရာစုအတွက်ပါ ကောင်းသော အနက်အဓိပ္ပာယ်များဖြင့် ပြည့်စုံနေလိမ့်မည်ဖြစ်ပါကြောင်း။ ။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တောင်ကြီးမြို့၌ ကျင်းပသည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ ညစာစားပွဲတက်ရောက်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တိုင်းရင်းသားရိုးရာအဖွဲ့များနှင့်အတူ ရှမ်းရိုးရာမီးပုံပွဲအကကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲစဉ် (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၂

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ ညစာစားပွဲကို ယနေ့ည ၆ နာရီခွဲတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ညစာစားပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က “ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ။ ပြည်ထောင်စုဆိုတာ အသက်ပေါင်းများစွာနဲ့စတေးပြီး ထူထောင်ခဲ့တဲ့ ပြည်ထောင်စု။ ဒါကြောင့် ဒီပြည်ထောင်စုဟာ ပြည်ထောင်စုအနေနဲ့ ကမ္ဘာတည်သရွေ့ ရပ်တည်နိုင်ဖို့၊ ကျွန်မတို့

စာမျက်နှာ ၅ ကော်လံ ၁ သို့



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၂-၂-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၄၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၇၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ ⋅ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၉ ⋅ ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၆ ⋅ ၂ |
| ထိုင်း | တစ်ဘတ် | ၃၈ ⋅ ၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ⋅ ၃ |
| တရုတ် | တစ်ယွမ် | ၁၉၇ ⋅ ၉၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅ ⋅ ၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ၂၀၁၇ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ညှော်ခံပွဲနှင့် ညစာစားပွဲကျင်းပ



**ကြည့်ရှုအားပေး**

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်းနှင့် တာဝန်ရှိသူများ တိုင်းရင်းသားရိုးရာ အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်**

(သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့က တည်ခင်းဧည့်ခံသည့် ၂၀၁၇ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥယျာဉ်ပြင်၌ ကျင်းပသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌ များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာ ဝန်ကြီးများနှင့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာကိုအတူ တကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ် အတွင်း မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများနှင့် တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

### တက်ရောက်

ညစာစားပွဲအခမ်းအနားသို့ ဒုတိယသမ္မတဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရီ၊



ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဒုတိယဥက္ကဋ္ဌများနှင့်ဇနီးများ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာ ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**

(သတင်းစဉ်)

### ကြည့်ရှုအားပေး

ညစာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် ဧည့်သည်တော်များသည် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာ အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

**(သတင်းစဉ်)**



နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနား ပင်လုံမြို့ရှိ ပြည်မတောင်တန်းပူးပေါင်းရေးကျောက်တိုင်ကွင်း၌ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားစဉ် (သတင်းစဉ်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပင်လုံစာချုပ်တွင်ပါဝင်ရေးထိုးခဲ့သော ခေါင်းဆောင်တစ်ဦး၏ မိသားစုဝင်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ် (သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အခမ်းအနားသို့ တက်ရောက်ကြသူများသည် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ နိုင်ငံတော်သီချင်း သီဆိုခြင်းများကို ဆောင်ရွက်ကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ရှမ်းပြည်နယ် တောင်ကြီးမြို့မှ နန်းမီမီချမ်းက ပင်လုံသမိုင်းအကျဉ်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ချင်း၊ ကယား၊ ကရင်၊ ရခိုင်၊ မွန်၊ ကချင်၊ ရှမ်း၊ ဗမာတိုင်းရင်းသူများက ပင်လုံစာချုပ်ပါ အချက်များကို တစ်ပိုဒ်စီ ဖတ်ကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသည့်မိန့်ခွန်းကို စာမျက်နှာ-၆နှင့် ၇ တွင် ဖော်ပြထားပါသည်။)**

**ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ညှော်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သော လူထုကိုယ်စားလှယ် ဦးထွန်းမြင့်၊ လူထုကိုယ်စားလှယ် စဝ်ယိဝ်ဖ၊ ချင်းကိုယ်စားလှယ် (ဟားခါး)ဦးကီယိုမန်း၊ လူထုကိုယ်စားလှယ် ဦးကြာပု၊ ချင်းကိုယ်စားလှယ်(တီးတိန်) ဦးတောင်ဇာခုပ်၊ လူထုကိုယ်စားလှယ် ဦးတင်ဧ၊ ချင်းကိုယ်စားလှယ် (ဖလမ်း)ဦးလှျုရ်မှုန်၊ လူထုကိုယ်စားလှယ် ဦးဟော်ဝါးဒူဝါအမ်ခွန်ဖုန်း၊ ကချင်ကိုယ်စားလှယ်(ဗန်းမော်) ဦးလဘန်ဂရောင်၊ သထုံစော်ဘွား ကိုယ်စားလှယ် ဦးဖြူ၊ ကချင်ကိုယ်စားလှယ် (ဗန်းမော်) ဒူဝါးဇော်လွန်း၊ သာမိုင်းခမ်းစော်ဘွား စဝ်ထွန်းအေး၊ ကချင်ကိုယ်စားလှယ် (မြစ်ကြီးနား) ဦးဒိန်ရတန်၊ ဗိုလ်ချုပ်အောင်ဆန်း၊ တောင်ပိုင်းစော်ဘွား စဝ်ခွန်ပန်းစိန်၊ ကချင်ကိုယ်စားလှယ် (မြစ်ကြီးနား) ဆမားဒူးဝါးဆင်ဝါးနောင်၊ ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်၊ လူထုကိုယ်စားလှယ် ဦးခွန်ထီး၊ မြောက်ပိုင်းသိန္နီစော်ဘွား စဝ်ဟုံဖ၊ လူထုကိုယ်စားလှယ် ဦးခွန်စော၊ လဲချားစော်ဘွား စဝ်နွံ၊ ကချင်ကိုယ်စားလှယ်(မြစ်ကြီးနား) ဒူဝါဇော်ရစ်နှင့် မိုင်းပွန်စော်ဘွားစဝ်စံထွန်းတို့၏ ဓာတ်ပုံနှင့် အထိမ်းအမှတ်နေရာများကို လှည့်လည်ကြည့်ရှုပြီး ၎င်းတို့၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သော ခေါင်းဆောင်၏ မိသားစုဝင်များနှင့် လည်းကောင်း၊ ပင်လုံငြိမ်းချမ်းရေးစကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြမည့် တိုင်းရင်းသား တိုင်းရင်းသူများနှင့် လည်းကောင်း၊ ပင်လုံစာချုပ်ပါ အပိုဒ် ၈ ပိုဒ်ကို ဖတ်ကြားသည့် တိုင်းရင်းသူ ၈ ဦးနှင့် လည်းကောင်း စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပင်လုံစာချုပ်တွင်ပါဝင်ရေးထိုးခဲ့သော ဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံနှင့် အထိမ်းအမှတ်နေရာအား ကြည့်ရှုစဉ် (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသားများ၏ ပင်လုံငြိမ်းချမ်းရေးစကားဝိုင်း (Panglong Peace Talk) အစီအစဉ်ကို ကျင်းပသည်။ **(ငြိမ်းချမ်းရေးစကားဝိုင်းတွင် ဆွေးနွေးပြောကြားမှုများကို စာမျက်နှာ-၈ တွင် ဖော်ပြထားပါသည်။)**

**ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူအကအဖွဲ့များ၏ ပင်လုံသီချင်းဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

၁၉၄၆ ခုနှစ် မတ် ၂၆ ရက်မှ ၂၈ ရက်အထိ ပင်လုံမြို့တွင် ပြုလုပ်ခဲ့သည့် ပထမပင်လုံအစည်းအဝေးတွင် တိုင်းရင်းသားအားလုံး အတူတကွ လွတ်လပ်ရေးအရယူကြရန် လမ်းစပွင့်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်မှ ၁၃ ရက် အထိ ပင်လုံမြို့တွင် သမိုင်းဝင်ဒုတိယပင်လုံ ညီလာခံကြီးကို ကျင်းပနိုင်ခဲ့ပြီး ယင်းညီလာခံကြီးတွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် ဘုရင်ခံအမှုဆောင်ဝန်ကြီးများ၊ နယ်ခြားဒေသအုပ်ချုပ်ရေးအဖွဲ့မှ အရာရှိများ၊ မြန်မာပြည်နိုင်ငံရေးအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ၊ သတင်းစာဆရာများ၊ နိုင်ငံခြားသံကိုယ်စားလှယ် ကောင်စစ်ဝန်များ၊ ထင်ရှားကျော်ကြားသူ တစ်သီးပုဂ္ဂလများ၊ ရှမ်းစော်ဘွားကိုယ်စားလှယ်များနှင့် လူထုကိုယ်စားလှယ်များ၊ ကချင်တိုင်းရင်းသားနှင့် ချင်းတိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

**လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့**

ကရင်နီ ကိုယ်စားလှယ်များနှင့် KNU အဖွဲ့ ကိုယ်စားလှယ်များလည်း လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။ ထိုပင်လုံညီလာခံတွင် တောင်တန်းပြည်မပူးပေါင်းပြီး လွတ်လပ်ရေးရယူမည်ဖြစ်ကြောင်း သက်သေပြသည့် ပင်လုံစာချုပ်ကြီးကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားကိုယ်စားလှယ် ၂၃ ဦးက အောင်မြင်စွာ လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ကြသည်။

ယင်းပင်လုံ သဘောတူညီချက်ကို လက်မှတ် ရေးထိုးနိုင်ခဲ့သည့်အတွက် တောင်တန်းမြေပြန့်ပူးပေါင်းပြီး နိုင်ငံလွတ်လပ်ရေး ရယူနိုင်ရန် လမ်းပွင့်သွားခဲ့ပြီး ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံအဖြစ် ပြန်လည်ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၅ သို့*

# ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်

မြန်မာပြည်ဘုရင်ခံ၏ အမှုဆောင်ကောင်စီမှအဖွဲ့ဝင်အချို့နှင့် စဝ်ဖလုံများအားလုံးတို့အပြင် ရှမ်းပြည်နယ်များ၊ ကချင်ပြည်နယ်တောင်တန်းဒေသများနှင့် ချင်းတောင်တန်းဒေသတို့မှ ကိုယ်စားလှယ်များ တက်ရောက်သော ပင်လုံမြို့တွင် ကျင်းပသည့် အစည်းအဝေးကြီးတစ်ရပ်တွင်

ကြားဖြတ်မြန်မာအစိုးရနှင့်ချက်ချင်းပူးပေါင်းခြင်းအားဖြင့် ရှမ်းပြည်၊ ကချင်နှင့် ချင်းတို့သည် လွတ်လပ်ရေးကို ပိုမိုလျင်မြန်စွာ ရရှိလိမ့်မည်ဟု အစည်းအဝေး တက်ရောက်သူ အဖွဲ့ဝင်တို့က ယုံကြည်ကြသည့်အတိုင်း အစည်းအဝေး တက်ရောက်သူ အဖွဲ့ဝင်တို့သည် ကန့်ကွက်သူမရှိဘဲ အောက်ပါအတိုင်း သဘောတူကြလေသည်။

၁။ တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့(တစညဖ) ၏ ကြီးကိုင်အဖွဲ့ကိုယ်စားလှယ်များက ထောက်ခံချက်အရ တောင်တန်းသားများ၏ ကိုယ်စားလှယ်တစ်ဦးကို ဘုရင်ခံက ရွေးချယ်၍ နယ်စပ်ဒေသများ ကိစ္စနှင့် ပတ်သက်၍ ဆောင်ရွက်ရန်အတွက်ဘုရင်ခံ၏ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ခန့်ထားရမည်။

၂။ ဤအတိုင်ပင်ခံပုဂ္ဂိုလ်ကို ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ဌာနလက်ကိုင်မရှိ ကောင်စီဝင်တစ်ဦးအဖြစ်ခန့်ထား၍ ကာကွယ်ရေးနှင့် ပြည်ပကိစ္စရပ်များတွင် ထုံးနည်းဥပဒေအရ အမှုဆောင်ကောင်စီ၏ အာဏာစက်အောက်သို့ ရောက်ရှိသည့်နည်းတူ နယ်စပ်ဒေသကိစ္စများကိုလည်း အမှုဆောင်ကောင်စီ၏ အာဏာအောက်သို့ ရောက်ရှိစေရမည်။ ဤနည်းလမ်းများအတိုင်း နယ်စပ်ဒေသဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်အား အုပ်ချုပ်ခွင့်အာဏာကို ပေးအပ်ရမည်။

၃။ အဆိုပါ အတိုင်ပင်ခံပုဂ္ဂိုလ်ကို ၎င်းလူမျိုးချင်းမတူသော ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်နှစ်ဦးက ကူညီစေရမည်။ ရှေးဦးစွာ ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်နှစ်ဦးတို့သည် ၎င်းတို့အသီးသီး သက်ဆိုင်သည့်နယ်များ၏ကိစ္စရပ်များကို ဆောင်ရွက်ရန်ဖြစ်၍ အတိုင်ပင်ခံပုဂ္ဂိုလ်မှာ အခြားနယ်စပ်ဒေသအားလုံးတို့၏ ကိစ္စရပ်များကို ဆောင်ရွက်ရန်လည်း ဖြစ်သည်။ ၎င်းတို့သည် ထုံးနည်းဥပဒေအရ တွဲဖက်တာဝန်ယူရသည့် မူအတိုင်းဆောင်ရွက်စေရမည်။

၄။ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အမှုဆောင်ကောင်စီတွင် အဖွဲ့ဝင်လူကြီးအနေဖြင့် နယ်စပ်ဒေသများ၏ တစ်ဦးတည်းသော ကိုယ်စားလှယ်အဖြစ် ပါဝင်ရမည်ဖြစ်သော်လည်း ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်များသည် နယ်စပ်ဒေသများနှင့် သက်ဆိုင်သော ကိစ္စရပ်များကို ဆွေးနွေးကြသည့်အခါ အမှုဆောင်ကောင်စီတွင် တက်ရောက်နိုင်ခွင့်ရှိစေရမည်။

၅။ အထက်တွင် သဘောတူညီကြသည့်အတိုင်း ဘုရင်ခံ၏ အမှုဆောင်ကောင်စီကို တိုးချဲ့မည်ဖြစ်သော်လည်း နယ်စပ်ဒေသများ၏ နယ်တွင်းအုပ်ချုပ်ရေးတွင် ယခုခံစားရသောကိုယ်ပိုင်အုပ်ချုပ်ရေးကို မည်သည့် နည်းနှင့်မဆို တစ်စုံတစ်ရာ လက်လွှတ်စေရန် အဆိုပါကောင်စီက ပြုလုပ်ခြင်းမရှိစေရ။ နယ်စပ်ဒေသများအတွက် နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးရာခိုင်နှုန်းအပြည့် ရှိစေရမည်ဟူသောမူကို သဘောတူကြသည်။

၆။ ပူးပေါင်းထားပြီးသည့် မြန်မာပြည်အတွင်း သီးသန့်ကချင်ပြည်နယ်တစ်ခု နယ်နိမိတ်သတ်မှတ်၍ တည်ထောင်ရန်ပြဿနာမှာ တိုင်းပြုပြည်ပြုလွှတ်တော်က ဆုံးဖြတ်ရန်ဖြစ်သော်လည်း ဤကဲ့သို့သီးခြားပြည်နယ်တစ်ခုထားရှိသင့်ကြောင်းကို သဘောတူညီကြသည်။ ဤရည်ရွယ်ချက် အထမြောက်ရန်အလို့ငှာ ပထမခြေလှမ်းအနေဖြင့် ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံတော်အစိုးရ အက်ဥပဒေအရ နောက်ဆက်တွဲစာရင်းအပိုင်း (၂)ဒေသများကဲ့သို့ မြစ်ကြီးနားနှင့် ဗန်းမော်ခရိုင်တို့၏ အုပ်ချုပ်ရေးတွင် နယ်စပ်ဒေသအတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်တို့အား ဆွေးနွေးတိုင်ပင်ရမည်။

၇။ နယ်စပ်ဒေသများ၏ နယ်သူ၊ နယ်သားတို့သည် ဒီမိုကရေစီနိုင်ငံများတွင် အခြေခံများအဖြစ် အသိအမှတ်ပြုထားသော အခွင့်အရေးတို့ကို ခံစားနိုင်ခွင့်ရှိစေရမည်။

၈။ ဤစာချုပ်တွင် သဘောတူညီကြသည့် အစီအစဉ်တို့မှာ ပဒေသရာဇ်ရှမ်းပြည်နယ်မြေစုတွင် ယခုအပ်နှင်းထားပြီးဖြစ်သော ဘဏ္ဍာရေးနှင့်ပတ်သက်သည့် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ထိခိုက်ခြင်းမရှိစေရ။

၉။ ဤစာချုပ်တွင် သဘောတူညီကြသည့် အစီအစဉ်တို့မှာ မြန်မာပြည်အခွန်တော်ငွေများမှ ကချင်တောင်တန်းနယ်များနှင့် ချင်းတောင်တန်းနယ်များက ရသင့်ရထိုက်သော ဘဏ္ဍာရေးအကူအညီကို ထိခိုက်ခြင်းမရှိစေရ။ မြန်မာပြည်နှင့် ပဒေသရာဇ်ရှမ်းပြည်နယ်မြေစု၏ ဘဏ္ဍာရေးအစီအစဉ်များကဲ့သို့ ကချင်တောင်တန်းနှင့် ချင်းတောင်တန်းများအတွက် အလားတူ အစီအစဉ်များကို ထားရှိကျင့်သုံးရန်ဖြစ်နိုင်မည်၊ မဖြစ်နိုင်မည်ကို ဘုရင်ခံ၏ အမှုဆောင်ကောင်စီက နယ်စပ်ဒေသများ၏ အတိုင်ပင်ခံနှင့် ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်တို့နှင့်အတူ စစ်ဆေးကြည့်ရှုရမည်။

*စာမျက်နှာ ၂ မှ*

အားလုံးဟာ ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ရှိပါတယ်။ ဒါပေမယ့် တချို့အပိုင်းတွေကို ကျွန်မတို့ စဉ်းစားစရာရှိပါတယ်။ ဥပမာဆိုရင် ဒါတို့ပိုင်တဲ့မြေပေါ့။ ကျွန်မပြောချင်တယ်။ ဒီနိုင်ငံကို ဘယ်သူမှ မပိုင်ပါဘူး၊ ကျွန်မတို့တစ်ဘဝမှာ ထိန်းသိမ်းစောင့်ရှောက်သွားဖို့ တာဝန်တစ်ခုပဲ ရတာဖြစ်ပါတယ်။ ဘယ်သူမှ အမြဲပိုင်နိုင်တဲ့ ကိစ္စမဟုတ်ပါဘူး။ ဒါကြောင့် ကိုယ်ပိုင်ပစ္စည်းလိုမဟုတ်ဘဲနဲ့ ကိုယ်ထိန်းသိမ်းစောင့်ရှောက်ပေးရတဲ့ ပစ္စည်းတစ်ခုလို တန်ဖိုးထားရပါလိမ့်မယ်။ အဲဒါ အဓိကကတော့ တာဝန်သိစိတ်ဓာတ်ပါ။ ဒီဟာလည်း ပါပါတယ်။ ကျွန်မတို့ နိုင်ငံအကျိုးအတွက် လုပ်မယ်ဆိုတာ ပါပါတယ်။ တို့တာဝန် ဖြစ်တယ်ဆိုတာလည်း ပါပါတယ်။ အဲဒါအဓိက ဒါပါပဲ။ ကျွန်မတို့တစ်တွေ ကိုယ့်တစ်သက်တာ၊ တစ်ဘဝတာမှာ ဒီနိုင်ငံအတွက် ဒီနိုင်ငံအကျိုးအတွက် ကျွန်မတို့ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲငြိမ်းချမ်းဖို့အတွက် တာဝန်ယူဖို့၊ တာဝန်သိတတ်ဖို့ အခွင့်အရေးတစ်ခု ဘဝမှာ ရတာဖြစ်ပါတယ်။

အဲဒီတော့ ဒီအခွင့်အရေးကို ကျွန်မတို့ ထိုက်ထိုက်တန်တန်နဲ့ သုံးသွားမယ်ဆိုရင် ဒီတာဝန်ကို မကျေကျေအောင် လုပ်သွားမယ်ဆိုရင် တကယ့်ကို ပြည်ထောင်စုရဲ့အကျိုးကို အားလုံးသယ်ပိုးသွားမယ်ဆိုရင် ကျွန်မတို့ လူဖြစ်ရကျိုးနပ်တယ်လို့ ဒီလို ကိုယ့်ကို သတ်မှတ်လို့ရပါတယ်။ လူတစ်ယောက်ဟာ လူဖြစ်လာမှတော့ ကိုယ်တစ်ယောက်အတွက်ပဲ နေသွားဖို့၊ ကိုယ့်ရဲ့မိသားစု၊ ကိုယ့်အသိုက်အဝန်းအတွက်ပဲ လုပ်ဆောင်သွားလို့ လူဖြစ်ရကျိုးနပ်တယ်လို့တော့ ကျွန်မက မမြင်ပါဘူး။ ကိုယ်နေတဲ့ အသိုက်အဝန်းအတွက်၊ ကိုယ့်ရဲ့နိုင်ငံအတွက်၊ ကိုယ့်ရဲ့ပြည်ထောင်စုအတွက် ကျွန်မတို့ဟာ အကျိုးရှိအောင်လို့ တာဝန်ထမ်းဆောင်သွားမယ်ဆိုရင်၊ ကျွန်မတို့ ရဲရဲဝံ့ဝံ့နဲ့ ငါတို့ လူဖြစ်ရကျိုးနပ်ပြီလို့ သတ်မှတ်လို့ရပါတယ်။

အဲဒီတော့ ဒီနေ့မှာဆိုလို့ရှိရင် ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့တဲ့ ခေါင်းဆောင်ကြီးများရဲ့ မိသားစုဝင် တချို့နဲ့လည်း ကျွန်မတွေ့ခဲ့ပါတယ်။ ဒီမိသားစုဝင်အများစုက အသက်တွေကြီးလှပါပြီ။ ကျွန်မကိုယ်တိုင်လည်း မငယ်တော့ပါဘူး။ အဲဒီတော့ ကျွန်မတို့ဟာ အနာဂတ်အတွက် လုပ်ဖို့ပဲ ရှိပါတော့တယ်။ ကိုယ့်အတွက် လုပ်ဖို့ဆိုတာ အချိန်သိပ်မကျန်တော့ပါဘူး။ ဒါကြောင့် ကျွန်မထပ်တလဲလဲ ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာ ပါတဲ့ပုဂ္ဂိုလ်တွေကို တိုက်တွန်းပါတယ်။ ကိုယ့်အတွက် လုပ်ဖို့အချိန်ဆိုတာ မရှိတော့ပါဘူး။ သို့သော်လည်း နောင်လာနောက်သားတွေအတွက် နောင်မျိုးဆက်တွေအတွက် လုပ်ဖို့ရာ ရရှိတဲ့ အခွင့်အရေးကို ထိုက်ထိုက်တန်တန်နဲ့ သုံးကြပါ။ ဒီလို ထိုက်ထိုက်တန်တန်နဲ့ သုံးခြင်းအားဖြင့် ကျွန်မတို့ဟာ ဘဝကူးပြောင်းသွားတဲ့အခါမှာ စိတ်အေးလက်အေးနဲ့ ငါ့တာဝန်ကျေပြီဆိုတဲ့ စိတ်နဲ့သတ္တိရှိရှိနဲ့ နောင်ဘဝကို ရင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ အခု ဒီနေ့ ဒီလို အချိန်အခါမှာ တွေ့ဆုံနိုင်တဲ့အခွင့်အရေးအတွက် ကျေးဇူးတင်တယ်။ ကျွန်မတို့ ပင်လုံမျိုးဆက်တွေဟာ ကံကောင်းထောက်မလို့ အခု ဒီအချိန်အထိ ရှိနေကြတဲ့ ပုဂ္ဂိုလ်များဟာ ဆုံပိုင်ခွင့်ရကြပါတယ်။ နောင်ကျရင် မျိုးဆက်တွေအဆက်ဆက် ငါတို့ရဲ့ဘိုးဘွားတွေရဲ့ လုပ်ဆောင်မှုကြောင့်၊ ငါတို့ ဘိုးဘွားတွေရဲ့ တာဝန်ကျေပွန်မှုကြောင့် ငါတို့ဟာ ထပ်တလဲလဲ ပြည်ထောင်စုနေ့မှာ ပြည်ထောင်စုနေ့အထိမ်းအမှတ်ကို ပျော်ရွှင်စွာနဲ့ ဆင်နွှဲနိုင်တယ်ဆိုတဲ့ စိတ်ဓာတ်တွေဖြစ်နိုင်ပါစေလို့ ကျွန်မအနေနဲ့ ဆုတောင်းရင်း အားလုံးကို မေတ္တာပို့ပါတယ် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုနေ့အထိမ်းအမှတ် မီးပုံပွဲကို မီးရှို့ပေးသည်။

ညစာစားပွဲ၌ ရှမ်းကြီး၊ ပအိုဝ်း၊ တောင်ရိုး၊ ဓနု၊ အင်းသား၊ ကယန်း၊ မောရှမ်း၊ ပလောင်၊ "ဝ"၊ ကိုးကန့်၊ လီဆူ၊ ကချင်၊ ဂုံရှမ်း၊ အာခါနှင့် လားဟူ တိုင်းရင်းသားယဉ်ကျေးမှု အကဖွဲ့များက ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဖျော်ဖြေတင်ဆက်ကြသည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များကို အမှတ်တရ လက်ဆောင်ပေးအပ်ပြီး တိုင်းရင်းသားရိုးရာအဖွဲ့များနှင့်အတူ ရှမ်းရိုးရာ မီးပုံပွဲအကကို ပျော်ရွှင်စွာ ဆင်နွှဲသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးစဉ်



THE PANGLONG AGREEMENT

Dated Panglong, the 12th. February 1947.

THE PANGLONG AGREEMENT, 1947.

A Conference having been held at Panglong, attended by certain Members of the Executive Council of the Governor of Burma, all Saohpas and representatives of the Shan States, the Kachin Hills and the Chin Hills :

The Members of the Conference, believing that freedom will be more speedily achieved by the Shans, the Kachins and the Chins by their immediate co-operation with the Interim Burmese Government :-

The Members of the Conference have accordingly, and without dissentients, agreed as follows :-

1. A Representative of the Hill Peoples, selected by the Governor on the recommendation of representatives of the Supreme Council of the United Hill Peoples (SCOUHP), shall be appointed a Counsellor to the Governor to deal with the Frontier Areas.

2. The said Counsellor shall also be appointed a Member of the Governor's Executive Council, without portfolio, and the subject of Frontier Areas brought within the purview of the Executive Council by Constitutional Convention as in the case of Defence and External Affairs. The Counsellor for Frontier Areas shall be given executive authority by similar means.

3. The said Counsellor shall be assisted by two Deputy Counsellors representing races of which he is not a member. While the two Deputy Counsellors should deal in the first instance with the affairs of their respective areas and the Counsellor with all the remaining parts of the Frontier Areas, they should by Constitutional Convention act on the principle of joint responsibility.

4. While the Counsellor, in his capacity of Member of the Executive Council, will be the only representative of the Frontier Areas on the Council, the Deputy Counsellors shall be entitled to attend meetings of the Council when subjects pertaining to the Frontier Areas are discussed.

5. Though the Governor's Executive Council will be augmented as agreed above, it will not operate in respect of the Frontier Areas in any manner which would deprive any portion of these Areas of the autonomy which it now enjoys in internal administration. Full autonomy in internal administration for the Frontier Areas is accepted in principle.

6. Though the question of demarcating and establishing a separate Kachin State within a Unified Burma is one which must be relegated for decision by the Constituent Assembly, it is agreed that such a State is desirable. As a first step towards this end, the Counsellor for Frontier Areas and the Deputy Counsellors shall be consulted in the administration of such areas in the Myitkyina and the Bhamo Districts as are Part II Scheduled Areas under the Government of Burma Act of 1935.

7. Citizens of the Frontier Areas shall enjoy rights and privileges which are regarded as fundamental in democratic countries.

8. The arrangements accepted in this Agreement are without prejudice to the financial autonomy now vested in the Federated Shan States.

9. The arrangements accepted in this Agreement are without prejudice to the financial assistance which the Kachin Hills and the Chin Hills are entitled to receive from the revenues of Burma, and the Executive Council will examine with the Frontier Areas Counsellor and Deputy Counsellors the feasibility of adopting for the Kachin Hills and the Chin Hills financial arrangements similar to those between Burma and the Federated Shan States.

Shan Committee.
Saohpalong of Tawngpeng State.
Saohpalong of Yawnghwe State.
Saohpalong of North Hsenwi State.
Saohpalong of Laihka State.
Saohpalong of Mong Pawn State.
Saohpalong of [illegible] State.
Representative of Hsahtung Saohpalong.
(Khun Pung)
(U Tin E) (U Htun Myint)
(U [illegible]) ([illegible] Saw)
(Sao Yape Hpa) (Khun Htee)

Kachin Committee.
(Sinwa Nawng, Myitkyina)
(Zau Rip, Myitkyina)
(Dinra Tang, Myitkyina)
(Zau La, Bhamo.)
(Zau Lawn, Bhamo)
(Labang Grong, Bhamo)

Chin Committee.
(U Hlur Hmung, ATM, IDSM, W.K.M., Falam.)
(U Thawng Za Khup, ATM, Tiddim.)
(U Kio Mang, ATM, Haka)

Burmese Government.
12/2/47

*စာမျက်နှာ ၄ မှ*

ပင်လုံသမိုင်းအကျဉ်းကို ဖတ်ကြားတင်ပြခဲ့သည့် နန်းမီမီချမ်းက "ပင်လုံစာချုပ်ချုပ်ဆိုခဲ့တာ ယနေ့ဆိုလျှင် နှစ်ပေါင်း (၇၀)ပြည့်မြောက်ခဲ့ပါပြီ။ လွတ်လပ်ရေးရရှိခဲ့တာ ကြာပြီဖြစ်ပေမယ့်လည်း နိုင်ငံရေးကွဲပြားမှုတွေ၊ စိတ်သဘောထားမတိုက်ဆိုင်မှုတွေနဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဖြစ်ပွားခဲ့တာ ကမ္ဘာ့အရှည်ကြာဆုံးအဖြစ် တည်ရှိနေဆဲဖြစ်ပါတယ်။"

"ကျွန်မတို့နိုင်ငံ လွတ်လပ်ရေးရအောင် ဗိုလ်ချုပ်အောင်ဆန်းက ၂၀ ရာစု ပင်လုံညီလာခံကြီးနဲ့ ရင်ကြားစေ့ပေးနိုင်ခဲ့သလို ကျွန်မတို့နိုင်ငံ ငြိမ်းချမ်းအောင် ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က (၂၁) ရာစု ပင်လုံညီလာခံကြီးနဲ့ ရင်ကြားစေ့ပေးနိုင်ဖို့ တစ်နိုင်ငံလုံးက အားကိုးတကြီး မျှော်လင့်နေကြပြီ ဖြစ်ပါတယ်"

"ကျွန်မတို့ ပြည်ထောင်စုကြီး မငြိမ်းချမ်းတာ နှစ်ပေါင်းများစွာ ကြာမြင့်နေပါပြီ။ ကျွန်မတို့ရဲ့ တိုင်းရင်းသားကလေးငယ်တွေ၊ သားသည်မိခင်တွေ စစ်ဘေးဒဏ်သင့်လို့ အခုလို အေးမြတဲ့ ရာသီမှာ ဘယ်ပုံဘယ်နည်း နေထိုင်နေကြရတယ်ဆိုတာကို မြင်ယောင် မိတိုင်း ကြေကွဲဝမ်းနည်းရပါတယ်။ ပြည်သူတွေရဲ့မျက်ရည်တွေကို ခေါင်းဆောင်ကြီးတွေက သုတ်ပေးကြဖို့ တစ်နိုင်ငံလုံးက ပြည်သူတွေကိုယ်စား ဒီကနေ့ အခမ်းအနားကြီးမှာ ကျွန်မအနေနဲ့ အလေးအနက် တောင်းဆိုချင်ပါတယ်" ဟု ထည့်သွင်းပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့၌ ၃ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့၌ ၅ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ပင်လောင်းမြို့တို့၌ ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်၌ ယနေ့ သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ ယနေ့ အများအားဖြင့် သာယာမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံး၌ အများအားဖြင့် သာယာမည်။

**(မိုး/ဇလ)**

# ငြိမ်းချမ်းရေးရဖို့အတွက် ဆွေးနွေးညှိနှိုင်းတိုင်ပင်နေတဲ့အခါ ယုံကြည်မှုရဖို့လိုတယ် အရေးအကြီးဆုံး ယုံကြည်မှုဆိုတာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ခြင်းဖြစ်ပါတယ်

ပင်လုံ ဖေဖော်ဝါရီ ၁၂

**ရှမ်းပြည်နယ် ပင်လုံမြို့၌ ကျင်းပသည့် နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -**



ပြည်ထောင်စုနေ့အခမ်းအနားကို တက်ရောက်လာတဲ့ ပြည်သူလူထုအားလုံးနဲ့ ဧည့်သည်တော်များကို နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မတို့ဟာ ဒီနေ့မှာ ပြည်ထောင်စုကြီးကို အသိအမှတ်ပြုသောအားဖြင့် အားလုံးစုဝေးပြီးတော့ ရောက်ရှိလာကြတာ ဖြစ်ပါတယ်။

## ပြည်ထောင်စုကိုစတင်

ပင်လုံဆိုတာဟာ ရှမ်းပြည်နယ်ရဲ့တစ်စိတ်တစ်ဒေသတင် မဟုတ်ပါဘူး။ ပြည်ထောင်စုတစ်ခုလုံးအတွက် အင်မတန်မှ အရေးကြီးတဲ့ နေရာဖြစ်ပါတယ်။ ဒီကနေစတင်ပြီး ပြည်ထောင်စုရဲ့ ညီညွတ်မှုအတွက် အခြေခံအုတ်မြစ်ကို ချလိုက်တာ ဖြစ်ပါတယ်။ စောစောက ဖတ်ပြသွားတဲ့ ပင်လုံစာချုပ်ရဲ့အချက်အလက်တွေကို လေ့လာမယ်ဆိုရင် တိုင်ပင်ခြင်း၊ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ သဘောတူညီမှုယူခြင်းဆိုတဲ့ မှုတွေအပေါ်မှာ အခြေခံပြီးတော့ ပြည်ထောင်စုကို စတင် ထူထောင်ခဲ့တာဖြစ်ပါတယ်။

ပြည်ထောင်စုသားစစ်စစ်အားလုံးရဲ့ နှလုံးသားထဲမှာ ပင်လုံဆိုတဲ့ အင်မတန်မှ ရိုးရှင်းတိုတောင်းလှတဲ့ အမည်လေးဟာ စိတ်နှလုံးချမ်းသာဖွယ်ရာ၊ လှုပ်ရှားဖွယ်ရာ ဖြစ်ပါတယ်။ ပင်လုံကို အခမ်းအနားတစ်ခုအနေနဲ့မဟုတ်ဘဲ သမိုင်းရဲ့ အင်မတန်မှတန်ဖိုးရှိတဲ့ အစိတ်အပိုင်းတစ်ခုအနေနဲ့ အသိအမှတ်ပြုထားပါတယ်။

သမိုင်းဆိုတာဟာ ဘယ်တော့မှ ရပ်မနေပါဘူး။ ဆက်ပြီးတော့ လှုပ်ရှားသွားတာ ဖြစ်ပါတယ်။ ဒီတော့ ကျွန်မတို့ရဲ့ လွတ်လပ်ရေးခေါင်းဆောင်ကြီးများဟာ ပင်လုံသမိုင်းကို စတင်ပြီးတော့ ထူထောင်ခဲ့တယ်၊ ဒီသမိုင်းဟာ အောင်အောင်မြင်မြင်နဲ့ နိဂုံးချုပ်ဖို့အတွက် တာဝန်ကတော့ ကျွန်မတို့အပေါ်မှာ ကျရောက်လာပြီဖြစ်ပါတယ်။

## စီရင်ချက် ချသွားမှာဖြစ်

သမိုင်းကနေ ဘယ်သူမှ မလွတ်မြောက်နိုင်ပါဘူး။ ခေတ်အဆက်ဆက် ကမ္ဘာတည်သရွေ့ ကျွန်မတို့ရဲ့ လုပ်ရပ်တွေကို မျိုးဆက်တွေတစ်ဆက်ပြီးတစ်ဆက်က သုံးသပ်ပြီး စီရင်ချက် ချသွားမှာဖြစ်ပါတယ်။ ဒီလိုစီရင်ချက်ချမယ့် ပြည်သူလူထုရဲ့ ခုံရုံးရှေ့မှာ အခုလက်ရှိ မျိုးဆက်တွေမဟုတ်ဘဲနဲ့ နောင်လာမယ့် မျိုးဆက် အဆက်ဆက်ရဲ့ခုံရုံးတွေရှေ့မှာ ဘယ်လောက်အထိ မားမားမတ်မတ်ရပ်တည်ပြီးတော့ လက်ခံနိုင်မလဲ၊ ကျွန်မတို့ဟာ ဒီခုံရုံးတွေရဲ့ ဘယ်လိုဆုံးဖြတ်ချက်တွေကို ရင်ဆိုင်ရမလဲဆိုတာ အခုအချိန်မှာ လေးလေးနက်နက်စဉ်းစားဖို့ ရသွားပါပြီ။

တိုင်းရေးပြည်ရေးနဲ့ပတ်သက်လို့ အင်မတန်မှ ကျွမ်းကျင်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီး၊ ကဗျာဆရာကြီးတစ်ဦးရဲ့ရေးသားချက်တွေကို ကျွန်မတို့ပြည်သူအများ သိကြမှာဖြစ်ပါတယ်။

"စစ်နည်းဗျူဟာ ဘယ်လိုကွယ်လဲ၊ စွဲကိုင်လက်နက် ဘယ်လိုထက်လဲ ပြည်သူ့နှလုံး မသိမ်းကျုံးလျှင်၊ ပြည်သူ့စွမ်းအား မကိုးစားလျှင်၊ ခားသွားလည်းကြွေအံ့၊ လုံလည်းခွေအံ့"....တဲ့။

## ပြည်သူရဲ့စွမ်းအား

ကျွန်မတို့ရဲ့ အဓိကအင်အားဟာ ပြည်သူရဲ့နှလုံးများနဲ့ ပြည်သူရဲ့စွမ်းအားဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရယူဖို့ ကြိုးစားတဲ့အခါမှာ ဒီအဓိကအင်အားတွေကို ရယူဖို့ ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့နှလုံးသားတွေကို သိမ်းကျုံးဖို့ဆိုတာ ပြည်သူ့အတွက် ရေရှည်အကျိုး၊ အခုလက်ရှိ ပစ္စုပ္ပန်တင်သာမကဘဲ နောင်လာမယ့်အဆက်ဆက်သော ကျွန်မတို့ မျိုးဆက်တွေရဲ့ အကျိုးအတွက် ကျွန်မတို့ ဘယ်လောက်စွန့်စားရဲတယ်၊ ဘယ်လောက်ခံရဲတယ်ဆိုတာ အဓိက ကျွန်မတို့အပေါ်မှာ ကျရောက်မယ့်တာဝန်ဖြစ်ပါတယ်။

ပြည်သူလူထုဟာ မိမိတို့အတွက် ဘယ်သူတွေက အစစ်အမှန်စွန့်စားတယ်၊ စွန့်လွှတ်တယ်ဆိုတာကို ကောင်းကောင်းသိပါတယ်။ ဆိုရိုးစကားရှိပါတယ်။ အများကို တစ်ခဏ လှည့်ဖြားလို့ ရပါလိမ့်မယ်၊ အားလုံးကို ထာဝရတော့ ဘယ်တော့မှ လှည့်ဖြားလို့ မရပါဘူး။

ပြည်သူဟာ မိမိတို့ရဲ့အကျိုးအတွက် ဘယ်သူတွေ ဆောင်ရွက်ရမလဲဆိုတာကို ကောင်းစွာသိပါတယ်။ ပြည်သူတွေအတွက် တန်ဖိုးအရှိဆုံး၊ အကြီးမားဆုံး အကျိုးကတော့ ငြိမ်းချမ်းရေးပါပဲ။ ငြိမ်းချမ်းရေးမရှိဘဲနဲ့ ကျွန်မတို့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ မရှိနိုင်ပါဘူး။ ဒါကြောင့် ကျွန်မ ပြည်ထောင်စုနေ့မှာ ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ ပါဝင်နေတဲ့ အစုအဖွဲ့အားလုံးကို မေတ္တာရပ်ခံချင်ပါတယ်။

**ကျွန်မတို့ ပင်လုံရယ်လို့ ဖြစ်လာရတာဟာ တိုင်းရင်းသား ခေါင်းဆောင်ကြီးများက လွတ်လပ်ရေးရဖို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းညီညာလုပ်မှသာလျှင် မြန်မြန်ဆန်ဆန် ချောချောမွေ့မွေ့ ရရှိနိုင်တယ်ဆိုတာ ယုံကြည်လို့ လုပ်ခဲ့ကြတာဖြစ်**

သတ္တိရှိရှိနဲ့ ပြည်သူ့အကျိုးအတွက် စွန့်စားပါ၊ စွန့်လွှတ်ပါ၊ စွန့်စားခြင်း၊ စွန့်လွှတ်ခြင်းဆိုတာ အမြင့်မားဆုံးသတ္တိ ဖြစ်ပါတယ်။ ဖေဖေကလည်း ပြောခဲ့ဖူးပါတယ်။ လုပ်ရဲတယ်ဆိုတာ တကယ့်သတ္တိမဟုတ်ဘူး။ ခံရဲတယ်ဆိုတာ တကယ့်သတ္တိတဲ့။ ခံရဲတယ်ဆိုတာ အဓိပ္ပာယ်က ဘာလဲဆိုတော့ ကိုယ်လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စတွေအတွက် လုပ်ခြင်းအားဖြင့် ဖြစ်လာမယ့် ရလဒ်တွေကို ရင်ဆိုင်ရဲတာ၊ ခံရဲတာကိုဆိုလိုတာ ဖြစ်ပါတယ်။ ဒီတော့ ကျွန်မတို့ ပင်လုံရယ်လို့ ဖြစ်လာရတာဟာ တိုင်းရင်းသားခေါင်းဆောင်ကြီးများက လွတ်လပ်ရေးရဖို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းညီညာလုပ်မှသာလျှင် မြန်မြန်ဆန်ဆန် ချောချောမွေ့မွေ့ ရရှိနိုင်တယ်ဆိုတာ ယုံကြည်လို့ လုပ်ခဲ့ကြတာဖြစ်ပါတယ်။

အခုဆိုရင် ကျွန်မတို့ ငြိမ်းချမ်းရေးရဖို့အတွက် ဆွေးနွေးညှိနှိုင်းတိုင်ပင်နေတဲ့အခါ ယုံကြည်မှုရဖို့ လိုတယ်ဆိုတာ ထပ်တလဲလဲ ပြောကြပါတယ်။ စစ်မှန်တဲ့ယုံကြည်မှု ရှိရမယ်ဆိုတော့ အများကတော့ ယုံကြည်မှုဆိုတာဟာ အခုကွဲပြားနေတဲ့ အစုအဖွဲ့တွေကြားထဲမှာ ယုံကြည်မှုရအောင် လုပ်ခြင်းလို့ပဲ နားလည်ကြပါတယ်။ ကျွန်မကတော့ အရေးအကြီးဆုံး ယုံကြည်မှုဆိုတာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ခြင်းလို့ပဲ ဒီလိုပဲ သတ်မှတ်ပါတယ်။

## အားလုံးပဲပါဝင်ကြပါ

ကျွန်မတို့ ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာပါနေတဲ့ အစုအဖွဲ့ ပုဂ္ဂိုလ်များအားလုံးဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ်၊ ကိုယ်ဟာ ကိုယ့်နိုင်ငံအကျိုးအတွက် ငြိမ်းချမ်းတဲ့နည်းနဲ့ ဆောင်ရွက်နိုင်တဲ့ အရည်အချင်းရှိတယ်ဆိုတဲ့ ယုံကြည်ဖို့ဟာ ပထမလိုအပ်ချက်ဖြစ်ပါတယ်။ ဒီလို ယုံကြည်မှုရှိပြီဆိုရင် ငြိမ်းချမ်းရေးညီလာခံမှာ မပါဝင်နိုင်တဲ့သူ တစ်ယောက်မှ ရှိမှာမဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ခြင်းအားဖြင့် ကိုယ်ဟာ ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်ထောင်စုအတွက် အကောင်းဆုံးလုပ်ပေးချင်တဲ့ စေတနာရှိတယ်၊ လုပ်ပေးနိုင်တဲ့ စွမ်းရည်ရှိတယ်ဆိုတာကို ယုံကြည်သောအားဖြင့် ကျွန်မတို့ရဲ့ (၂၁) ရာစုပင်လုံညီလာခံမှာ အားလုံးပဲပါဝင်ကြပါလို့ ကျွန်မအနေနဲ့ ဆော်သြချင်ပါတယ်။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိဘဲနဲ့ အခြားအစုအဖွဲ့ ပုဂ္ဂိုလ်တွေကို ယုံကြည်ဖို့ဆိုတာ မလွယ်ပါဘူး။ ဒါကြောင့် ပထမဦးဆုံး ယုံကြည်မှုဆိုတာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကို အားမွေးကြပါ၊ ရှင်သန်အောင်လုပ်ကြပါ၊ ငါတို့ဟာ ငါတို့ရဲ့ လာမယ့် မျိုးဆက်တွေအားလုံးအကျိုးအတွက် လုပ်နိုင်ရည် ရှိတယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ပင်လုံကို ချဉ်းကပ်ကြပါ။

သမိုင်းဆိုတာဟာ ဘယ်သူမှ ရှန်းထွက်လို့မရတဲ့ ကိစ္စရပ်တစ်ခုဖြစ်ပါတယ်။ ကျွန်မတို့ဟာ သမိုင်းတွင်တဲ့ လုပ်ငန်းတစ်ခု လုပ်ဖို့ ကြိုးစားနေကြတာပါ။ ဒီမျိုးဆက်၊ ဒီအချိန်၊ ဒီအခါမှာ ကျွန်မတို့ရဲ့ပြည်ထောင်စုသမိုင်း ခိုင်မြဲသွားဖို့၊ လှပလင်းလက်သွားဖို့ လုပ်နိုင်မယ်ဆိုရင် ကျွန်မတို့ရဲ့နိုင်ငံသူ နိုင်ငံသားတွေမှာ မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် ဒီအကျိုးတွေကို အပြည့်အဝခံစားကြရမှာဖြစ်ပါတယ်။

## လွယ်လွယ်နဲ့မရပါ

ဘာမှတော့ လွယ်လွယ်နဲ့မရပါဘူး။ ကျွန်မတို့ အခုထိ လွတ်လပ်ရေးရပြီးကာလကနေစပြီးတော့ တစ်နိုင်ငံလုံးမှာ ငြိမ်းချမ်းရေးရရှိဖို့ မစွမ်းဆောင်နိုင်ခဲ့သေးပါဘူး။ တစ်နေရာမဟုတ် တစ်နေရာမှာတော့ ကျွန်မတို့ အချင်းချင်းကြားမှာ စစ်မက်တွေဖြစ်ပွားခဲ့တယ်ဆိုတာဟာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒီဟာတွေ ငြိမ်းအေးဖို့လုပ်ဖို့ဆိုတာ ကျွန်မတို့မှာ အခွင့်အရေးရှိသလို တာဝန်လည်းရှိပါတယ်။ ကျွန်မတို့ရဲ့အခွင့်အရေးကို ထိထိရောက်ရောက်နဲ့ သုံးစွဲစေချင်ပါတယ်။

ကမ္ဘာကျော်နိုင်ငံရေးသိပ္ပံဆရာကြီးတစ်ဦးက ပြောသွားပါတယ်။ နိုင်ငံရေးမှာ အောင်မြင်မှုရှိဖို့ အချက်(၃)ချက် လိုအပ်ပါတယ်တဲ့။ ပထမဆုံးအချက်ကတော့ ကိုယ်ယုံကြည်တဲ့ အရေးအပေါ်မှာ တမြတ်တနိုးနဲ့ သစ္စာတည်ခြင်းပါပဲတဲ့။ ဒုတိယအချက်ကတော့ တာဝန်သိမှု စိတ်ဓာတ်ပါပဲတဲ့။ တတိယကတော့ မှန်ကန်တဲ့၊ သုံးသပ်ဆင်ခြင်နိုင်တဲ့ စိတ်ဓာတ်ရှိရမယ်တဲ့။ အဲဒီတော့ ဘယ်လိုအဓိပ္ပာယ်ဖော်လဲဆိုတော့ ကျွန်မတို့ရဲ့လုပ်ရပ်တွေရဲ့အကျိုးဆက်တွေကို မှန်မှန်ကန်ကန် သုံးသပ်နိုင်ရမယ်။

ပထမဦးဆုံးအားဖြင့် ကျွန်မတို့ ယုံကြည်တဲ့အရေးဆိုတာဟာ ပြည်ထောင်စုနေ့မှာဆိုရင် အားလုံးအတွက် ငြိမ်းချမ်းရေးပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဟာ ကျွန်မတို့ယုံကြည်တဲ့အရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်ပေါ်မှာ သစ္စာရှိရမယ်၊ မြတ်နိုးရမယ်။ ငြိမ်းချမ်းရေးကို အမှန်တကယ်မြတ်နိုးရမယ်။ ငြိမ်းချမ်းရေးလိုချင်ပါတယ်၊ လိုချင်ပါတယ်ဆိုပြီးတော့ ငြိမ်းချမ်းရေးကို တကယ်မမြတ်နိုးရင်တော့ ငြိမ်းချမ်းရေးနဲ့ ဗီလာဆန့်ကျင်တဲ့ အပြုအမူတွေကို လုပ်မိကြပါလိမ့်မယ်။

နောက်ပြီးတော့လည်း ဒီအရေးပေါ်မှာ သစ္စာရှိရမယ်။ ငြိမ်းချမ်းရေးအပေါ်မှာ သစ္စာရှိဖို့ဆိုတာဟာ ငြိမ်းချမ်းရေးအတွက် အားလုံးစွန့်လွှတ်ရဲရမယ်၊ စွန့်စားရဲရမယ်။ အဲဒါဟာ သစ္စာရှိခြင်းပါပဲ။ နောက် ဆရာကြီးပြောသွားတဲ့ ဒုတိယ အောင်မြင်မှုအချက်ကတော့ တာဝန်သိစိတ်ဓာတ်ရှိရမယ်၊ တာဝန်သိစိတ်ဓာတ်မရှိဘဲနဲ့ တန်ဖိုးရှိတဲ့ ဘယ်အရာကိုမှ မှန်မှန်ကန်ကန်နဲ့ အောင်မြင်အောင် လုပ်နိုင်မှာမဟုတ်ပါဘူး။

## တာဝန်ရှိခြင်း၊ တာဝန်ယူခြင်း

တာဝန်ရှိခြင်း၊ တာဝန်ယူခြင်းဆိုတာဟာ ဘာလဲဆိုတော့ ကိုယ်လုပ်တာအတွက် ကိုယ်တာဝန်ယူရမယ်။ တစ်ခုခုမှားသွားရင် ဟိုဘက်က၊ ဟိုလူ့ကြောင့်၊ ဒီလူ့ကြောင့်ဆိုပြီး ပထမဦးဆုံး လက်ညှိုးထိုးချင်တဲ့ ပုဂ္ဂိုလ်များရှိပါတယ်။ တကယ်တော့ ပြဿနာတစ်ခုရှိပြီ၊ ကျွန်မတို့အတွက် အကျိုးယုတ်စေတဲ့ ကိစ္စတစ်ခုပေါ်ပေါက်လာပြီဆိုရင်တော့ ပထမဦးဆုံးလုပ်ရမှာ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးတော့သုံးသပ်ရမှာပဲ။ ငါ့မှာ ဘာလို အပ်ချက်ရှိခဲ့သလဲ၊ ငါဘယ်နေရာမှာ လွဲမှားခဲ့သလဲ၊ ငါ့မှာ ဘယ်လိုအားနည်းချက်ရှိသလဲ၊ ငါ့ကြောင့် ဒီပြဿနာဟာ ဘယ်လောက်အတိုင်းအတာအထိ ဖြစ်ပေါ်လာတာလဲ။ ဒါဟာ တာဝန်ယူခြင်းပါပဲ။ ငါ့မှာတာဝန်ရှိတယ်။ တာဝန်မသိတဲ့ပုဂ္ဂိုလ်များဟာ ဘာပဲဖြစ်ဖြစ် သူတစ်ပါးကြောင့်ဆိုပြီး လက်ညှိုးထိုးတတ်ကြပါတယ်။ တာဝန်ယူခြင်း စိတ်ဓာတ်ရှိရမယ်။

ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ တာဝန်ယူတယ်ဆိုတာဟာ ကျွန်မတို့ကြောင့် ငြိမ်းချမ်းရေးကို ဘယ်လောက်ထိပါးမှုရှိသလဲ။ ကျွန်မတို့လုပ်ရပ်တွေဟာ ငြိမ်းချမ်းရေးကို ဘယ်လောက် အားပေးသလဲ။ အဲဒီဟာကိုတော့ ရဲရဲဝံ့ဝံ့နဲ့ ကိုယ့်ကိုယ်ကိုယ် ပထမသုံးသပ်ရမှာပဲ။ ဒါကတော့ တာဝန်ယူခြင်းပဲဖြစ်ပါတယ်။ တတိယအချက်ကတော့ ဆင်ခြင်တုံတရားရှိခြင်း၊ ဒီဆင်ခြင်တုံတရားဆိုတာကလည်း ကိုယ့်လုပ်ရပ်ရဲ့ အကျိုးဆက်တွေ၊ ရလဒ်တွေကို မှန်မှန်ကန်ကန်သုံးသပ်နိုင်တဲ့ အရည်အချင်းကို ဆိုလိုတာပါလို့ ဆရာကြီးက ရှင်းပြသွားပါတယ်။

## ပြည်ထောင်စုရဲ့ထာဝရ

အခု အားလုံးဟာ ဒုတိယပင်လုံကနေတစ်ဆင့် ကျွန်မတို့ ပြည်ထောင်စုရဲ့ ထာဝရ၊ ထာဝရဆိုတာ ကမ္ဘာတည်သရွေ့ကိုဆိုလိုတာပါ။ ကမ္ဘာတည်သရွေ့ငြိမ်းချမ်းရေးရရှိဖို့အတွက် ကြိုးစားကြရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ အခုလုပ်ရပ်တွေဟာ၊ ကျွန်မတို့ရဲ့ လုပ်ဆောင်ချက်တွေဟာ ဘယ်လိုရလဒ်တွေ ထွက်ပေါ်လာမလဲဆိုတာ ကျွန်မတို့ ဖြောင့်ဖြောင့်မတ်မတ် စဉ်းစားဆင်ခြင်ဖို့လိုပါတယ်။ ဖြောင့်ဖြောင့်မတ်မတ်ဆိုတာ တခြားလူနဲ့ ဖြောင့်ဖြောင့်မတ်မတ် ပြောတာမဟုတ်ပါဘူး။ ကိုယ်နဲ့ ကိုယ့်ကိုယ်ကိုယ် ဖြောင့်ဖြောင့်မတ်မတ် စဉ်းစားဖို့၊ တွေးခေါ်ဖို့ ပြောတာပါ။ စောစောကပြောသွားတဲ့ တာဝန်ရှိမှုဆိုတာနဲ့လည်း ဆက်နွှယ်နေပါတယ်။ ကိုယ့်မှာ အားနည်းချက်ရှိတာလား၊ တခြားသူတွေမှာ အားနည်းချက်ရှိတာလား။ တခြားသူတွေရဲ့ အားနည်းချက်တွေကို ပြင်ဖို့မပြောမီ ကိုယ့်အားနည်းချက်တွေကို ကိုယ်စပြီးတော့ ပြင်ဖို့က အင်မတန်အရေးကြီးပါတယ်။ ဒီတော့ ကျွန်မတို့ရဲ့လုပ်ရပ်တွေရဲ့အကျိုးရလဒ်တွေဟာ ဘယ်လိုရှိမလဲဆိုတာကို ဆင်ခြင်တုံတရားနဲ့ ကျွန်မတို့ကနေပြီးတော့ ခန့်မှန်းရမှာဖြစ်ပါတယ်။ ဒီဟာကတော့ ဉာဏ်ရည်ပါပဲ။

စာမျက်နှာ ၇ သို့

# ငြိမ်းချမ်းရေးဆိုတာဟာ နောင်လာမယ့်မျိုးဆက်တွေအတွက် ဘယ်လိုမှငြင်းလို့မရတဲ့ ရတနာကြီးတစ်ရပ် ဖြစ်ပါတယ်

*စာမျက်နှာ ၆ မှ*

ဒီတော့ ငြိမ်းချမ်းရေးရဖို့ အဓိကဟာ လက်ရုံးရည်လား၊ နှလုံးရည်လားဆိုတာ အားလုံးသေသေချာချာစဉ်းစားကြပါ။ ကျွန်မကတော့ နှလုံးရည်ကို အင်မတန်မှယုံကြည်တဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။ အခု ကျွန်မတို့အချင်းချင်း သဘောတူညီမှုမရှိကြလို့၊ တစ်ယောက်ပေါ်တစ်ယောက် သံသယရှိလို့၊ တစ်ယောက်နဲ့တစ်ယောက် ကွဲလွဲမှုတွေရှိလို့ တိုက်ကြ၊ ခိုက်ကြတယ်ဆိုတော့ ကျွန်မတို့ ဘာတွေအားကိုးကြသလဲ၊ ရုပ်ပိုင်းဆိုင်ရာ လက်နက်တွေကို ကျွန်မတို့အားကိုးရပါတယ်။ ရုပ်ပိုင်းဆိုင်ရာ လက်နက်တွေဆိုတာ ဘယ်ကမြစ်ဖျားခံသလဲ။ ကျွန်မတို့ လူသားများရဲ့ဦးနှောက်ကပဲ မြစ်ဖျားခံတာဖြစ်ပါတယ်။ လူသားများရဲ့ ဦးနှောက်ကပဲ စဉ်းစားပြီး တီထွင်လိုက်တဲ့ လက်နက်တွေ ဖြစ်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာ ကိစ္စအရပ်ရပ်၊ သဘာဝက ဖန်တီးထားတာကလွဲလို့ သဘာဝနဲ့ မသက်ဆိုင်တဲ့ ရုပ်ပိုင်းဆိုင်ရာအရပ်ရပ်ဟာ ကျွန်မတို့ရဲ့ဉာဏ်ရည်က၊ ကျွန်မတို့ရဲ့ဦးနှောက်တွေထဲကနေပြီးတော့ ပေါက်ဖွားလာတာဖြစ်ပါတယ်။ ဒီဦးနှောက်တွေကို ငြိမ်းချမ်းရေးရဖို့အတွက် မသုံးနိုင်ဘူးလား။ ငြိမ်းချမ်းရေးကို ထိခိုက်စေမယ့် အရာတွေအတွက် သုံးနိုင်တဲ့ ဦးနှောက်တွေကို ငြိမ်းချမ်းရေးအတွက် မသုံးနိုင်ဘူးလားဆိုတာ အားလုံး လေးလေးနက်နက် စဉ်းစားဖို့ လိုပါတယ်။ တကယ်ပဲ သုံးနိုင်မယ်ဆိုရင် မအောင်မြင်နိုင်စရာအကြောင်းမရှိပါဘူး။

သိပ္ပံပညာရှင်များက ပြောပါတယ်။ လူသားများဟာ ယေဘုယျအားဖြင့် မိမိတို့ရှိတဲ့ ဦးနှောက်ဉာဏ်စွမ်းရဲ့ ၁၀ ရာခိုင်နှုန်းလောက်ကိုပဲ သုံးပါတယ်တဲ့။ ကျန်တဲ့ ၉၀ ရာခိုင်နှုန်းက အိပ်နေတယ်ဆိုပါတော့။ ဒီတော့ ကျွန်မတို့မှာရှိတဲ့ ဦးနှောက်ဉာဏ်စွမ်းတွေ ၁၀ ရာခိုင်နှုန်းထက်ပိုပြီး ၁၀၀ ရာခိုင်နှုန်းမဟုတ်တောင်မှ ၂၀ ရာခိုင်နှုန်းလောက်များ ငြိမ်းချမ်းရေးအတွက် အသုံး ချမယ်ဆိုရင် ကျွန်မတို့ ငြိမ်းချမ်းရေးမရစရာအကြောင်းဘာမှ မရှိဘူးလို့ အဓိကယုံကြည်ပါတယ်။ ဒါက ယုံကြည်ချက်ပေါ့။

**ပန်းတိုင်ကို ရောက်နိုင်**

ဒါကြောင့် ကျွန်မထပ်ပြီးတော့ ပြောပါရစေ။ အခု ကျွန်မတို့တည်ဆောက်ရမယ့် ယုံကြည်ချက်က မိမိကိုယ်ကိုယ်မိမိယုံကြည်ချက်ဖြစ်ပါတယ်။ ညီလာခံမှာထိုင်ပြီးတော့ ဆွေးနွေးညှိနှိုင်းခြင်းအားဖြင့် ကိုယ်လိုချင်တဲ့ပန်းတိုင်ကို ရောက်နိုင်တယ်ဆိုတဲ့ ကိုယ့်ရဲ့စွမ်းရည်ပေါ်မှာ ယုံကြည်ချက်မရှိကြဘူးလား၊ ရှိဖို့လိုပါတယ်။ ကိုယ့်ရဲ့ဉာဏ်ရည်ပေါ်မှာ၊ ကိုယ့်ရဲ့ နှလုံးရည်ပေါ်မှာ ယုံကြည်ချက်ရှိတဲ့ ပြည်ထောင်စုသားအားလုံးဟာ ညီလာခံမှာပါဝင်ဖို့ရန် စိုးရိမ်စရာမရှိပါဘူး။

ကျွန်မတို့ရဲ့ပြည်ထောင်စုသားများအားလုံးနဲ့ ပတ်သက်ပြီးတော့ ယုံကြည်ချက်ရှိပါတယ်။ ဒါကြောင့် ယခုတိုင် အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်မထိုးရသေးလို့ ညီလာခံထဲမှာ အပြည့်အဝမပါလာနိုင်သေးတဲ့ တိုင်းရင်းသားအစုအဖွဲ့တွေကို မေတ္တာရပ်ခံပါရစေ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ပါ၊ ကိုယ့်ရဲ့စွမ်းအင်ကို ယုံကြည်ပါ။ ကျွန်မတို့ကို ယုံကြည်ဖို့ မပြောပါဘူး။ ကိုယ့်ရဲ့စွမ်းအင်နဲ့၊ ကိုယ့်ရဲ့ထက်မြက်မှုနဲ့ ပြည်သူလူထုရဲ့ ထောက်ခံမှုကိုရယူပြီးတော့ ကိုယ်လိုချင်တဲ့ပန်းတိုင်ကို ရောက်အောင်သွားနိုင်မယ်ဆိုတဲ့ ယုံကြည်ချက်ကို ပြုစုပျိုးထောင်ကြပါလို့ တိုက်တွန်းချင်ပါတယ်။

**ငြိမ်းချမ်းရေးလိုချင်**

ပြည်သူလူထုအားလုံးကတော့ ငြိမ်းချမ်းရေးလိုချင်ပါတယ်။ သာမန်ပြည်သူတွေထဲမှာ ငြိမ်းချမ်းရေး မလိုချင်တဲ့လူရယ်လို့ မရှိဘူးလို့ ကျွန်မကတော့ ယုံကြည်ပါတယ်။ ပြည်သူများဟာ မိမိတို့ဘဝတွေ ငြိမ်းချမ်းဖို့၊ တိုးတက်ဖို့ မိမိတို့ရဲ့ သားတွေ၊ မြေးတွေ၊ နောင်လာမယ့် မျိုးဆက်တွေ အေးချမ်းစွာနေနိုင်ဖို့အတွက် မလိုလားဘဲ ရှိကြပါ့မလား။ ဒီပြည်သူ့ရဲ့ စွမ်းအားတွေကို စုစည်းနိုင်မယ်ဆိုလို့ရှိရင် ကျွန်မတို့နိုင်ငံဟာ မတိုးတက်နိုင်စရာအကြောင်း ဘာမှမရှိပါဘူး။ အခုချိန်ခါမှာဆိုရင် ပြည်ထောင်စုကြီးဟာ စိန်ခေါ်မှုအမျိုးမျိုးနဲ့ ရင်ဆိုင်နေရပါတယ်။ စနစ်အသစ်တစ်ခု ထူထောင်တယ်ဆိုတာဟာ လွယ်ကူတဲ့ကိစ္စမဟုတ်ပါဘူး။ ဒါပေမယ့် ယုံကြည်ချက်နဲ့ စနစ်တစ်ခုထူထောင်လို့ရမယ်ဆိုပြီးတော့ ကျွန်မတို့ လုပ်ဆောင်နေတာဖြစ်ပါတယ်။

အမျိုးသားရင်ကြားစေ့ရေးဆိုတာ ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ အမျိုးသားရင်ကြားစေ့ရေးဆိုတာ မတူကွဲလွဲတဲ့ သဘောထားတွေကို ညှိနှိုင်းနိုင်တဲ့ အရည်အချင်းပေါ်မှာ မူတည်ပါတယ်။ မတူကွဲပြားတဲ့ ပုဂ္ဂိုလ်များဟာ မှားတယ်လို့ ဘယ်တော့မှ သတ်မှတ်လို့မရပါဘူး။ အမှားအမှန်ဆိုတာဟာ လူတိုင်းမှာ အတိုင်းအတာတစ်ခုရှိပါတယ်။ လူတိုင်းမှာ အားနည်းချက်ရှိတယ်၊ အားသာချက်ရှိတယ်။ ကိုယ့်ရဲ့အားသာချက်တွေကို ပြုစုပျိုးထောင်သလို ကိုယ့်ရဲ့အားနည်းချက်တွေကို ပပျောက်သွားဖို့ လုပ်ဖို့ဆိုတာ ကိုယ်တစ်ဦးတစ်ယောက်မှာပဲ အဓိကတာဝန်ရှိပါတယ်။ တခြားသူတွေကို လက်ညှိုးထိုးပြီးတော့ တခြားပုဂ္ဂိုလ်များရဲ့ ပယောဂကြောင့် ပြဿနာဖြစ်တာဆိုပြီး ပြောလို့မရပါဘူး။

ပယောဂတွေဆိုတာ ရှိတတ်ပါတယ်။ တချို့တွေက မိမိတို့ရဲ့အကျိုးစီးပွားအတွက်ပဲဖြစ်ဖြစ်၊ တခြားအကြောင်းကြောင့်ပဲဖြစ်ဖြစ် ကျွန်မတို့နိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်မှာ၊ ငြိမ်းချမ်းရေးရမှာ သိပ်ပြီးတော့ မလိုလားကြပါဘူး။ ဒါပေမယ့် ဒီလို အနုတ်သဘောဆောင်တဲ့ စိတ်ဓာတ်တွေကို ကြောက်ရွံ့စရာမလိုပါဘူး။ ကျွန်မတို့ရဲ့ ဆင်ခြင်တုံတရားနဲ့၊ ညီညွတ်မှုနဲ့၊ သတ္တိနဲ့၊ ဒီဟာတွေကို ကျော်လွှား နိုင်ပါတယ်။ ဒီလိုကျော်လွှားဖို့ ကြိုးစားခြင်းဟာလည်း ကျွန်မတို့အားလုံးရဲ့ အရည်အချင်းတွေကို၊ အရည်အသွေးတွေကို ပိုမိုပြီးတော့ ထက်မြက်လာအောင်လို့ အားပေးတယ်လို့ သတ်မှတ်လို့ရပါတယ်။

**တစ်နှစ်တစ်နှစ် ပြန်လည်လာ**

ဒါကြောင့် တစ်နှစ်တစ်နှစ် ပြန်လည်လာပြီဆိုရင် အခွင့်အရေးအသစ်တွေ ထပ်တလဲလဲ ပြန်ပြီးတော့ ရပါတယ်၊ ဒါဟာ လောကကြီးရဲ့အားသာချက်တစ်ခုပါ၊ ကျွန်မတို့ဟာ နှစ်သစ်၊ နှစ်သစ်လို့ဆိုပေမယ့်လည်း တကယ်တော့ ကမ္ဘာကြီးဟာ လည်လို့ ကမ္ဘာကြီးဟာ နေကိုပတ်လို့၊ ဝိုင်းဝိုင်းလည်လည် သွားနေလို့ နှစ်သစ်တွေဟာ ပြန်ပြီးတော့ ပေါ်လာတာပါ။ ဒီအတိုင်းပဲ ကျွန်မတို့အတွက် အကျိုးအသစ်တွေ၊ အခွင့်အရေးသစ်တွေဆိုတာ တစ်ပတ် တစ်ပတ် ပြန်ပြီးတော့လည်လာတတ်ပါတယ်။ ဒါပေမယ့် တစ်ခါတလေ အကောင်းဆုံးအချိန်မှာ မိမိရရ မဆုပ်ကိုင်လိုက်ရလို့ ဒီအကျိုးတွေဟာ အပတ်ပေါင်းများစွာ ထပ်ပြီးတော့ စောင့်ရပါတယ်။ ဘယ်လောက်အထိ စောင့်ချင်သလဲ။ ကျွန်မတို့အားလုံးဟာ ကိုယ့်ဘဝကလွဲလို့ တခြားဘာအတွက်မှ ကိုယ်တာဝန်မယူနိုင်ပါဘူး။ ဒီမှာရှိနေတဲ့ ပုဂ္ဂိုလ်များဟာ တစ်ချိန်တစ်ခါကျရင် ပျောက်ကွယ်သွားကြမှာဖြစ်ပါတယ်။

ဒီတော့ ဘာကျန်ခဲ့မလဲဆိုတော့ သမိုင်းအမွေအနှစ်တွေကတော့ ကျန်ခဲ့မှာပါ။ နောင်နှစ်စဉ် နှစ်စဉ်မျိုးဆက်သစ်တွေဟာ ဒီနေရာမှာ ပင်လုံကျောက်တိုင်ကို လာပြီး အလေးပြုတဲ့အခါမှာ (၂၀)ရာစု ပင်လုံအတွက်သာမဟုတ်ဘူး၊ (၂၁) ရာစု ပင်လုံအတွက်ပါ လာပြီးတော့ အလေးပြုတယ်ဆိုတာ ဖြစ်စေချင်ပါတယ်။ ဒီနေရာကို နောင်လာနောက်သားများ ရောက်လာတဲ့အခါမှာ ဒီနေရာဟာ ပြည်ထောင်စုကြီးရဲ့ သင်္ကေတဖြစ်တယ်၊ ပြည်ထောင်စုသားများရဲ့ အများအကျိုးအတွက် စွန့်လွှတ်ရဲ၊ စွန့်စားရဲတဲ့ အရည်အချင်းတွေကို အသိအမှတ်ပြုရာနေရာဖြစ်တယ် ဆိုတာမျိုးကို မြင်ချင်ပါတယ်။ ကျွန်မကတော့ မြင်ရတော့မှာ မဟုတ်ပါဘူး။ သမိုင်းမှာ နောင်လာနောက်သားတွေကသာ မြင်ရတော့မှာပါ။ ဒီတော့ နောင်လာနောက်သားတွေအတွက် ကောင်းမွန်တဲ့ အမွေအနှစ်တွေကို ထားခဲ့ပါ။

မိဘကောင်းများဟာ ပစ္စုပ္ပန်ကိုပဲ မကြည့်ပါဘူး။ အနာဂတ်ကို ကြည့်ပါတယ်။ မိဘကောင်းများဆိုတာ မိမိတို့အသက်ရှင်စဉ်၊ မိမိတို့မျက်စိနဲ့ မြင်နိုင်စဉ်ကာလအတွက်ပဲ ကြည့်တာမဟုတ်ပါဘူး။ မိမိတို့ မျက်စိကွယ်သွားတဲ့အချိန်၊ မျက်လုံးတွေမှိတ်သွားတဲ့ အချိန်မှာ၊ လွန်သွားတဲ့အချိန်မှာ ထားခဲ့ရမယ့် အမွေအနှစ်တွေကို အဓိကထားပြီးတော့ ကြည့်တာဖြစ်ပါတယ်။ ဒါကြောင့် အမြော်အမြင်ရှိတဲ့မိဘများ၊ တကယ့်ကို သားသမီးတွေအပေါ်မှာ စေတနာထားတဲ့မိဘများဟာ သားသမီးတွေရဲ့ရှေ့ရေးအတွက် တွက်ပြီး ရှေ့ရေးအတွက် ကောင်းစေမယ့်ကိစ္စတွေ ဥပမာအားဖြင့် ကျန်းမာရေး ကောင်းစေဖို့၊ ပညာရေးထက်မြက်စေဖို့ သွန်သင်ဆုံးမတယ်၊ တတ်နိုင်သမျှ ပံ့ပိုးသွားတယ်။ အမြင်တိုတဲ့မိဘများ၊ အမြော်အမြင်နည်းတဲ့မိဘများကတော့ သားသမီးကို ရုပ်ပိုင်းဆိုင်ရာ အပြည့်အဝပေးနိုင်သလောက်ပေးပြီးတော့ အလိုလိုက်တဲ့နည်းနဲ့ ချဉ်းကပ်ကြတယ်။

**အနာဂတ်ကောင်းစေချင်**

ဒီလို အလိုလိုက်တာဟာ သားသမီးတွေအတွက်လား၊ ကိုယ့်အတွက်လားဆိုတာ စဉ်းစားရတယ်။ တချို့မိဘများဟာ သားသမီးများကို အလိုလိုက်တယ်ဆိုတာဟာ သားသမီးများကို ချစ်လို့လား၊ ကိုယ့်ကိုသားသမီးတွေက ချစ်စေချင်လို့လားဆိုတာကို သေသေချာချာစဉ်းစားရမှာဖြစ်ပါတယ်။ ဒီအတိုင်းပဲ နိုင်ငံအကျိုးအတွက် လုပ်တဲ့အခါမှာ ကျွန်မတို့ကို ပြည်သူပြည်သားတွေက ချစ်စေချင်လို့၊ ထောက်ခံစေချင်လို့ လုပ်နေတာလား၊ ကျွန်မတို့က ပြည်သူပြည်သားတွေကို ချစ်လို့၊ ပြည်သူပြည်သားတွေရဲ့အနာဂတ်ကောင်းစေချင်လို့ လုပ်နေတာလားဆိုတာ အားလုံးရဲရဲဝံ့ဝံ့နဲ့ ကိုယ့်ကိုယ်ကိုယ်သုံးသပ်ဖို့ လိုပါတယ်။

တစ်ခါတလေ နိုင်ငံသူ နိုင်ငံသားများရဲ့ရေရှည်အကျိုးအတွက်၊ နောင်လာမယ့် မျိုးဆက်တွေရဲ့ အကျိုးအတွက် ကိုယ့်အပေါ်မှာ လက်ရှိပြည်သူပြည်သားများရဲ့ ကျေနပ်မှုကိုလည်း စွန့်လွှတ်သင့်ရင် စွန့်လွှတ်ရတာပဲ။ ဥပမာအားဖြင့် ကျောင်းမနေချင်တဲ့ ကလေး၊ ကျောင်းမသွားချင်တဲ့ကလေးကို မိဘက ကြိမ်းမောင်းပြီးတော့ အတင်းအကျပ် ကျောင်းသွားခိုင်းတဲ့အခါ ကလေးက မိဘအပေါ် ငြိုငြင်မှာပေါ့။ ငါ့အဖေ အမေက ငါ့ကိုမချစ်ဘူး၊ ငါအိမ်မှာဆော့နေချင်တာကို အတင်းကျောင်းသွားခိုင်းတယ်ဆိုပြီး စိတ်ထဲမှာရှိရင်တော့ ရှိနေမှာပေါ့။

**အားလုံးလုပ်ရပါမယ်**

ဒီလိုကလေးက ငြိုငြင်တာကိုမခံနိုင်လို့၊ မခံချင်လို့ ကျောင်းမသွားပါနဲ့ဆိုပြီးတော့ အိမ်မှာထားတဲ့မိဘဟာ သားသမီးကို ချစ်တာမဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ် အလိုလိုက်တာ၊ ကိုယ့်ကိုသားသမီးက ချစ်စေချင်တာ။ ကျွန်မတို့ဟာ ပြည်သူပြည်သားများရဲ့မေတ္တာကို အင်မတန်မှ တန်ဖိုးထားပါတယ်။ ပြည်သူပြည်သားများရဲ့မေတ္တာကို ရယူချင်ပါတယ်၊ လိုချင်ပါတယ်။ ကျွန်မတို့ဟာပြည်သူပြည်သားတွေကို အားကိုးပြီးတော့ အနှစ်(၃၀)နီးပါး နိုင်ငံရေးလုပ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ပြည်သူပြည်သားတွေကို ထိခိုက်စေမယ့် နည်းနဲ့တော့ ထောက်ခံမှုကို ဘယ်တော့မှ ရယူမှာမဟုတ်ပါဘူး။ ဒီလိုထောက်ခံမှုလည်းမလိုချင်ပါဘူး။ ငြိုငြင်ချင်ရင် ငြိုငြင်ပါစေ တကယ်ပဲ နိုင်ငံရဲ့ရေရှည်ကောင်းကျိုးအတွက် လုပ်အပ်တဲ့ကိစ္စတွေဆိုရင် အားလုံးလုပ်ရပါမယ်။

**အမွေအနှစ် အနေနဲ့ထားခဲ့ဖို့လို**

ငြိမ်းချမ်းရေးဆိုတာဟာ နောင်လာမယ့် မျိုးဆက်တွေအတွက် ဘယ်လိုမှငြင်းလို့မရတဲ့ ရတနာကြီးတစ်ရပ် ဖြစ်ပါတယ်။ ဒီရတနာကိုသာ နိုင်ငံသူနိုင်ငံသားတွေကို အမွေအနှစ်အနေနဲ့ထားခဲ့ဖို့လိုပါတယ်။ သယံဇာတပစ္စည်းတွေဆိုတာလည်း အရေးမကြီးပါဘူး။ လောလောဆယ် စီးပွားရေးအကျိုးအမြတ်ဆိုတာလည်း အရေးမကြီးပါဘူး။ လောလောဆယ် ကျွန်မတို့ကို ထောက်ခံမှု ဘယ်လိုထောက်ခံမှုပဲဖြစ်ဖြစ်၊ ရွေးကောက်ပွဲက ထောက်ခံမှုပဲဖြစ်ဖြစ်၊ သာမန်ထောက်ခံမှုပဲဖြစ်ဖြစ် အဲဒါတွေကလည်း အရေးမကြီးပါ ဘူး။ ဒီဟာတွေဟာ တစ်ခဏနဲ့ ပျောက်သွားမယ့် အမွေအနှစ်တွေ ဖြစ်နိုင်ပါတယ်၊ သယံဇာတပစ္စည်းတွေဆိုတာလည်း တစ်ချိန်တစ်ခါမှာ ပျောက်ကွယ်သွားနိုင်တာပဲ၊ စီးပွားရေးဆိုတာလည်း အတက်အကျရှိတာပဲ။ ဒီကမ္ဘာကြီးမှာ အင်မတန်မှ စီးပွားရေး တောင့်တင်းပါတယ်ဆိုတဲ့ နိုင်ငံတွေတောင်မှ စီးပွားရေးအကျပ်အတည်းနဲ့ ကြုံရတဲ့အခါ ကြုံကြရတာပဲ၊ ကျွန်မတို့ဟာ ပြည်ထောင်စုကြီးကို တကယ့်တည်တံ့ခိုင်မြဲမယ့် ငြိမ်းချမ်းရေး အမွေအနှစ်သာ ပေးခဲ့နိုင်မယ်ဆိုရင် ဒါဟာသုံးလို့မကုန်၊ ဖြုန်းလို့မကုန်တဲ့ အမွေအနှစ်လို့ ပြောချင်ပါတယ်။

ပြည်သူလူထုနဲ့ တွေ့တဲ့အခါကျရင် ကျွန်မပြောပါတယ်။ ကျွန်မအတွက် ဖေဖေထားခဲ့တဲ့အမွေအနှစ်ဟာ ပြည်သူ့ရဲ့မေတ္တာပဲ၊ သုံးလို့မကုန်ဘူး၊ ဖြုန်းလို့မကုန်ဘူး။ ဒါပေမယ့်လည်း မဖြုန်းသင့်ပါဘူး။ ဒီလိုအမွေအနှစ်မျိုးဆိုတာဟာ ကျွန်မတို့ဟာ တန်ဖိုးထားပြီးတော့ စောင့်ရှောက်သွားရမှာ ဖြစ်ပါတယ်။ ဒီအတိုင်းပဲ အခုမျိုးဆက်တွေဟာ၊ အခု ပင်လုံညီလာခံဖြစ်မြောက်ဖို့အတွက် ကြိုးစားနေတဲ့ အစုအဖွဲ့များ ပုဂ္ဂိုလ်များဟာ ကျွန်မတို့ပြည်သူများ သုံးလို့မကုန်နိုင်တဲ့ ငြိမ်းချမ်းရေး အမွေအနှစ်ကို စုဆောင်းပြီးတော့ ထားခဲ့စေချင်ပါတယ်။

ထပ်လောင်းပြီးတော့ ကျွန်မအနေနဲ့အထူးပဲ ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားအစုအဖွဲ့တွေကို မေတ္တာရပ်ခံချင်ပါတယ်။ သတ္တိရှိရှိနဲ့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်စွာနဲ့ လက်မှတ်ထိုးလိုက်ပါ၊ ကျွန်မတို့ရဲ့ (၂၁)ရာစုပင်လုံထဲမှာ ပါဝင်လိုက်ကြပါ။ ပြည်သူ ပြည်သားအားလုံးဟာ ဒီပါဝင်မှုကြောင့် ဘယ်လောက် နှလုံးစိတ်ဝမ်းအေးချမ်းကြမလဲ၊ ဘယ်လောက်ကျေးဇူးတင်ကြမလဲ ၊ ဘယ်လောက်ပီတိဖြစ်ကြမလဲဆိုတာကို စဉ်းစားကြပါ။

ကံကံ၏ အကျိုးဆိုတဲ့အဓိပ္ပာယ်ဟာ ကိုယ်လုပ်သလိုဖြစ်မယ်ဆိုတဲ့ အဓိပ္ပာယ်ပါ။ ကံဆိုတာ ပြုလုပ်ခြင်းပါပဲ။ အတိတ်ကကံကို ဆိုလိုချင်တာမဟုတ်ပါဘူး အတိတ်က ကံက ဘာမှလုပ်လို့မရပါဘူး။ ကျွန်မတို့ ပြုပြင်ပြောင်းလဲတဲ့ကံဟာ ပစ္စုပ္ပန်ပဲဖြစ်ပါတယ်။ ကံကံ၏အကျိုး၊ ကိုယ်လုပ်သလို ကိုယ်ဖြစ်မယ်ဆိုတာကို ယုံကြည်ချက်နဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်လိုက်ကြပါ။ ဒီယုံကြည်ချက်ကြောင့်ကို အောင်မြင်စေရမယ်လို့ ယုံကြည်ပါတယ်။ တိုင်းရင်းသား ညီအစ်ကို မောင်နှမများကို ကူညီဖို့ဖေးမဖို့ မြှင့်တင်ပေးဖို့ ဆန္ဒသာရှိပါတယ်။ ဘယ်လိုနည်းနဲ့မှ ကျွန်မတို့နိုင်ငံကို မှီတင်းနေထိုင်နေတဲ့ပုဂ္ဂိုလ် ဘယ်သူ့ကိုယ်မှ အကျိုးမယုတ်စေချင်ပါဘူး။ အကျိုးမြှင့်တင်ပေးစေချင်တဲ့စိတ်ဓာတ်နဲ့ ပင်လုံစာချုပ်ကို ထိုးခဲ့တဲ့နေရာမှာ စုပေါင်းရောက်ရှိနေကြတာ ဖြစ်ပါတယ်။

ပထမပင်လုံစာချုပ်ဟာ ကျွန်မတို့ပြည်ထောင်စုအတွက် သမိုင်းစာမျက်နှာ တစ်မျက်နှာအသစ်လှန်ပေးလိုက်လို့ ပြည်သူလူထုဟာ အခုထိ သတိရတမ်းတနေတာ ဖြစ်ပါတယ်။ ကျွန်မတို့ဟာ (၂၁)ရာစု ပင်လုံအနေနဲ့ သမိုင်းစာမျက်နှာ တစ်မျက်နှာလှန်ရုံမက သမိုင်းစာအုပ်အသစ်တစ်အုပ် ဖွင့်ကြပါစို့လို့ မေတ္တာရပ်ခံချင်ပါတယ်။

ကျေးဇူးတင်ပါတယ်။

# သမိုင်းဝင်ပင်လုံစာချုပ်ချုပ်ဆိုရာတွင် ပါဝင်ခဲ့သည့် စကွယ်စော်ဘွားကြီးစဝ်စိန်လင်း၏ ပြည်ထောင်စုနေ့အမြင်နှင့် ငြိမ်းချမ်းရေးသဘောထား

ပြည်ထောင်စုနေ့ သမိုင်းဝင်ပင်လုံစာချုပ်ချုပ်ဆိုပွဲတွင် တက်ရောက်ခဲ့သည့် စကွယ်စော်ဘွားကြီး စဝ်စိန်လင်းသည် ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့၌ ကျင်းပသည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ အခမ်းအနားသို့ တက်ရောက်လာသည့် စကွယ်စော်ဘွားကြီးအား ပြည်ထောင်စုနေ့အမြင်နှင့် ငြိမ်းချမ်းရေးသဘောထားကို တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး ။ ။ ပင်လုံစာချုပ် ချုပ်ဆိုစဉ်က ဘဘက ပင်လုံစာချုပ်ချုပ်ဆိုခဲ့တဲ့ အထဲမှာပါဝင်တဲ့ စော်ဘွားတစ်ယောက်ဆိုတော့ ဘဘအသက် ဘယ်အရွယ်လဲ ခင်ဗျာ။**

ဖြေ ။ ။ ပင်လုံစာချုပ် ချုပ်ဆိုစဉ်က အသက် ၁၉ နှစ်ခွဲပဲ ရှိပါသေးတယ်။

**မေး။ ။ ဘဘတို့ ပင်လုံစာချုပ် ချုပ်ခဲ့တုန်းက ပင်လုံရဲ့အဓိပ္ပာယ်ကို ဘယ်လိုနားလည်ထားပါသလဲ။**

ဖြေ ။ ။ စောစောပိုင်းက မိုင်းကိုင်မှာ လုပ်မလို့။ မိုင်းကိုင်က အလယ်စင်တာ သိပ်မကျဘူး။ အခု ပင်လုံဒီနေရာက လဲချားစော်ဘွားပိုင်နေရာ။ စဝ်နွံအပိုင်။ အဲ့ဒီနေရာက အားလုံးလာလို့ရတယ်ဆိုတဲ့ ပုံစံမျိုးနဲ့လာတာ။ ဗိုလ်ချုပ်အောင်ဆန်းလာတာပဲ။ ကိုလိုနီလက်အောက်ခံ မဖြစ်ရအောင် အတူတူလက်တွဲရအောင်ဆိုပြီး သူကလာစည်းရုံးတာ။ အဲ့ဒါနဲ့ သူနဲ့ ဆိုပြီး



စကွယ်စော်ဘွားကြီးစဝ်စိန်လင်း

ပင်လုံစာချုပ်ဆိုတာဖြစ်ပေါ်ခဲ့တာ။ စာချုပ်ကို လိုလိုလားလားပါဝင်လို့ ပင်လုံမှာ တက်ရောက်တဲ့ စော်ဘွားတွေအကုန်လုံး လက်မှတ်ထိုးခဲ့တာ။

**မေး ။ ။ ဒီနေ့လုပ်တဲ့ ပင်လုံအပေါ်မှာ ဘဘရဲ့ ခံစားချက်လေးရှိရင်လည်း ပြောပြပေးပါဦး။**

ဖြေ ။ ။ ကောင်းပါတယ်။ ဟာကွက်တော့ ရှိတာပေါ့။ စီစဉ်တဲ့ပုံစံကို ပြောတာ။ အခုနှစ် ၇၀ ပင်လုံ (ပြည်ထောင်စုနေ့)ကို ပထမဆုံး ထပ်ကြုံရတာပဲ။ နောက်ထပ်ကြုံချင်မှလည်း ကြုံတော့မယ်။ ဒါပင်လုံစာချုပ်ချုပ်ဆိုပြီး ပထမဆုံး ပြန်တွေ့ရတာပဲ။

**မေး။ ။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး ဘဘရဲ့ခံစားချက်ကို ပြောပြပေးပါဦး။**

ဖြေ ။ ။ ခံစားချက်ဆိုတာက အခု တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (NCA) လက်မှတ်ကို ထိုးစေချင်တယ်။ အားလုံးကို ထိုးစေချင်တယ်။ အဲ့ဒီလို လက်မှတ်ထိုးမှပဲ (၂၁) ရာစုပင်လုံက အဆင်ပြေမှာ။ မထိုးသရွေ့ ငြိမ်းချမ်းရေးဆိုတာက အဆင်မပြေဘူး။

**မေး။ ။ လက်မှတ်ထိုးဖို့ အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို တိုက်တွန်းတာမျိုးရော ရှိလား။ ဘာကြောင့် လက်မှတ်ထိုးစေချင်တာလဲ။**

ဖြေ ။ ။ ရှိတာပေါ့။ ကချင်ပြည်နယ်ဆို ကျွန်တော်ကိုယ်တိုင် သွားတာ။ သွားတာတစ်လကျော်လောက်ပဲ ရှိသေးတယ်။ ကျွန်တော့်ကို အိုးစည်ဗုံမောင်းနဲ့ကို လာကြိုတယ်။ ဘာကြောင့် လက်မှတ်ထိုးစေချင်လဲမေးရင် ငြိမ်းချမ်းရေးရအောင်လို့ပေါ့ဗျာ။ အပေးအယူတော့ ရှိရမှာပေါ့။ ငြိမ်းချမ်းရေးရမှ ကျွန်တော်တို့ ဗမာ(မြန်မာ)ပြည် တိုးတက်မှာလေ။ ငြိမ်းချမ်းရေးမရရင် ဘယ်လိုနည်းနဲ့မှ မတိုးတက်နိုင်ဘူး။

ဘဘကို ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း-ရဲခေါင်ညွှန့်**
**ဓာတ်ပုံ-ဖိုးထောင်**

# မေတ္တာတရားနှင့်မျှဝေကူညီချင်သည့်စိတ်ကို ရှေ့တန်းတင်မည်ဆိုရင် ကွဲပြားစရာရှိမည်မထင်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်

**ပင်လုံ ဖေဖော်ဝါရီ ၁၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားများ၏ ပင်လုံငြိမ်းချမ်းရေးစကားဝိုင်း (Panglong Peace Talk) ကို ပင်လုံမြို့၌ ပြုလုပ်ခဲ့သည်။

ပင်လုံငြိမ်းချမ်းရေးစကားဝိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ငြိမ်းချမ်းရေးစကားဝိုင်း (Peace Talk) ကို လူငယ်များ နှင့်ပြုလုပ်ခဲ့ပါကြောင်း၊ ယခု ဒုတိယအကြိမ်တွင် တိုင်းရင်းသားများနှင့် ဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အရွယ်မရွေး အားလုံးပါဝင်ရန်လိုပါကြောင်း။

လူငယ်များနှင့် စတင်ဆွေးနွေးခဲ့ရခြင်းအကြောင်းရင်းမှာ လူငယ်များသည် ငြိမ်းချမ်းရေးရခြင်း၊ မရခြင်း၏အကျိုးဆက်ကို အများဆုံးခံစားရမည့်သူများဖြစ်သဖြင့် ၎င်းတို့နှင့် ဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ တခြားလူအားလုံးနှင့်လည်း သက်ဆိုင်ပါကြောင်း၊ ပြည်ထောင်စုသားအားလုံးနှင့် သက်ဆိုင်တာဖြစ်သဖြင့် ယခုအကြိမ်တွင် တိုင်းရင်းသူ၊ တိုင်းရင်းသားများနှင့် ဆွေးနွေးမည်ဖြစ်ပါကြောင်း။

သို့ရာတွင် အရွယ်အရ မိမိတို့ သတ်မှတ်ခြင်းမဟုတ်ပါကြောင်း၊ ယခုအကြိမ်မှာ ပင်လုံတွင် စုဝေးသည့် ပြည်ထောင်စုနေ့ဖြစ်၍ တိုင်းရင်းသားပေါင်းစုံနှင့် ဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ တိုင်းရင်းသားပေါင်းစုံနှင့် ဆွေးနွေးခြင်းဖြစ်၍ ယခုစကားဝိုင်းသည် ငြိမ်းချမ်းရေးစကားဝိုင်းဟု သတ်မှတ်ထားပါကြောင်း။

ငြိမ်းချမ်းရေးရအောင် လုပ်ဖို့ဆိုလျှင် ဘာဖြစ်လို့ငြိမ်းချမ်းရေးမရလဲဆိုတာကို ပထမဆုံး ဆန်းစစ်ရမည်ဖြစ်ပါကြောင်း၊ လွတ်လပ်ရေးရသည်မှာ နှစ် ၇၀ ရှိသွားပြီဖြစ်ပါကြောင်း၊ မတူကွဲပြားမှုဟု အကြောင်းပြချက်ပေးလျှင် မတူကွဲပြားမှုတစ်ခုတည်းသည် လုံလောက်သော အကြောင်းပြချက်လား။ တစ်ယောက်နှင့်တစ်ယောက် မတူသည်နှင့် ရန်ဖြစ်ရမှာလား။

မိမိတို့မိတ်ဆွေထဲတွင် ကိုယ်နှင့် မတူသည့်သူ မပါဘူးလား။ ကိုယ်နှင့် လူမျိုးချင်းမတူသည့်သူ၊ ကိုယ်နှင့်ပြောသည့်ဘာသာစကားချင်း မတူသူ၊ ကိုးကွယ်သည့် ဘာသာချင်းမတူသူ၊ စီးပွားရေးအရ မိသားစုအသိုက်အဝန်းမတူသူများနှင့် မိမိတို့တွင် မိတ်ဆွေတစ်ယောက်မှမရှိကြဘူးလား။ ရှိကြပါကြောင်း၊ ထို့ကြောင့် မတူကွဲပြားမှုသည် ကွဲပြားရေး၏ အကြောင်းဆိုတာကို လက်မခံနိုင်ပါကြောင်း။

ဒါကို ကျော်လွှားနိုင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ဒီစားပွဲဝိုင်းတွင် အပြုသဘောဆောင်သည့် အတွေးအခေါ်များကို အဓိက ဦးစားပေးစေချင်ပါကြောင်း၊ ဒီလိုပြောခြင်းအားဖြင့် ပြဿနာများကို ရှောင်ရှားခြင်းမဟုတ်ပါကြောင်း၊ ပြဿနာများရှိသည်ကို သိပါကြောင်း၊ပြဿနာကိုလည်း မကြောက်ပါကြောင်း၊ ပြဿနာဆိုတာ တကယ်တော့ စိန်ခေါ်မှုပင်ဖြစ်ပါကြောင်း၊ စိန်ခေါ်မှုဆိုတာ အခွင့်အရေးပင်ဖြစ်ပါကြောင်း။

ထိုစိန်ခေါ်မှု၊ အခွင့်အရေးကိုယူပြီး ကျော်လွှားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံအတွက် အကောင်းဆုံး အထိရောက်ဆုံးဖြစ်အောင် လုပ်ရမည်ဖြစ်ပါကြောင်း၊ သို့သော် အပေါင်းလက္ခဏာဆောင်သည့်စိတ်ဓာတ်ဖြင့် လုပ်ချင်ပါကြောင်း၊ ဥပမာ ကွဲပြားရခြင်းအကြောင်းတစ်ခုမှာ မခံချင်စိတ်၊ ဒေါသတို့ကို ရှေ့တန်းတင်ခြင်းကြောင့် ဖြစ်ပါကြောင်း၊ မိမိတို့သည် မေတ္တာတရားကို ရှေ့တန်းတင်မည်၊ မျှဝေကူညီချင်သည့်စိတ်ကို ရှေ့တန်းတင်မည်ဆိုလျှင် ယခုလိုကွဲပြားစရာအကြောင်းရှိမည် မထင်ပါကြောင်း။

ထို့ပြင် လူတို့သည် သဘာဝအရ အနိုင်ကျင့်သူများလည်း ရှိပါကြောင်း၊ ဒါကိုမငြင်းပါကြောင်း၊ အနိုင်ကျင့်သူများ အနိုင်မကျင့်အောင် ဘယ်လိုလုပ်ရမလဲဆိုတာ အဖြေတစ်ခုရှာရမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲတွင် ပါဝင်သည့် တိုင်းရင်းသူ၊ တိုင်းရင်းသားများက ဆွေးနွေးချင်တာကို စပြီးဆွေးနွေးနိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စကားဝိုင်းသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားများက ပြည်သူလူထု၏ ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်များ၊ နိုင်ငံရေးအရ၊ လူမျိုးရေးအရ တန်းတူပူးပေါင်းနိုင်မည့် အာမခံချက်များ၊ ကရင်ပြည်နယ်တွင် ကျင်းပခဲ့သည့် ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့မှုများ၊ ယုံကြည်မှု၊ ညီညွတ်မှု၊ တစ်ဦးကိုတစ်ဦး လေးစားမှု၊ သာတူညီမှုများဖြင့် တည်ဆောက်ခဲ့သည့်အတွက် အောင်မြင်ခဲ့မှုများ၊ အကြောက်တရားနှင့် စိုးရိမ်ကြောင့်ကြမှုကြောင့် ငြိမ်းချမ်းရေးမရနိုင်ဟု ထင်မြင်ချက်များ၊ မငြိမ်းချမ်းသေးသည့်အတွက် တိုင်းပြည်နစ်နာနေမှုများ၊ ငြိမ်းချမ်းရေးအတွက် တစ်ဦးအပေါ်တစ်ဦး သဘောထားကြီးရန်လိုအပ်မှုများ၊ လက်နက်ကိုင်အဖွဲ့များအကြား တွေ့ဆုံဆွေးနွေးမှု များများပြုလုပ်ရန်လိုအပ်မှုများ၊ ပင်လုံစာချုပ် ပင်လုံကတိကဝတ်များကို အကောင်အထည်ဖော်ရန် လက်တွေ့ကျကျ လုပ်ဆောင်ရန်လိုအပ်မှုများကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အဆိုပါစကားဝိုင်းသို့ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ငန်းစဉ်များတွင် ပညာရှင်အဖြစ်ပါဝင်ပံ့ပိုးနေသူ ကချင်တိုင်းရင်းသူ ဒေါ်လရှမ်းဆိုင်းပန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူထုပါဝင်လာရေးနှင့် အရပ်သား အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်လေ့လာရေးလုပ်ငန်းများတွင် ပါဝင်ပံ့ပိုးသူ ကယားတိုင်းရင်းသား ခူးပလုရယ်၊ အရပ်ဘက် လူ့အဖွဲ့အစည်းများဖိုရမ် ကျင်းပနိုင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူ ဗမာ-ကချင်တိုင်းရင်းသူ ဒေါ်ဖွေးယုမွန်၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် အကျိုးဆောင်အဖြစ် ပံ့ပိုးဆောင်ရွက်သူ ချင်းတိုင်းရင်းသူ မိုင်ချင်းချင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူထုပါဝင်လာရေးနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ ဖိုရမ်ကျင်းပနိုင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူ မွန်တိုင်းရင်းသား မင်းအောင်ထူး၊ ပဋိပက္ခလျှော့ချနိုင်ရေး ပညာပေးလုပ်ငန်းနှင့် ကောင်းမွန်သော အုပ်ချုပ်မှုဖြစ်ထွန်းရေး ပညာပေးဆောင်ရွက်သူ ရခိုင်တိုင်းရင်းသား ဦးဦးအောင်သန်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူငယ်များပါဝင်မှု မြှင့်တင်နိုင်ရေးနှင့် တိုင်းရင်းသားလူငယ်များအရေး ဆောင်ရွက်သူ ရှမ်းတိုင်းရင်းသား စိုင်းအောင်မြင့်ဦး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးနှင့် လူထုပူးပေါင်းပါဝင်လာရေး ဆောင်ရွက်သူ မွန်-ကရင်-ဗမာတိုင်းရင်းသူ ဒေါ်သန္တာဦး၊ တောင်သူလယ်သမားဘဝဖွံ့ဖြိုးရေးဆောင်ရွက်သူ ဗမာတိုင်းရင်းသား ဦးကျော်ထက်၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် အကျိုးဆောင်အဖြစ် ပံ့ပိုးဆောင်ရွက်သူ ကချင်တိုင်းရင်းသူ ဒေါ်အယ်လ်ဂျာနန်၊ ကရင်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူ ကရင်တိုင်းရင်းသူ နန်းမြသီတာ၊ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးလုပ်ငန်းများတွင် တက်ကြွစွာဆောင်ရွက်သူ ရှမ်းတိုင်းရင်းသူ နန်းမိုမိုသီတာ တို့ ပါဝင်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားများ ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးစဉ်

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၌ ပြည်ထောင်စုနေ့အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (ဌာနချုပ်) ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုခြင်း၊ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုခြင်း၊ ဒီမိုကရေစီအရေးတော်ပုံအဆက်ဆက်တွင် အသက်ပေးသွားရရှာသော ရဟန်းရှင်လူ၊ ကျောင်းသားပြည်သူတို့အတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ရှစ်စက္ကန့်ငြိမ်သက်ခြင်း၊ တိုင်းရင်းသားကိုယ်စားပြုကလေးငယ်လေးများက ပြည်ထောင်စုဂုဏ်ပြုတေးအကအပြင် အာဆီယံသီချင်းတို့ဖြင့် ဖျော်ဖြေခြင်းတို့ကို ပြုလုပ်ကြသည်။

အခမ်းအနားတွင် သဘာပတိဖြစ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နာယက သူရ ဦးတင်ဦးက "ဒီကနေ့ဟာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ အမြော်အမြင်ရှိရှိ၊ သဘောထားကြီးကြီးနဲ့ မျိုးနွယ်စုလူမျိုးပေါင်းစုံရဲ့ မတူခြားနားတဲ့ မျှော်လင့်ချက်ဆန္ဒတွေ၊ အကျိုးစီးပွားတွေနဲ့ ခက်ခဲသိမ်မွေ့တဲ့ အမျိုးသားရေးဆိုင်ရာ စိန်ခေါ်မှုတွေကို တွေ့ဆုံညှိနှိုင်းမှုကြောင့် အမျိုးသားသွေးစည်းညီညွတ်ရေးရရှိခဲ့တဲ့ နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့ဖြစ်ပါတယ်၊ လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတို့အပေါ်မှာအခြေခံပြီး စိတ်ရှည်၊ ဇွဲရှိ၊ သည်းခံမှုများနဲ့ စိတ်တူသဘောတူလက်မှတ်ရေးထိုးခဲ့ကြတဲ့ ပင်လုံစာချုပ်၊ ပင်လုံစိတ်ဓာတ်နဲ့ပတ်သက်လို့ လူထုခေါင်းဆောင်၊ ဒေါ်အောင်ဆန်းစုကြည်က "ဒီမိုကရေစီနည်းကျတဲ့ဆွေးနွေးတိုင်ပင်အဖြေရှာမှုနဲ့သာ ပင်လုံစိတ်ဓာတ်ရှင်သန်စေပြီး စစ်မှန်တဲ့ ဒီမိုကရေစီပြည်ထောင်စုတစ်ရပ် တည်ထောင်နိုင်မှာဖြစ်ပါတယ်" လို့ ညွှန်းဆိုခဲ့ပါတယ်" ဟု ပြောကြားသည်။

ဆက်လက်၍ "ထို့အတူပါပဲ လွတ်လပ်ရေးဗိသုကာကြီး၊ အမျိုးသားခေါင်းဆောင်ကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း "တစ်တိုင်းပြည်လုံးကြီးပွားစေချင်ရင်၊ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား ကွဲကွဲပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး၊ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်" လို့ သတိပေးတိုက်တွန်းခဲ့ပါတယ်၊ ဒီကနေ့ ကျွန်ုပ်တို့ဟာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံသို့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားမျိုးနွယ်စုများ၊ နိုင်ငံရေးပါတီများ၊ ပြည်သူလူထု အပေါင်းနဲ့အတူ တူညီတဲ့မျှော်လင့်မှုများနဲ့ တစ်ခဲနက် ချီတက်လျက်ရှိပါတယ်၊ ၂၀ ရာစု ပင်လုံစိတ်ဓာတ်က တိုင်းရင်းသား သွေးစည်းညီညွတ်ရေးနဲ့ အမျိုးသားလွတ်လပ်ရေးကို ဦးတည်သလို၊ ယနေ့(၂၁) ရာစုပင်လုံစိတ်ဓာတ်က ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ဒီမို ကရေစီ ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးကို ဦးတည်ပါတယ်၊ ဒါ့ကြောင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်




အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နာယက သူရ ဦးတင်ဦး မိန့်ခွန်းပြောကြားစဉ်

အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီးများ အမြော်အမြင်ရှိရှိ အုတ်မြစ်ချခဲ့တဲ့ပင်လုံစိတ်ဓာတ်ကို ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် လက်ဆင့်ကမ်းတဲ့အနေနဲ့ ကျေးဇူးဆပ်တဲ့အနေနဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကိုအခြေခံပြီး မိမိနိုင်ငံကို ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာရှိတဲ့ ၊ ချမ်းသာကြွယ်ဝတဲ့ ပြည်သူလူထုအားလုံး ကိုယ်ရောစိတ်ပါ လုံခြုံဘေးကင်းမှုရှိတဲ့ ဝန်းကျင်သစ်တစ်ခုအဖြစ် ကြိုးပမ်းဆောင်ရွက်ကြပါစို့၊ မကြာခင် ဒုတိယအကြိမ်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံကို လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုကြပါစို့ " ဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် အခမ်းအနားတွင် နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့နှင့် ပတ်သက်၍ အချက် ခြောက်ချက်ပါသော ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည့်အပြင် အခမ်းအနားသို့ ပေးပို့လာသောသဝဏ်လွှာများကို မှတ်တမ်းတင်သည်။

အခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ နာယက၊ အဖွဲ့ဝင်များနှင့် ပါတီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ရှိ သံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဝါရင့်နိုင်ငံရေးသမားများ ၊ အရပ်ဘက် အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

# ရန်ကုန်မြို့၌ မွန်အမျိုးသားနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**




**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသည့် အကြိမ်(၇၀)မြောက် မွန် အမျိုးသားနေ့အခမ်းအနားကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ကျင်းပရေးကော်မတီဥက္ကဋ္ဌ နိုင်ဖေတင်၊ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်မိကွန်ချစ်ချစ်တို့က အကြိမ်(၇၀)မြောက် မွန်အမျိုးသားနေ့ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

"ကျွန်တော်တို့ ဒီနေ့မွန်အမျိုးသားနေ့ကတော့ ရိုးရာဓလေ့နဲ့စာပေကို ဖော်ကျူးပြသတဲ့ အခမ်းအနားဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်မှာတော့ မွန်ရိုးရာယိမ်းအကနဲ့ မွန်ရိုးရာ လက်ထပ်ထိမ်းမြားခြင်းစတဲ့ မွန်လူမျိုးတို့ရဲ့စရိုက်လက္ခဏာကို ထင်ဟပ်ပေါ်လွင်အောင် ဖော်ကျူးပြသတာ ဖြစ်ပါတယ်။ ဒါ့အပြင် မွန်လူမျိုးတွေရဲ့ စာပေနဲ့ယဉ်ကျေးမှုတွေကို အခုခေတ်လူငယ်လူရွယ်တွေ ထိန်းသိမ်းတတ်ဖို့၊ ဖက်ဒရယ်ပြည်ထောင်စုကြီး ထူထောင်တဲ့နေရာမှာ တိုင်းရင်းသားအားလုံးနဲ့ လက်တွဲဆောင်ရွက်ဖို့ စတဲ့ရည်ရွယ်ချက်တွေနဲ့ မွန်အမျိုးသားနေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပရတာဖြစ်ပါတယ်"ဟု ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်စိုးကြည်က ပြောကြားသည်။

မွန်တိုင်းရင်းသားအစည်းအရုံး ပထမအကြိမ် အမျိုးသားညီလာခံတစ်ရပ်ကို ၁၉၄၆ ခုနှစ်အကုန်က (ယခင်ကျိုက္ခမီမြို့နယ်)ယခုသံဖြူဇရပ်မြို့နယ် ပရွှာ၌ ကျင်းပခဲ့ကြောင်း၊ ယင်းညီလာခံသို့ မွန်အမျိုးသား ထောင်ပေါင်းများစွာ တက်ရောက်ခဲ့ကြောင်း၊ ယင်းညီလာခံ၏ အဓိကအရေးကြီးသော ဆုံးဖြတ်ချက်များမှ အမှတ်စဉ်(၁)တွင် သာသနာသက္ကရာဇ် ၁၁၁၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်နေ့သည် သမလ၊ ဝိမလညီနောင်နှစ်ပါး ဟံသာဝတီပဲခူးမြို့ကို စတင်တည်ထောင်သည့်နေ့ကိုယူပြီး တပို့တွဲ လပြည့်ကျော် ၁ ရက်နေ့ကို မွန်အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း သမိုင်းများ အရ သိရသည်။

ရန်ကုန်မြို့တွင် မွန်အမျိုးသားနေ့ကို ကျိုက်သီမွန်ပါဠိတက္ကသိုလ်ဆရာတော် ဦးကုသလ၏ဦးဆောင်မှုဖြင့် စတင်ကျင်းပခဲ့ရာ အခြားသောမွန်ကျောင်းများ၌လည်း နှစ်စဉ်ကျင်းပနေရာမှ သက္ကရာဇ် ၁၉၇၃ ခုနှစ်(၂၆)ကြိမ်မြောက် မွန်အမျိုးသားနေ့မှစတင်ကာ ဆရာဝန်အသင်းတိုက်ရှိ သိမ်ဖြူကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း၊ ၁၉၉၃ ခုနှစ်တွင်(၄၆)ကြိမ်မြောက် မွန်အမျိုးသားနေ့ကို ပဒုမ္မာကဇာတ်ရုံ၌ ကျင်းပခဲ့ပြီး (၆၅)ကြိမ်မှစတင်ကာ ယခုအကြိမ်(၇၀) အထိ ပြည်သူ့ဥယျာဉ်၌ ကျင်းပခဲ့ ကြောင်း သိရသည်။ ယခု မွန်အမျိုးသားနေ့သို့ ပြည်သူ ၄၀၀၀၀ နီးပါး တက်ရောက်ခဲ့ကြောင်း သိရသည်။

# ဖြူစင်မေတ္တာ လူမှုကူညီရေးအသင်း နှစ်လည်အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက်လုံးဆိုင်ရာ ဖြူစင်မေတ္တာ လူမှုကူညီရေးအသင်း၏(၅) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက (၈)ရပ်ကွက် စက္ကဝတ်လမ်းရှိ အသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးသောင်းတင်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ သန်းဝင်းတို့က အမှာစကားပြောကြားကြပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ဥပဒေအကြံပေး ဦးကိုနီလုပ်ကြံခံရမှုတွင် တရားခံအားဖမ်းဆီးရာတွင် ပါဝင်ကူညီခဲ့သော ၈၂/ရပ်ကွက်နေ တက္ကစီယာဉ်မောင်း ဦးကျော်ဦးအား အသင်းနာယက ဦးမြင့်သိန်းက ဂုဏ်ပြုငွေကျပ် နှစ်သိန်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်က ချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနား အစီအစဉ်များကို ဆက်လက်ကျင်းပခဲ့သည်။

**(သတင်းစဉ်)**

စာပေမြင့်မှ
လူမျိုးတင့်မည်

❐ *ကျော့ဖုံးမှ*

နံနက် ၇ နာရီတွင် နိုင်ငံတော်အလံအလေးပြုခြင်းအခမ်းအနားကိုကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ယင်းနောက် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြည်ထောင်စုနေ့အခမ်းအနားကျင်းပသည့် မြို့တော်ခန်းမ ဥပစာရင်ပြင်ရှိ စင်မြင့်ပေါ်၌နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ဒုတိယသမ္မတ ဦးမြင့်ဆွေကဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်တရားသူကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

● *ကျော့ဖုံးမှ*

ခေါင်းဆောင်များသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံညီလာခံကြီးကိုကျင်းပခဲ့ပြီး တိုင်းရင်းသားအားလုံး တညီတညွတ်တည်း လွတ်လပ်ရေးတောင်းဆိုရန် ကတိပြုလက်မှတ်ရေးထိုးခဲ့ကြောင်း၊ ပင်လုံညီလာခံ၏ အနှစ်သာရသည် တိုင်းရင်းသားအားလုံး တစည်းတလုံးတည်း အတူတကွ လွတ်လပ်ရေးရရှိရေးပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး၏ သွေးစည်းညီညွတ်မှုကို အခိုင်အမာဖော်ကျူးပြသနိုင်ခဲ့သော ယနေ့အချိန်အခါသည် ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့သည် မှာ နှစ်(၇၀)မြောက်ခဲ့ပြီဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

နံနက်စောစောပိုင်းတွင် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရာ မဟာဗန္ဓုလပန်းခြံအတွင်း ရောင်စုံမီးပန်းများ၊ ရေပန်းများဖြင့် အလှပဆုံးဖြစ်အောင် စီစဉ်ထားသည်ကိုလည်း တွေ့ရသည်။ အရှေ့ဘက်တွင် မောနွေလဘုရားကျောင်း၊ မြောက်ဘက်တွင် ခမ်းနားထည်ဝါလှသော မြို့တော်ခန်းမ၊ အနောက်မြောက်ဘက်တွင် ရွှေရောင်တဖိတ်ဖိတ်တောက်ပနေသော ဆူးလေစေတီတော်တို့နှင့်အတူ မဟာဗန္ဓုလပန်းခြံအလယ်တည့်တည့် ရှိ လွတ်လပ်ရေးကျောက်တိုင်ကြီးကို မားမားမတ်မတ်လှပခံ့ညားစွာ တွေ့ရသည်။ တက်ရောက်လာသူအားလုံးက လွတ်လပ်ရေးကျောက်တိုင်ကြီးကို တူရှုပြုလျက် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း စည်းလုံးညီညွတ်ရေးစိတ်ဓာတ်ကို အပြည့်အဝ ဖော်ကျူးပြသနိုင်ခဲ့သည်ကိုလည်း တွေ့ရသည်။

# ပြည်သူတွေပြောတဲ့ ပြည်ထောင်စုနေ့

**တွေ့ဆုံမေးမြန်း - ရဲမျိုးညီ**
**ဓာတ်ပုံ - ဖိုးထောင်**

**ပင်လုံ ဖေဖော်ဝါရီ ၁၂**

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်း လမ်းဆုံရာ လဲချားစော်ဘွား၏ နယ်အတွင်းရှိ ပင်လုံမြို့၌ သမိုင်းဝင်ပင်လုံစာချုပ်ကို တိုင်းရင်းသားကိုယ်စားလှယ် ၂၃ ဦးတို့က လက်မှတ်ရေးထိုးခဲ့သည်။ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခြင်းသည် ခွင့်တူညီမျှ တစ်လုံးတစ်စည်းတည်း နေထိုင်ကြတော့မည်ဟူသော သန္နိဋ္ဌာန်ပင်ဖြစ်သည်။

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ပင်လုံစာချုပ်ချုပ်ဆိုခဲ့သည့် ပင်လုံမြို့၌ ပြည်ထောင်စုအဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး အဆိုပါအခမ်းအနားသို့ တက်ရောက်လာသည့် တိုင်းရင်းသားပြည်သူများ၏ ပြည်ထောင်စုနေ့အပေါ် ခံယူချက်များကို တွေ့ဆုံမေးမြန်းခဲ့သည်။


ဦးမောင်ထီး


ကိုကျော်မင်းဦး


ကိုသိန်းမင်းနိုင်


ချစ်မိုးဦး


စိုင်းဝမ်စစ်


ဒေါ်ဇင်ဇင်မြင့်


မဟန်နီလွင်မိုး


မရည်ဦး


ကိုအောင်ကျော်ကျော်

**ဦးမောင်ထီး(တောင်ရိုးလူမျိုး- ပင်လုံမြို့)**

“ကျွန်တော်တို့ တိုင်းရင်းသား ညီအစ်ကို မောင်နှမတွေအနေနဲ့က ဒီပင်လုံဇာတိဆိုတော့ ဒီပြည်ထောင်စုနေ့ပွဲမှာ ပင်လုံမြေဆိုတဲ့ သီချင်းလေးနဲ့ တောင်ရိုး ရိုးရာအကနဲ့ ကပြဖျော်ဖြေသွားဖို့ စီစဉ်ထားပါတယ်။ အရင်တုန်းက စာပေမရှိသေးတော့ ယဉ်ကျေးမှုအနေနဲ့ကို နှစ်တိုင်းပဲ ဝင်ကခဲ့ပါတယ်။ ကျွန်တော်တို့ ဒီပင်လုံမြို့မှာကျတော့ စာပေနဲ့ ယဉ်ကျေးမှုအဖွဲ့ ငါးဖွဲ့ရှိတယ်။ ကျွန်တော်တို့ မြို့နယ်အခမ်းအနားတွေ ပွဲတွေမှာ တောင်ရိုးစာပေနဲ့ ယဉ်ကျေးမှုအဖွဲ့က ပူးပေါင်းပါဝင်ပါတယ်။ ကိုယ့်ရိုးရာအဖွဲ့ ကိုယ့်ဝတ်စုံလေးနဲ့ပေါ့။ အခု ပြည်ထောင်စုနေ့က နှစ် ၇၀ ပြည့်ပြီဆိုတော့ ကိုယ့်တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေနဲ့ စည်စည်ကားကားလေး ဖြစ်ချင်တာပေါ့။ ဒီကျောက်တိုင်က တိုင်းရင်းသားပေါင်းစုံ လက်မှတ်ထိုးခဲ့တာဆိုတော့ ကျွန်တော်တို့ အနီးအနားမှာရှိတဲ့အတွက် တောင်ရိုးလူမျိုးအနေနဲ့ ဂုဏ်ယူပါတယ်”

**ကိုကျော်မင်းဦး**
**(အင်းသားလူမျိုး- အင်းလေး)**

“တောင်တန်းနဲ့ ပြည်မပေါင်းစည်းပြီးတော့ လွတ်လပ်ရေးရယူဖို့အတွက် တိုင်းရင်းသားတွေအားလုံး ဒီနေရာမှာပဲ လက်မှတ်ရေးထိုးခဲ့ကြတယ်။ အရင်နှစ်ပြည်ထောင်စုနေ့တွေတုန်းက ဒီပင်လုံကို ကျွန်တော်တို့ မရောက်ဘူး။ ဒီနှစ်ကတော့ အင်းသားလူမျိုး ကိုယ်စားပြုအနေနဲ့ တက်ရောက်လာတာပါ။ ပြည်ထောင်စုနေ့ဆိုတာ စည်းလုံးညီညွတ်ခြင်းရဲ့ အဓိပ္ပာယ်ပေါ့။

**ကိုသိန်းမင်းနိုင်(ဓနုလူမျိုး)**

“ပြည်ထောင်စုနေ့ဆိုတာကို တိုင်းရင်းသားတွေ တစ်စုတစ်စည်းတည်း အားလုံးပါဝင်တဲ့နေ့လို့ ခံယူထားပါတယ်။ အရင်နှစ်တွေထက် ဒီနှစ်ကတော့ ပိုစည်ကားတာပေါ့။ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လာတယ်ဆိုလို့ ပိုဝမ်းသာတယ်၊ ဝမ်းမြောက်တယ်။

**ချစ်မိုးဦး (ဗမာ - မန္တလေးမြို့)**

“တိုင်းရင်းသားတွေ အားလုံး စည်းလုံးညီညွတ်ဖို့ ဒီနေရာမှာ လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုနေ့ကို သတ်မှတ်နိုင်ခဲ့တာပေါ့။ အခု နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် လာမယ်ဆိုလို့ လာကြည့်တာပါ။ တစ်ခါမှလည်း မတွေ့ဖူးပါဘူး။ TV မှာပဲ တွေ့ဖူးတာကို အခု ကိုယ်တိုင်တွေ့ချင်လို့ လာကြည့်တာပါ”

**စိုင်းဝမ်စစ်(ရှမ်းတိုင်းရင်းသား- ပင်လုံမြို့)**

“ပြည်ထောင်စုနေ့ ဘယ်လိုဖြစ်ပေါ်လာသလဲဆိုတော့ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ တိုင်းရင်းသားခေါင်းဆောင်တွေ လက်မှတ်ရေးထိုးခဲ့ကြလို့ ဒီပြည်ထောင်စုနေ့ဖြစ်ပေါ်လာတယ်။ ဒါပေမယ့် လက်မှတ်သာထိုးနိုင်ခဲ့တယ်။ အနှစ်သာရကို အခုထိ မဖော်ဆောင်နိုင်သေးတဲ့အတွက် ဒီငြိမ်းချမ်းရေးက အလှမ်းဝေးနေတယ်လို့ ထင်တယ်။ ဒါပေမယ့် အခု ဒီနောက်ပိုင်း နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်လာတဲ့နောက်ပိုင်းမှာ အခု ပင်လုံညီလာခံလည်း လုပ်နေတယ်။ အဲဒီနေရာမှာ ကျွန်တော် ပြောချင်တာက အခု အပစ်အခတ်မရပ်စဲတဲ့ တိုင်းရင်းသားတွေကိုလည်း လက်တွဲခေါ်သင့်တယ်လို့ ကျွန်တော်မြင်တယ်။ တောင်းဆိုချင်ပါတယ်။ အခု ဒီနှစ်က နှစ်(၇၀) မြောက်ပေါ့နော်။ နှစ်(၇၀)မှာမှ ပြည်ထောင်စုအဆင့်က ဒါပထမဆုံး အကြိမ် ဖြစ်တယ်ပေါ့”

**မဟန်နီလွင်မိုး**

“ ပြည်ထောင်စုနေ့ဆိုတာ မြန်မာတစ်နိုင်ငံလုံးလေးစားကြတဲ့နေ့၊ နောက် ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ တိုင်းရင်းသားတွေအားလုံး လွတ်လပ်ရေးကို ရယူကြဖို့ လက်မှတ်ရေးထိုးကြတဲ့နေ့ပေါ့။ အရင်နှစ်တွေတုန်းကလည်း ကျောင်းသားအနေနဲ့ တက်ပါတယ်။ အရင်နှစ်တွေတုန်းက ဒီလို TV တွေမှာ တိုက်ရိုက်လွှင့်တာတွေလည်း မရှိဘူး။ ပြီးတော့ ဒီနှစ်မှာ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံကိုယ်တိုင် လာတယ်ဆိုလို့ ဝမ်းသာတယ်”

**ဒေါ်ဇင်ဇင်မြင့်(ကထိက- သမိုင်းဌာန)**
**ပင်လုံတက္ကသိုလ်**

“ပြည်ထောင်စုနေ့ဆိုတာ ဒီမြန်မာနိုင်ငံမှာနေထိုင်တဲ့ တိုင်းရင်းသားတွေ အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ လွတ်လပ်ရေးကိုရအောင် လုပ်ခဲ့တဲ့ နေ့တစ်နေ့လို့ ကျွန်မတို့က မြင်တယ်။ ပထမဆုံးအကြိမ် ပင်လုံကို ရောက်တဲ့အချိန်မှာ အခုလိုမျိုး ဒီနေရာမှာ တက်ရတဲ့အတွက်လည်း အလွန်ကို ဝမ်းသာပါတယ်။ မြန်မာနိုင်ငံမှာရှိနေတဲ့ တိုင်းရင်းသားတွေထဲမှာ ရှမ်းပြည်နယ်က အကြီးဆုံးပဲလေ။ အခု ဒီရှမ်းပြည်နယ်ထဲက ပင်လုံမှာ ကချင်၊ ကရင်၊ ရှမ်း၊ မွန် အကုန်လုံးလာပြီး တက်ရတဲ့အတွက် ကြောင့်မို့ သူတို့ ပျော်ရွှင်နေတယ်လို့ ကျွန်မထင်ပါတယ်”

**မရည်ဦး(ကိုးကန့်လူမျိုး- ကိုးကန့် စာပေနှင့် ယဉ်ကျေးမှုအဖွဲ့)**

“ပြည်ထောင်စုနေ့ကို တိုင်းရင်းသားတွေအားလုံး စုပေါင်းတဲ့နေ့၊ ငြိမ်းချမ်းရေးကိုအရယူတဲ့နေ့လို့ ကျွန်မမြင်ပါတယ်။ အခုလို ပြည်ထောင်စုအဆင့် ကျင်းပတဲ့ပွဲကိုပထမဆုံးအကြိမ် တက်ခွင့်ရလို့လည်း ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ နောက် တိုင်းပြည်ငြိမ်းချမ်းမှုပဲ တိုးတက်အောင်မြင်မယ်လို့ နားလည် ထားပါတယ်ရှင့်”

**ကိုအောင်ကျော်ကျော်**
**(ရှမ်းတိုင်းရင်းသား) ပင်လုံကွန်ပျူတာတက္ကသိုလ် ကျောင်းသား**

“ပြည်ထောင်စုနေ့ကို လန်ဒန်ဆွေးနွေးပွဲကနေ တောင်တန်းဒေသနဲ့ ပြည်မ တစ်ပေါင်းတစ်စည်းတည်း လွတ်လပ်ရေးရယူဖို့ ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလမှာ ပင်လုံညီလာခံကို ကျင်းပခဲ့တယ်။ ဗိုလ်ချုပ်နဲ့အတူ လွတ်လပ်ရေးကိုအရယူဖို့ တိုင်းရင်းသားတွေကလည်း သဘောတူခဲ့တယ်ပေါ့။ ကျွန်တော် ပြည်ထောင်စုနေ့ ညီလာခံကို တက်တာ နှစ်နှစ်ရှိပါပြီ။ မနှစ်တုန်းကတော့ သမ္မတကြီးပို့ပေးတဲ့ သဝဏ်လွှာကိုပဲ ဖတ်ပြီး ပြည်သူလူထုတွေ ကိုယ်ထူကိုယ်ထနဲ့ပဲ ပြီးသွားတာပေါ့။ ဒီနှစ်ကျတော့ တိုင်းရင်းသားငြိမ်းချမ်းရေးစကားဝိုင်းလည်းရှိတယ်။ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်လည်း တက်တယ်ဆိုတော့ ဒီဘက်နယ်က လိုအပ်ချက်တွေကိုလည်း သိသွားမှာပေါ့။ ငြိမ်းချမ်းရေးဆိုရင်လည်း ကျွန်တော်တို့ မိုင်းရှူးက မငြိမ်းချမ်းဘူးလေ။ အဲဒီဘက်မှာက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေလည်းရှိတယ်ဆိုတော့ သူတို့လည်း ငြိမ်းချမ်းရေးထဲမှာ ပါလာမယ်လို့ ထင်တာပဲ”

## နိုင်ငံတစ်ဝန်း နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားများကျင်းပ

**လွိုင်ကော်**

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီက ကယားပြည်နယ် လွိုင်ကော်မြို့ကန္ဒာဟောဝန်ပန်းခြံရှိ ကျောက်သားရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ၊ အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းကို အလေးပြုကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ဖတ်ကြားသည်။ အဆိုပါ အခမ်းအနားသို့ တိုင်းရင်းသားပြည်သူ ၂၀၀၀ ကျော် တက်ရောက်ကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

**ရွှေကူ**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့၌ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ရွှေကူမြို့ မြို့တော်ခန်းမ၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ကျင်းပခဲ့သည်။ ရှေးဦးစွာ နိုင်ငံတော်အလံကို အလေးပြုကာ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြပြီးနောက် နိုင်ငံတော်သမ္မတပေးပို့သော နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းချစ်က ဖတ်ကြားပေးခဲ့ပြီး ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲတွင် ဆုရရှိသော အားကစားသမားများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးခဲ့ကြသည်။ **နေလင်းအောင်(ရွှေကူ)**

**ကော့သောင်း**

နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ကော့သောင်းမြို့ပြည်ထောင်စုကျောက်တိုင်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းကို အလေးပြုသည်။ ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်က ဖတ်ကြားခဲ့ကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း )**

**သထုံ**

မွန်ပြည်နယ် သထုံမြို့နယ်၏ ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက သထုံမြို့မအားကစားကွင်း အတွင်း၌ ကျင်းပသည်။ အခမ်းအနားတွင် နိုင်ငံတော်အလံကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဂုဏ်ပြုတပ်ဖွဲ့နှင့် တက်ရောက်လာသူများက စုပေါင်းအလေးပြုကြကာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှပေးပို့သော သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ဖတ်ကြားသည်။ အဆိုပါ အခမ်းအနားသို့ သထုံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူ၁၀၀၀ ကျော်ခန့်တက်ရောက်ခဲ့ကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို လိုက်လံဝေငှပေးခဲ့သည်။ **သက်ဦး(သထုံ)**


နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်နံနက်က ပေါက်ခေါင်းမြို့၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဌေး ဖတ်ကြားစဉ် (မြို့နယ် ပြန်/ဆက်)

# ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

**ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် သုတေသနမှူး ဦးစိုင်းထွန်းအေးက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၁၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



မိုင်ဆွန်ခ။ အားလုံးမင်္ဂလာအပေါင်းနဲ့ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာပထမ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် သုတေသနမှူး ဦးစိုင်းထွန်းအေးဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံကို ငြိမ်းချမ်းသာယာဝပြောတဲ့ ဖက်ဒရယ်ပြည်ထောင်စုအဖြစ်တည်ဆောက်ကြတဲ့အခါမှာ အထောက်အကူဖြစ်စေဖို့နဲ့ လက်ရှိကာလ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ် တည်ငြိမ် ချောမွေ့စေဖို့အတွက် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒတွေကို တင်ပြသွားမှာဖြစ်ပါတယ်။

**လေးစားအပ်တဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမ မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျား**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူယှဉ်တွဲနေထိုင်လျက်ရှိတဲ့ တိုင်းပြည်တစ်ခုဖြစ်ပါတယ်။ ပြည်ထောင်စုကြီးတစ်ခုလုံးရဲ့လွတ်လပ်ရေး၊ အချုပ်အခြာတည်တံ့ခိုင်မြဲရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို တိုင်းရင်းသားလူမျိုးတွေရဲ့ ညီညွတ်မှုအင်အားနဲ့သာလျှင် ထိန်းသိမ်းဖော်ဆောင်နိုင်မယ်လို့ ကျွန်တော်တို့က စွဲမြဲစွာယုံကြည်ထားပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ တိုင်းရင်းသားမျိုးနွယ်စုတွေ စုပေါင်းနေထိုင်လျက်ရှိတဲ့ တိုင်းပြည်တစ်ခုဖြစ်တာနဲ့အညီ တန်းတူညီမျှရေး သဘောတရားဟာလည်းပဲ မရှိမဖြစ်လိုအပ်တဲ့အခြေခံသဘောတရားတစ်ရပ်ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော့်အနေနဲ့ SNLD ပါတီရဲ့မူဝါဒကို မဲဆန္ဒရှင်မိဘပြည်သူတွေသိဖို့ အနည်းငယ်ရှင်းပြချင်ပါတယ်။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD ပါတီဟာ ရှမ်းပြည်နယ်ကို အခြေခံပြီး ဖွဲ့စည်းတည်ထောင်ထားတဲ့ ပြည်ထောင်စုပါတီတစ်ခုဖြစ်ပါတယ်။ စတင်ထူထောင်ခဲ့တဲ့ ၁၉၈၈ ခုနှစ်ကတည်းက ယနေ့ကာလထိတိုင် အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ကျရာကဏ္ဍတိုင်းမှာ မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

SNLD ဟာ ရှမ်းအမျိုးသားတို့ရဲ့ သမိုင်းမှာ ရင့်ကျက်တဲ့၊ တည်ငြိမ်တဲ့၊ ရိုးသားတဲ့နိုင်ငံရေးပါတီတစ်ရပ်အဖြစ် ရပ်တည်ခဲ့တဲ့ ပါတီတစ်ခုလည်း ဖြစ်ပါတယ်။ အထူးသဖြင့် စတင်အခြေတည်စဉ်ကတည်းက ချမှတ်ခဲ့တဲ့ ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေး၊ တန်းတူညီမျှရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးစတဲ့ တာဝန်တွေကို မပြောင်းမလဲ၊ မယိမ်းမယိုင်၊ ခိုင်ခိုင်မြဲမြဲ လက်ကိုင်စွဲပြီးနှစ်ပေါင်းများစွာ ကြံ့ကြံ့ခံရပ်တည်လာနိုင်ခဲ့ခြင်းဟာ ထင်ရှားတဲ့သက်သေဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီရဲ့ မူဝါဒကတော့ ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်အပေါ်မှာ အခြေခံထားပါတယ်။ ပင်လုံကတိကဝတ်အတိုင်း တိုင်းရင်းသားတွေ လိုလားတဲ့ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးကို တောင်းဆိုတိုက်ပွဲဝင်လျက်ရှိပါတယ်။

အမျိုးသားတန်းတူရေးဆိုတာက ဗမာတစ်ကျပ်ရသလို ရှမ်းလည်းတစ်ကျပ်ရရမယ်။ ဗမာက သမ္မတဖြစ်ခွင့်ရှိသလို အဲဒီအခွင့်အရေးမျိုး ရှမ်းမှာလည်း ရှိရမယ်။ ကချင်၊ ကရင်၊ မွန်မှာလည်းရှိရမယ်။ ဗမာတစ်ယောက်က စစ်ရေးတော်လို့ ကာကွယ်ရေးဦးစီးချုပ်လုပ်နိုင်သလို ရှမ်းကလည်းစစ်တိုက်တော်တဲ့သူဖြစ်ရင်ကာကွယ်ရေးဦးစီးချုပ်တက်လုပ်နိုင်ရမယ်။ ဘယ်လူမျိုးမဆို တော်ရင်တော်တဲ့အလျောက် နေရာရှိရမယ်။ အခွင့်အရေးတန်းတူ ရှိစေရမယ်။ ဘယ်သူကမှ သခင်မဟုတ်ဘူး။ ဘယ်သူမှ ကျွန်မဟုတ်ဘူး။ ဒါကိုအမျိုးသားတန်းတူရေးလို့ နားလည်ထားပါတယ်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဆိုတာကတော့ ရှမ်းလူမျိုးတွေနေတဲ့နေရာမှာ ရှမ်းတွေက အုပ်ချုပ်ရမယ်။ ရှမ်းလူမျိုးတွေကပဲ ဥပဒေပြဋ္ဌာန်းပြီး ကိုယ်ရဲ့ရပိုင်ခွင့်ကို ကိုယ်တိုင်ကာကွယ်ပိုင်ခွင့်ရှိရမယ်။ ထိုနည်းလည်းကောင်းပဲ ဗမာလည်း ဗမာအလျောက်၊ ရခိုင်လည်းရခိုင်အလျောက် ကိုယ့်ရဲ့အခွင့်အရေးကို ကိုယ်ကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရမယ်။ ဒါဟာ ပင်လုံစာချုပ်ထဲမှာပါတဲ့ ပင်လုံကတိကဝတ်နဲ့ဆိုင်တဲ့အနှစ်သာရတွေပဲ ဖြစ်ပါတယ်။

တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် နေထိုင်နိုင်ရေးဟာ ကျင့်သုံးတဲ့နိုင်ငံရေးစနစ်အပေါ်မှာ အခြေခံပါတယ်။ SNLD ပါတီရဲ့ နိုင်ငံရေးမူဝါဒထဲမှာ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ဖို့ဆိုတာ ပါပါတယ်။ ဖက်ဒရယ်စနစ်ဟာ နိုင်ငံ အတွင်းမှာရှိတဲ့ မတူကွဲပြားခြားနားတဲ့ ယဉ်ကျေးမှု၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှုစတာတွေကို အသိအမှတ်ပြုတဲ့စနစ်ဖြစ်ပါတယ်။ **နိုင်ငံတစ်ခုအတွင်းမှာရှိတဲ့ လူမျိုးရေးပြဿနာတွေကို ဖြေရှင်းတဲ့နေရာမှာ ဖက်ဒရယ်စနစ်ကသာ အထိရောက်ဆုံး ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။** ဖက်ဒရယ်စနစ်ဟာ သမိုင်းကြောင်းအရ သီးခြားဝိသေသလက္ခဏာရှိတဲ့နယ်မြေဒေသတစ်ခုနဲ့ တစ်ခုအကြား၊ လူမျိုးတစ်မျိုးနှင့် တစ်မျိုးအကြား အပြန်အလှန်နားလည်ယုံကြည်လက်ခံကြပြီး အတူတကွ တိုင်းပြည်တစ်ခုအဖြစ် ဖွဲ့စည်းနေထိုင်ကြမယ်ဆိုတဲ့ အတွေးအမြင် အယူအဆတစ်ခုဖြစ်ပါတယ်။

ဒါကြောင့် တိုင်းရင်းသားအချင်းချင်း တစ်ဦးနဲ့တစ်ဦး၊ လူမျိုးတစ်မျိုးနဲ့တစ်မျိုးအကြား အပြန် အလှန်လေးစားမှု၊ အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်အသိအမှတ်ပြုမှုသာ ငြိမ်းချမ်းတဲ့ ပြည်ထောင်စုကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ အေးအတူပူအမျှ လက်တွဲနေထိုင်နိုင်မှာ ဖြစ်ပါတယ်။ ဗမာလူမျိုးကလည်း ရှမ်းလူမျိုးကို လေးစားသလို ရှမ်းလူမျိုးကလည်း ကချင်လူမျိုးကို လေးစားရမယ်။ ဒါမှသာလျှင် ငြိမ်းချမ်းတဲ့ ပြည်ထောင်စုအဖြစ် ထာဝရတည်တံ့နိုင်မှာ ဖြစ်ပါတယ်။

တစ်ဦးပေါ်တစ်ဦး အနိုင်ကျင့်နေမယ်၊ တစ်ဦးပေါ်တစ်ဦး ဗိုလ်ကျစိုးမိုးနေမယ်၊ အားကြီးတဲ့သူက အားနည်းတဲ့သူကို အနိုင်ကျင့်မယ်၊ ပညာအရာမြင့်မားသူ၊ စီးပွားဥစ္စာပြည့်စုံသူက နိမ့်ကျသူကို အမြတ်ထုတ်နေမယ်ဆိုရင် ဘယ်လိုမှ ငြိမ်းချမ်းသာယာတဲ့ ပြည်ထောင်စုကို တည်ဆောက်နိုင်မှာ မဟုတ်ပါဘူး။ တစ်ဦးရဲ့အခွင့်အရေးကို တစ်ဦးက စော်ကားအမြတ်ထုတ်တဲ့အခါ တစ်ဦးကလည်း သူ့ရဲ့အခွင့်အရေးတွေကို ကာကွယ်ဖို့လုပ်ရင်းနဲ့ စစ်ပွဲတွေပဋိပက္ခတွေပေါ်ပေါက်လာခဲ့ရတာ သမိုင်းစာမျက်နှာမှာ ထင်ရှားလာခဲ့ပြီးဖြစ်ပါတယ်။ လုံကိုလုံ့ချင်း ဓားစားချင်းဖြေရှင်းခဲ့ကြသလို နှစ်ပေါင်း ၆၀၊ ၇၀ ကြာလာပေမယ့်လည်း ဘယ်သူကမှ အနိုင်မရခဲ့ကြပါဘူး။ ရှမ်းစကားပုံတစ်ခုလိုပါပဲ။ ခွေးကသန်းကိုကိုက်ပေမယ့်လည်း သန်းမသေသွားဘူး။ သန်းက ခွေးကို အမြဲကိုက်နေသော်လည်း ခွေးကသေမသွားပါဘူး။

ကြားထဲက ဒုက္ခခံရတာကတော့ အပြစ်မဲ့ပြည်သူတွေနဲ့ ကလေးသူငယ်တွေပဲဖြစ်ပါတယ်။ စစ်ဘေးစစ်ဒဏ်ကြောင့် ဒုက္ခရောက်ရတယ်။ ကိုယ်လုပ်ကိုင်စားသောက်နေတဲ့ နယ်မြေဒေသကို စွန့်ခွာထွက်ပြေးကြရတယ်။ ဒါဟာအင်မတန်မှ ဝမ်းနည်းစရာကောင်းပါတယ်။ ဒါတွေဘာကြောင့်ဖြစ်ရသလဲ။ တစ်ဦးနဲ့တစ်ဦးတန်းတူမဆက်ဆံကြလို့ပါပဲ။ တန်းတူရေးကို အသိအမှတ်မပြုလို့ပါပဲ။ ဒါကြောင့် ဒီအခွင့်အရေးတွေ ရရှိဖို့အတွက် ဒီနေ့ထိတိုင် SNLD ပါတီက မရပ်မနားတိုက်ပွဲဝင်တောင်းဆိုနေခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့လိုချင်တဲ့ ပြည်ထောင်စုက တန်းတူတဲ့ပြည်ထောင်စု၊ အဲဒီပြည်ထောင်စုထဲမှာ ဗဟိုအစိုးရရှိသလို ပြည်နယ်အစိုးရလည်းရှိရမယ်။ ပြည်နယ်အစိုးရဟာ ကိုယ့်ပြည်နယ်ကို စီမံခန့်ခွဲပိုင်ခွင့်အပြည့်ရှိရမယ်။ ပြည်နယ်တွေမှာ ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေရှိရမယ်။ ပြည်နယ်အစိုးရလို့ဆိုပြီး စည်ပင်သာယာရုံးလောက်သာသာလုပ်ပိုင်ခွင့်ရှိတဲ့အဖြစ်မျိုး မဖြစ်စေရဘူး။ ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်တက်လုပ်မယ့်သူကလည်း ပြည်နယ်သားတွေရဲ့ ဆန္ဒအတိုင်းဖြစ်ရမယ်။ ဗဟိုအစိုးရက ခန့်လာတဲ့ပုံစံမျိုးမဖြစ်ရဘူး။ ဒါ့အပြင် ပြည်ထောင်စုလွှတ်တော်ရှိသလို ပြည်နယ်တွေမှာလည်း လွှတ်တော်တွေရှိရမယ်။ အဲဒီလွှတ်တော်ဟာလည်း ပြည်သူတွေက ရွေးချယ်တင်မြှောက်ခြင်းမခံရဘဲနဲ့ လာထိုင်နေတဲ့သူတွေပါတဲ့ လွှတ်တော်မျိုး မဖြစ်စေရဘူး။

ကျွန်တော်တို့လိုချင်တဲ့ အစိုးရက တာဝန်ယူမှုတာဝန်ခံမှုရှိတဲ့ အစိုးရမျိုးဖြစ်တယ်။ ကျွန်တော်တို့ဆီမှာ သစ်တောတွေရှိတယ်။ လာခုတ်သွားတယ်။ သတ္တုတွေရှိတယ်။ လာတူးသွားတယ်။ ကျောက်သံပတ္တမြားတွေ တွေ့တယ်။ လာဖော်သွားတယ်။ မြစ်ချောင်းတွေရှိတယ်။ တမံတွေဆောက်ပြီး လျှပ်စစ်တွေထုတ်တယ်။ သစ်တောတွေပြုန်း၊ သဘာဝပတ်ဝန်းကျင်တွေပျက်စီးကုန်တော့ ရာသီဥတုတွေဖောက်ပြန်တယ်။ ရွာတွေ ရွှေ့ပြောင်းရတယ်။ ရေတွေကြီးတယ်။ မြေတွေပြိုတယ်။ ဒီဒုက္ခတွေကို ဒေသခံတွေပဲ ခံစားရတယ်။ ကျောက်မျက်ရတနာ လုပ်ကွက်အသစ်တွေ ပေါ်လာတယ်။ ကုမ္ပဏီတွေကပဲ လက်ဝါးကြီးအုပ်ထားတယ်။ ဒေသခံတွေက မကုန်မချင်း ထိုင်ကြည့်နေရတယ်။ လျှပ်စစ်တွေ ထုတ်သွားတယ်။ သဘာဝဓာတ်ငွေ့ကို ပိုက်နဲ့သွယ်သွားတယ်။ အဲဒီဒေသတွေမှာ မီးမလင်းခဲ့ဘူး။ ဒီလိုတာဝန်မဲ့တဲ့ အစိုးရမျိုးကို ကျွန်တော်တို့ မလိုလားဘူး။

ကျွန်တော်တို့တည်ဆောက်လိုတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးဟာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးရဲ့ဘဝလုံခြုံမှုရှိစေဖို့အတွက် ဥပဒေရဲ့အကာအကွယ်ကို အပြည့်အဝခံစားနိုင်ရမယ်။ လူမှုအခြေခံအခွင့်အရေးတွေအပြည့်အဝရရှိစေရမယ်။ တိုင်းရင်းသားလူမျိုးအသီးသီးရဲ့စာပေ၊ ယဉ်ကျေးမှုနဲ့ရိုးရာဓလေ့တွေ မပျောက်ပျက်စေဖို့ထိန်းသိမ်းပေးရမယ်။ ဖွံ့ဖြိုးတိုးတက်စေဖို့ အလေးထားဆောင်ရွက်ပေးရမယ်။ ကိုယ်သင်ယူလိုက်တဲ့ပညာက ကိုယ့်ရဲ့အနာဂတ်ကို အာမခံချက်ပေးနိုင်တဲ့ပညာရေးမျိုးဖြစ်ရမယ်။ တောင်သူလယ်သမား၊ အလုပ်သမားတွေရဲ့ လူမှုဘဝအဆင့်အတန်းတွေကို တိုးတက်မြင့်မားအောင် ပံ့ပိုးဆောင်ရွက်ပေးရမယ်။ ပြည်သူ့ကျန်းမာရေးကို အလေးပေးပြီး ခေတ်မီဆေးရုံဆေးခန်းတွေမှာ အသက်သာဆုံးကုသနိုင်မယ့် အစီအစဉ်တွေကို ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

**လေးစားအပ်တဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမ မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား**

အမျိုးသားတန်းတူရေးကို အသိအမှတ်မပြုခြင်း၊ ဒီမိုကရေစီကင်းမဲ့ခြင်း၊ တစ်ပါတီအာဏာရှင်စနစ်ကြီးစိုးခြင်းတို့ဟာ စစ်မှန်တဲ့ပြည်ထောင်စုကို တည်ဆောက်တဲ့နေရာမှာ ကြီးမားတဲ့အဟန့်အတားများဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ပြည်ထောင် အချင်းချင်းစုပေါင်းထားတဲ့ ပြည်ထောင်စုတစ်ခုဖြစ်ပြီး တိုင်းရင်းသားလူမျိုးစုအသီးသီးအလိုက် မတူညီတဲ့ နောက်ခံသမိုင်းကြောင်း၊ ကွဲပြားတဲ့ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ခြားနားတဲ့ကိုးကွယ်ယုံကြည်မှုများရှိနေပါတယ်။ မတူကွဲပြားမှုကို အသိအမှတ်ပြုတဲ့ အစဉ်အလာကို ထူထောင်ပြီး အားကြီးသူက အားနည်းသူအပေါ် ဗိုလ်ကျစိုးမိုးတဲ့ အမူအကျင့်တွေကို ရုပ်သိမ်းနိုင်မှသာ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနဲ့ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအခြေခံကောင်းတွေ ပေါ်ထွန်းလာစေမှာဖြစ်ပါတယ်။

တန်းတူညီမျှတဲ့ ပြည်ထောင်စုကြီးကို တည်ဆောက်တဲ့နေရာမှာ မိမိလူမျိုးတစ်ခုတည်းရဲ့အကျိုးစီးပွားကိုသာ အလေးပေးရှေ့တန်းတင်ခြင်းဟာ အခြားသောလူမျိုးများရဲ့အကျိုးစီးပွားနဲ့ တိုးတိုက်မှုတွေဖြစ်ပေါ်စေပါတယ်။ မဟာလူမျိုးကြီးဝါဒကိုင်စွဲခြင်းကြောင့် တိုင်းရင်းသားလူမျိုးများရဲ့နိုင်ငံရေးတန်းတူမှုနဲ့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်များ ဆုံးရှုံးခဲ့ရပြီး အခြားတစ်ဖက်မှာ ကျဉ်းမြောင်းတဲ့အမျိုးသားရေးဝါဒများ ပေါ်ထွန်းလာခဲ့ရပါတယ်။ အဲဒီဝါဒ နှစ်ရပ်အကြားမှာပဲ စစ်အာဏာရှင်များ ပေါ်ထွန်းလာခဲ့ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းစဉ် တစ်လျှောက်မှာ မတည်မငြိမ် မအေးမချမ်းနဲ့ကုန်လွန်သွားခဲ့ရတဲ့ကာလတွေကို အလွန်နှမြောဖို့ကောင်းပါတယ်။ လွတ်လပ်ရေးရပြီးကာစ ကျွန်တော်တို့ထက်နိမ့်ကျတဲ့နိုင်ငံတွေ၊ ကျွန်တော်တို့နဲ့တန်းတူရည်တူရှိခဲ့တဲ့ နိုင်ငံတွေဟာ ဒီကနေ့ ကျွန်တော်တို့နိုင်ငံကို များစွာ ကျော်ဖြတ်သွားကြပြီ ဖြစ်ပါတယ်။ ယနေ့အချိန်မှာကျွန်တော်တို့တိုင်းပြည်ဟာ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံဘဝကို သက်ဆင်းခဲ့ရသလို ပြည်သူလူထု




တစ်ရပ်လုံးရဲ့ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးနဲ့ လူနေမှုအဆင့်အတန်းဟာလည်း နိမ့်ကျသထက်နိမ့်ကျလာပြီး လူမှုဒုက္ခမျိုးစုံကို ခံစားနေကြရပါတယ်။

ညံ့ဖျင်းတဲ့ နိုင်ငံ့ခေါင်းဆောင်တွေနဲ့ ဆိုးရွားတဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေကြောင့် ပင်ပင်ပန်းပန်း တစ်နေကုန်တစ်နေခန်း အလုပ်လုပ်ရပြီး မဝတရုတစ်မယ်စားနေရတဲ့ ဘဝအခြေအနေတွေ၊ အချိန်တွေသာကုန်ပြီး ဘာမှဟုတ်တိပတ်တိ မတတ်တဲ့ ပညာသင်ကြားရေးစနစ်တွေ၊ ငွေသာကုန်ပြီး ရောဂါပျောက်အောင် ကုသမပေးနိုင်တဲ့ အမည်ခံကျန်းမာရေးစောင့်ရှောက်မှုတွေ၊ ဟောင်းနွမ်းပြီး အဆင့်အတန်းမမီတဲ့ ဝန်ဆောင်မှုတွေနဲ့ အခြေခံအဆောက်အအုံတွေကိုပဲ ပြည်သူလူထုက ရရှိခံစားခဲ့ရပါတယ်။

**လေးစားအပ်တဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမ မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျား**

ယနေ့အချိန်မှာ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားလာစေရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းမှု တည်ငြိမ်ချောမွေ့စေရေးအတွက် တိုင်းရင်းသားအားလုံးက ပါဝင်ကူညီဖို့လိုပါတယ်။ နိုင်ငံရေးအင်အားစုအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြဖို့လိုပါတယ်။ နိုင်ငံသူ နိုင်ငံသားအားလုံးကလည်း အားပေးဖို့လိုပါတယ်။ ဒါမှသာ နောင်လာမယ့်မျိုးဆက်သစ်တွေအတွက် ပြည်ထောင်စုအမွေကောင်းကို ချန်ထားရစ်နိုင်မှာ ဖြစ်ပါတယ်။ လူမျိုးတစ်မျိုးနဲ့လူမျိုးတစ်မျိုးကြား ပဋိပက္ခတွေ အမုန်းတရားတွေကို ချန်ထားခဲ့တာထက် သာယာဝပြောတဲ့ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် တရားမျှတမှု၊ တန်းတူမှုစတဲ့ ရေခံမြေခံကောင်းကို ချန်ထားခဲ့ကြဖို့ လိုအပ်ပါကြောင်း တင်ပြလိုပါတယ်။

ကိုယ့်ပြည်နယ်၊ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးကိုသာ ချစ်ခင်တဲ့ စိတ်ဓာတ်ဟာ စစ်မှန်ပြီး ပြည့်စုံတဲ့ ပြည်ထောင်စုစိတ်ဓာတ် မဟုတ်သလို အတ္တလွန်ကဲတဲ့ အမျိုးသားရေးစိတ်ဓာတ်မျိုးနဲ့လည်း ကျွန်တော်တို့တိုင်းပြည်ကို တည်ဆောက်လို့မရနိုင်ပါဘူး။ ဒီတိုင်းပြည်ကိုအတူတကွ ထူထောင်ကြမယ် အသီးအပွင့်တွေကို မျှဝေခံစားကြမယ်ဆိုတဲ့ ပင်လုံစိတ်ဓာတ်မျိုးဟာ မရှိမဖြစ်လိုအပ်နေပါတယ်။ ထို့အတူပဲ ငြိမ်းချမ်းရေးပြဿနာကို ကော်မတီလေးဖွဲ့ပေးလိုက်ရုံနဲ့ အဆင်ပြေသွားလိမ့်မယ်လို့ လွယ်လွယ်ယုံကြည်နေခဲ့မယ်ဆိုရင်တော့ ကျွန်တော်တို့ တိုင်းပြည်ဟာ ငါးပါးမှောက်နေဦးမှာ သေချာပါတယ်။ မြန်မာနိုင်ငံကို ဖက်ဒရယ်ပြည်ထောင်စုအဖြစ်တည်ဆောက်တဲ့နေရာမှာ အလိုအပ်ဆုံးအရာတစ်ခုကတော့ အမြော်အမြင်ကြီးပြီး လက်တွေ့ကျတဲ့ ဒီမိုကရေစီခေါင်းဆောင်မှုပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ SNLD ပါတီဟာ ဒီလိုဆောင်ရွက်နေတဲ့ ဘယ်နိုင်ငံရေးအင်အားစုကိုမဆို အစဉ်အမြဲ ပူးပေါင်းဆောင်ရွက်နေမယ်ဆိုတာကို အသိပေးပါရစေ။ လွှတ်တော်မှာလည်း လွှတ်တော်အလိုက်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာလည်း ငြိမ်းချမ်းရေးစားပွဲဝိုင်းအလိုက် ကျရာနေရာက လက်တွဲဆောင်ရွက်နေမှာဖြစ်ပါတယ်။ ထို့အတူ အစိုးရကို အပြုသဘောဆောင် ထိန်းကျောင်းပေးမယ့် အခန်းကဏ္ဍတွေမှာလည်းပဲ ပြည်သူလူထုရှေ့က မားမားမတ်မတ်ရပ်တည်ပေးမယ့် အင်အားတစ်ရပ်အဖြစ် အမြဲရှိနေမှာ ဖြစ်ပါတယ်။

ဒီကနေ့ဆိုရင် ကျွန်တော်တို့တိုင်းပြည်မှာ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ရွေးကောက်ပွဲတွေကို ကျင်းပနေကြပါတယ်။ ဒီတော့ပါတီတွေများသလို ပါတီတွေကို ခွဲခြားကြည့်ဖို့ လိုလာပါတယ်။ ကျွန်တော်တို့ရဲ့ SNLD ပါတီကတော့ တိုင်းရင်းသားအရေး ၊ ပြည်သူ့အရေးကိုပဲ အစဉ်အမြဲဦးထိပ်ထားပြီး ဒီနေ့ထိတိုင် ရင့်ကျက်တည်ငြိမ်တဲ့၊ ရိုးသားတဲ့ပါတီတစ်ခုအဖြစ် ရပ်တည်နေဆဲဖြစ်ပါတယ်။ ဒီနိုင်ငံမှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ ငြိမ်းချမ်းခြင်းတရားတွေ အမြစ်တွယ်ထွန်းကားလာစေဖို့အတွက် ဘယ်သူ့မျက်နှာကိုမှမထောက် ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသားလျှောက်လှမ်းနေမှာဖြစ်ပါတယ်။ အမျိုးသားတန်းတူရေးကို အာမခံတဲ့၊ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာဖို့အတွက် သမိုင်းပေးတာဝန်တစ်ရပ်ကို မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်ရင်း အနာဂတ်မှာလည်း အားမာန်အပြည့်နဲ့ ဆက်လက်ချီတက်နေဦးမှာ ဖြစ်ပါတယ်။ ထို့အတူပဲ SNLD ပါတီကို ကိုယ်စားပြုပြီး ဝင်ရောက်ယှဉ်ပြိုင်မယ့် လွှတ်တော်ကိုယ်စားလှယ်လောင်းတွေဟာလည်း မဲဆန္ဒရှင် မိဘပြည်သူတွေကသာ လွှတ်တော်ကိုယ်စားလှယ်အဖြစ်ရွေးချယ်ပြီး တာဝန်အပ်နှင်းခဲ့မယ်ဆိုရင် ပြည်သူလူထုရဲ့အကျိုးကို ကျေပွန်စွာသယ်ပိုးဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း ကတိပေးပြောကြားလိုပါတယ်။ ဒါကြောင့် မကြာမီရောက်ရှိလာတော့မယ့် ရွေးကောက်ပွဲနေ့မှာမိဘပြည်သူတွေအနေနဲ့ မဲရုံကိုအရောက်သွားပြီး ပြည်သူပြည်သားတွေရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ငြိမ်းချမ်းဖို့အတွက် ရဲရဲတင်းတင်းမဲပေးကြပါ၊ ပြတ်ပြတ်သားသား မဲပေးကြပါ၊ သာယာ ပျော်ရွှင်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာဖို့ မိမိတို့ရဲ့ မဲပြားတွေနဲ့တည်ဆောက်ပေးကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးနိုင်ငံတည်ဆောက်ရေးမှာပါဝင်နိုင်ကြပါစေ။

မိုင်ဆွန်ခ



# ရခိုင်ပြည်နယ်၌ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၁၂**

ရခိုင်ပြည်နယ်၌ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို စစ်တွေမြို့ ဓညဝတီအားကစားကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကဦးဆောင်ပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုကြသည်။ **(ဓါတ်ပုံ)**

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှပေးပို့သည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။ ဆက်လက်၍ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲများ၌ ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**တင်ထွန်း(မြန်/ဆက်)**

# မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ မောင်တောဒေသရှိကျေးရွာများသို့ ဆက်လက်ကွင်းဆင်းစုံစမ်း

**မောင်တော ဖေဖော်ဝါရီ ၁၂**

ရခိုင်ပြည်နယ် မောင်တောဒေသသို့ ရောက်ရှိနေသည့် မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင် အတွင်းရေးမှူး ဦးဇော်မြင့်ဖေနှင့် ကော်မရှင်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မောင်တောဒေသအတွင်းရှိ ငန်းချောင်းကျေးရွာ၊ ကြက်ရိုးပြင်ကျေးရွာ၊





ငါးစားကြူးကျေးရွာများသို့ သွားရောက်၍ မောင်တောဒေသအတွင်း ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်များတွင် လူ့အခွင့်အရေးချိုးဖောက်ခြင်းများ ရှိ/မရှိနှင့် အမျိုးသမီးများ၊ ကလေးငယ်များနှင့်ပတ်သက်သည့် အချက်အလက်များနှင့်စပ်လျဉ်း၍ ဆက်လက်ကွင်းဆင်းစုံစမ်းမေးမြန်းကြသည်။

**လွတ်လပ်ပွင့်လင်းစွာမေးမြန်း**

မွန်းလွဲပိုင်းတွင် ကော်မရှင်အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များသည် ပြောင်ပိုက်ကျေးရွာ၊ ငါးခူရကျေးရွာနှင့် ဒိုးတန်းကျေးရွာများသို့ သွားရောက်၍ အဆိုပါကျေးရွာများအတွင်းရှိ နေအိမ်များသို့ အဖွဲ့များခွဲကာ ဒေသခံအမျိုးသမီးတစ်ဦးချင်းနှင့် အစုအဖွဲ့အလိုက် သီးခြားစီတွေ့ဆုံပြီး ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး (OHCHR) မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်က တင်သွင်းခဲ့သည့် အစီရင်ခံစာ၌ပါရှိသောအချက်အလက်များကို လည်းကောင်း၊ အစီရင်ခံစာတွင်မပါရှိသော်လည်း အခြားကြုံတွေ့နေရသည့် အခက်အခဲများကို အသေးစိတ်မေးမြန်း၍ လည်းကောင်း၊ ဒေသခံအမျိုးသားလူငယ်လူရွယ်များ၏ သီးခြားထုတ်ဖော်ပြောဆိုလိုသောအချက်အလက်များကို လည်းကောင်း လွတ်လပ်ပွင့်လင်းစွာမေးမြန်းစုံစမ်းကြသည်။

**(သတင်းစဉ်)**


## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8A/1107 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## သီဟိုဠ်စေ့ ဝယ်သည်

ဖုန်း- ၀၁-၆၈၁၃၂၄
၀၁-၅၂၈၈၂၆
၀၉-၅၀၀၈၅၁၂
၀၉-၇၃၀၁၄၇၄၇

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2B/4582 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/4623 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ကရင်ပြည်နယ်အစိုးရအဖွဲ့ ဘားအံမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်အစိုးရအဖွဲ့မှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) လှိုင်းဘွဲ့မြို့နယ်၊ ဘေးအန္တရာယ်ခိုလှုံရန် (Emergency Cyclone Shelter) (၆၀'×၆၀') RRC(၁)ထပ် သွပ်မိုး ကွန်ကရစ်ကြမ်း၊ ရေမီး၊ မိလ္လာအပါအဝင် ဆောက်လုပ်ခြင်း

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၃-၂-၂၀၁၇ ရက်မှ ၂၇-၂-၂၀၁၇ ရက်ထိ

၃။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်-** ၂၈-၂-၂၀၁၇ ရက် ၁၆း၀၀နာရီ

၄။ တင်ဒါပုံစံအသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့ ဖုန်း-၀၅၈-၂၂၄၅၁ တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၅။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နေပြည်တော်

## ရေးဖြေစာမေးပွဲရက် ကြေညာခြင်း

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး၊ အငယ်တန်းစာရေး၊ ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးနေရာများ ရွေးချယ်ခန့်ထားရေးအတွက် ရေးဖြေစာမေးပွဲကို အောက်ပါအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) ဖြေဆိုရမည့်နေ့ရက် - ၁၉-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့)
(ခ) ဖြေဆိုချိန် - ၁၀း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ ကြာမြင့်ချိန် နှစ်နာရီ
(ဂ) ဖြေဆိုရမည့်ဘာသာ - အင်္ဂလိပ်စာ
(ဃ) ဖြေဆိုရမည့်နေရာ - လျှောက်လွှာတင်သွင်းသည့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဖြေဆိုရမည်။

၂။ ခုံအမှတ်စာရင်း၊ စာမေးပွဲအချိန်ဇယား၊ ဖြေဆိုရမည့်နေရာများကို ၁၇-၂-၂၀၁၇ ရက်မှစ၍ သက်ဆိုင်ရာတိုင်းဒေကြီး/ပြည်နယ် ပြည်ထောင်စုနယ်မြေ ဦးစီးမှူးရုံးများတွင် ကြေညာထားပါမည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့တွင် လိုအပ်သော Projector (၅၀)စုံနှင့် Computer/ Printer (၃၈)စုံ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းနိုင်ငံသား၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ကြော်ငြာအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၃-၂-၂၀၁၇ ရက် နံနက် ၀၉း၀၀ နာရီမှ ၁၆း၃၀ နာရီထိ

၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၂၂-၂-၂၀၁၇ ရက် ၁၆း၃၀ နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၄-၂-၂၀၁၇ ရက် ၁၀း၀၀ နာရီ

၅။ တင်ဒါပုံစံများအား တစ်စောင်လျှင် ၅၀၀၀ိ/-(ကျပ်ငါးထောင်)နှုန်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး (ထောက် ၁/၄ ငွေစာရင်းဌာနစိတ်)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

**မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး**
**ဖုန်း-၀၆၃-၂၅၀၁၆၊ ၀၆၃-၂၈၃၄၆**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**
**မုံရွာခရိုင်တရားရုံး**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၃၅ နှင့်ဆက်နွယ်သည့် ၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၃**

ဒေါ်ခင်ခင်စိုး(ခ)ဒေါ်စိုးစိုး နှင့် ဒေါ်စိုးမိုးသန့်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဒေါ်စိုးမိုးသန့် ကြယ်စင်မင်းစတိုး၊ ကန်သာဦးရပ်ကွက်၊ မုံရွာမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ် ၃၅ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဒေါ်ခင်ခင်စိုး(ခ)ဒေါ်စိုးစိုးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် (၁၃၇၈ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရွှေမြင့်အုန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မုံရွာခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**
**မုံရွာခရိုင်တရားရုံး**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၅၃ နှင့်ဆက်နွယ်သည့် ၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၄**

ဦးအောင်နိုင် နှင့် ဒေါ်စိုးမိုးသန့်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဒေါ်စိုးမိုးသန့် ကြယ်စင်မင်းစတိုး၊ ကန်သာဦးရပ်ကွက်၊ မုံရွာမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ် ၅၃တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဦးအောင်နိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် (၁၃၇၈ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ရက်) မွန်း မတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၇ခုနှစ် ဇန်နဝါရီ ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရွှေမြင့်အုန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မုံရွာခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - 22Z$^2$၊ မြေကွက်အမှတ် (V-၁၀၅)၊ မြေအကျယ်ဧရိယာ ၀ဒသမ၀၂၈ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ်ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၆ ရပ်ကွက်၊ ၁၄လမ်း၊ အမှတ်(၆၇)ဟုခေါ်တွင်သည့် မြေနှင့်အိမ်အပါအဝင်အကျိုးခံစားခွင့်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ၁။ဦးတင်အောင်ကျော် ၁၂/ပဇတ(နိုင်)၀၁၂၃၄၉၊ ၂။ ဦးမျိုးညွန့်အောင် ၁၂/ပဇတ(နိုင်)၀၀၀၂၂၉၊ ၃။ဦးမောင်မောင်သန်း ၁၂/မရက(နိုင်)၁၀၈၉၉၀၊ ၄။ ဒေါက်တာဒေါ်ခင်စန်းမြင့် ၁၂/လသန(နိုင်)၀၀၂၄၆၈၊ ၅။ဒေါက်တာဒေါ်ခင်စန်းတင့် ၁၂/ဥကမ(နိုင်)၀၀၉၃၅၈၊ ၆။ဒေါ်ရီရီသန်း ၁၂/ရကန(နိုင်)၀၅၆၇၂၀၊ ၇။ဒေါ်တင်တင်သန်း ၁၂/ရကန(နိုင်)၀၅၁၃၄၁၊ ၈။ဦးသိန်းထွဋ် ၁၂/ရကန(နိုင်)၀၅၁၃၃၉၊ ၉။ဒေါ်မူယာသန်း ၁၂/ရကန(နိုင်)၀၅၁၃၄၀၊ ၁၀။ဒေါ်နီလာသန်း ၁၂/လသန (နိုင်)၀၁၂၆၂၅ တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအားပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း(LL.B,D.B.L) အထက်တန်းရှေ့နေ(စဉ်-၂၀၉၅၁)**
**အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊(၂)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့**
**ဖုန်း-၀၁-၉၆၆၉၀၀၄၊၀၁-၇၀၅၄၄၅၊၀၉-၅၁၅၁၈၃၃**

# ဒဂုံဆိပ်ကမ်းစက်မှုဇုန်(၁) ရှိ ဂိုဒေါင်တစ်ခုမှ တရားမဝင်သစ်တန် ၆၀ ထပ်မံဖမ်းဆီးရမိ၊ ယနေ့အထိ တရားမဝင်သစ် တန် ၁၂၀၀ ကျော် ဖမ်းမိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ဒဂုံဆိပ်ကမ်းစက်မှုဇုန်(၁) ရှိ ဂိုဒေါင်တစ်ခုမှ တရားမဝင်သစ် တန် ၆၀ ကို ယနေ့ နံနက်ပိုင်းက ထပ်မံဖမ်းဆီးရမိရာ ယနေ့အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ တရားမဝင်သစ် တန် ၁၂၀၀ ကျော်ကို ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးစီး၍ သစ်တောဝန်ထမ်းများပါဝင်သည့် အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းစက်မှုဇုန်(၁)၊ ဦးထွန်းညိုလမ်း မြေအမှတ်(၁၄၅)(ဘီ) ဂိုဒေါင်ကို ဝင်ရောက်ရှာဖွေရာ တရားမဝင် ပိတောက်စကွဲယားတုံး ၅၅ တန်ခန့်နှင့် တမလန်းစကွဲယားတုံး ငါးတန်ခန့် စုစုပေါင်း တန် ၆၀ ခန့်ကို ဖမ်းဆီးရမိခဲ့သည်။

"ကျွန်တော်တို့ ဝန်ထမ်းတွေအပါအဝင် ပြည်သူတွေရဲ့ သတင်းအချက်အလက်တွေပေးတဲ့ ပူးပေါင်းပါဝင်မှု အားတွေလည်းပါတယ်။ သူတို့ရဲ့ အကြမ်းဖျင်းသတင်းအချက်အလက်ပေးတဲ့အပေါ် ကျွန်တော်တို့ဝန်ထမ်းတွေက ကြိုးစားဖော်ထုတ်တယ်။ နှစ်ခုစလုံးရဲ့အားတွေပါပဲ"ဟု တိုင်းဒေသကြီး သစ်တောဦးစီးဌာနညွှန်ကြားရေးမှူး ဦးသိန်းတိုးက ပြောသည်။

ပြီးခဲ့သည့်လ ၂၄ ရက်က MIP ဆိပ်ကမ်းဝင်းအတွင်းရှိ ကွန်တိန်နာနှစ်လုံးအတွင်း တရားမဝင်ကျွန်းသစ်များ ဖမ်းဆီးရမိမှုမှအစပြုပြီး သတင်းကွင်းဆက်များအရ ဖော်ထုတ်ဖမ်းဆီးခဲ့ရာ တရားမဝင်သစ် စုစုပေါင်း တန် ၁၂၀၀ ကျော်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး အများစုမှာ ပိတောက်သားများဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးရမိသည့် သစ်များတွင် ပိတောက်သားအများစုပါဝင်နေခြင်းကို ညွှန်ကြားရေးမှူး ဦးသိန်းတိုးက "ပိတောက်သားက ရန်ကုန်မှာသုံးစွဲတာအများကြီးမရှိပါဘူး။ ကွန်တိန်နာတွေထဲမှာပါ ဖမ်းမိတာကြောင့် ပိတောက်သားက တရားမဝင်နည်းနဲ့ နိုင်ငံခြားဈေးကွက်ကိုပို့ဖို့ ကြံစည်တယ်လို့ သုံးသပ်ရပါတယ်" ဟု သုံးသပ်သည်။

ယခုကဲ့သို့ ဖမ်းဆီးရမိသည့် ဖြစ်စဉ်များတွင် သစ်ပိုင်ရှင်ဟုယူဆရသူများကို ထိရောက်သည့် ဥပဒေများဖြင့် တရားစွဲဆိုဆောင်ရွက်သွားမည်ဟုလည်း သိရသည်။

ခြံရှင် ဂိုဒေါင်ပိုင်ရှင်တွေက မစစ်ဆေးဘဲ လက်ခံလိုက်ကြတယ်။ အခုလို ဆက်တိုက်ဖမ်းမိလာတဲ့အပေါ် သူတို့အနေနဲ့လည်း ဂရုပြုသင့်ပါတယ်။ သစ်တွေနဲ့ပတ်သက်လို့ ငှားထားမိတယ်ဆိုရင်လည်း တရားဝင်တယ်၊ မဝင်ဘူး ဆိုတာကို စနစ်တကျနဲ့ ပြန်လည်စိစစ်ဖို့လိုလာပါပြီ။ သံသယရှိဖွယ်ဖြစ်တယ်ဆိုရင် ကျွန်တော်တို့ သစ်တောဦးစီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်သင့်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးသိန်းတိုးက ဆက်လက်ပြောကြားသည်။



ဇန်နဝါရီ ၂၄ ရက်မှ ဖေဖော်ဝါရီ ၈ ရက်အထိ ၁၆ ရက်အတွင်း ကျွန်းတန် ၆၀ ကျော်၊ ပိတောက် ၉၅၄ တန်ကျော်၊ တမလန်း ၂၅ တန်( စိစစ်ဆဲ)နှင့် ကုက္ကို ၅ တန်ကျော် စုစုပေါင်း တရားမဝင်သစ်ခွဲသား တန် ၁၀၀၀ ကျော်၊ ဆက်စပ်ပစ္စည်းများအနေဖြင့် ကွန်တိန်နာ အခွံရှစ်လုံးအပါအဝင် စုစုပေါင်း ၃၇ လုံး၊ ကွန်တိန်နာတင် ၁၀ ဘီးယာဉ်အလွတ်ခြောက်စီး၊ ကာလတန်ဖိုးငွေကျပ် သိန်းပေါင်း ၃၀၀၀၀ ကျော်ခန့်ကို သစ်တောဦးစီးဌာနက ဖမ်းဆီးရမိထားသည်။

**သတင်း -တာရာ ၊ ဓာတ်ပုံ- သစ်တောဦးစီးဌာန**

# ၂၀၁၇ ဇန်နဝါရီလအတွင်း မူးယစ်ဆေးဝါး ၈၀၈ မှုမှ တရားခံ ၁၁၆၃ ဦးအား အရေးယူဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ မူးယစ်ဆေးဝါးမှုများ ပပျောက်ရန် အဘက်ဘက်က တားဆီး ဆောင်ရွက်နေသော်လည်း ဝိသမ စီးပွားရေးသမားများကြောင့် နေ့စဉ်နှင့်အမျှဆိုသလို မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိနေကြောင်း သိရသည်။

ထိုကဲ့သို့ ဖမ်းဆီးဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း မူးယစ်ဆေးဝါးမှု ၈၀၈ မှုမှ တရားခံ အမျိုးသား ၁၀၂၀၊ အမျိုးသမီး ၁၄၃ ဦး စုစုပေါင်း ၁၁၆၃ ဦးအား ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများမှာ ဘိန်း ၃၄ မှုမှ ၁၉၅ ဒသမ ၁၉၆၁ ကီလို၊ ဘိန်းဖြူ ၂၆၅ မှုမှ ၇ ဒသမ ၆၄၉၂၄၂ ကီလို ၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၈ မှုမှ ၇၃၄၈၄၀ ပြား၊ အဆင့်နိမ့်ဘိန်းလေးမှုမှ ၀ ဒသမ ၀၉၉၇ ကီလို၊ ဆေးပြားအကြေ သုံးမှုမှ ၀ ဒသမ ၁၉၆၄ ကီလို၊ ဆေးခြောက်မှု ရှစ်မှုမှ ၂ ဒသမ ၈၆၉၁၅ ကီလို၊ ဘိန်းစာမှုန့်အမှု ၂၀ မှ ၅၈ ဒသမ ၂၈၉ ကီလို၊ ဘိန်းညိုမှုန့်တစ်မှုမှ ၄၆ ကီလို၊ ဘိန်းဆီခဲခြောက်မှုမှ ၃ ဒသမ ၃၁၄၁၆၅ ကီလို၊ ဘိန်းဆီရည် ၀ ဒသမ ၇၄ လီတာ၊ ဘိန်းဖြူရည်တစ်မှုမှ ၀ ဒသမ ၀၀၁ လီတာ၊ အိုက်စ်နှစ်မှုမှ ၁၉ ဒသမ ၂၂၅၂ ကီလို၊ ကတ်စာမင်း တစ်မှုမှ ၂၄ ကီလို၊ ဗျူပရီနော်ဖင်း တစ်မှုမှ ကိုးပြား ၊ လိုရာဇီပမ်း ခုနစ်ပြား၊ ထရာမဒေါလ်တစ်မှုမှ ၅၇ တောင့် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သန်းဦး (သတင်းစဉ်)**

# ခရီးသည်တင်ယာဉ် ဘရိတ်ပေါက်ပြီး တိုက်မိ၊ နှစ်ဦးသေဆုံး



**အင်းတကော် ဖေဖော်ဝါရီ ၁၂**

ပဲခူးမြို့နယ် အင်းတကော်ရဲစခန်းအပိုင် အမှတ် (၄) ရပ်ကွက် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ် (၃၅/၄) အနီး ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၆ နာရီ မိနစ် ၅၀ ခန့်က ဟုန်းဂရူးအထည်ချုပ်စက်ရုံရှေ့၌ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ အမျိုးသမီးနှစ်ဦး နေရာတွင် သေဆုံး၍ နှစ်ဦး စိုးရိမ်ရ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပဲခူးမှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော သိန်းသန်းကျော်ခရီးသည်တင်မှန်လုံယာဉ်သည် ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ စက်ရုံအပေါက်ဝရှိဈေးသည်နှင့် စက်ရုံဝန်ထမ်းများအား ဝင်ရောက်တိုက်မိပြီး လမ်းလယ်ကျွန်းကိုပါ ထပ်မံတိုက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ယာဉ်မတော်တဆမှုကြောင့် ဒေါ်တင်တင်မြင့်နှင့် မခင်ဖြူထွေးတို့မှာ ရရှိသည့်ဒဏ်ရာများဖြင့် နေရာ၌ သေဆုံးခဲ့ပြီး မအေးသီတာနှင့် မအေးအေးအောင်တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ပဲခူးပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာ စိုးရိမ်ရဖြင့် ကုသလျက်ရှိပြီး ယာဉ်မောင်း စည်သူမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိ၍ အင်းတကော်မြို့နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိသည်။

**ကိုလွင်(ဆွာ)**

# လင်မယား စကားများရန်ဖြစ်ရာမှ ဓားခုတ်မှုဖြစ်

**မြိတ် ဖေဖော်ဝါရီ ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ပင်းအိုကျေးရွာအုပ်စု ဆလင်းကျေးရွာ၌ ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၆ နာရီခန့်က လင်မယားစကားများရန်ဖြစ်ရာက ဓားခုတ်မှုဖြစ်ပွား၍ ဇနီးဖြစ်သူ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆလင်းကျေးရွာနေ ဦးဝင်းမောင် (၄၀နှစ်)သည် အရက်သေစာသောက်စားမူးယစ်ပြီး ဇနီးဖြစ်သူ မသီသီဆွေ (၃၉နှစ်)နှင့် စကားများရန်ဖြစ်ခဲ့ရာ ဦးဝင်းမောင်က ဇနီးဖြစ်သူ မသီသီဆွေအား တောခုတ်ဓားမဖြင့်ခုတ်ခဲ့ရာ ၎င်းတွင် ဒဏ်ရာများ (စိုးရိမ်ရ) ရရှိခဲ့သောကြောင့် မြိတ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူနေစဉ် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁ နာရီခွဲခန့်တွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးဝင်းမောင်ကို မြိတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# သစ်တောကြိုးဝိုင်းအတွင်း သစ်ကိုင်းပိ၍ သေဆုံး

**ရေတာရှည် ဖေဖော်ဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့အနောက် ၄၄ မိုင်ခန့်အကွာ ချောင်းမကြီးအုပ်စု ကျောက်မဆင်သစ်တောကြိုးဝိုင်းအတွင်း တန်ဖိုးမြင့် အလင်းဖွင့်သစ်ကွက်ဖော်လုပ်ငန်းဖြင့် သစ်ပင်များ ခုတ်လှဲသူအမျိုးသားတစ်ဦး သစ်ကိုင်းပိ၍ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၁ နာရီက သေဆုံးခဲ့ကြောင်း သိရသည်။

ကျောက်မဆင်သစ်တောကြိုးဝိုင်း အကွက်အမှတ်(၂၀)၌ မောင်ချင်း(၃၆နှစ်)သည် လုံးပတ်တစ်ပေကိုးလက်မ၊ အရှည် ၁၅ ပေခန့်ရှိ သစ်ကိုင်းခြောက်ကျိုးပိမိပြီး သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**


ချာချီးယား ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

09-450026077

09-510 1862


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3J/8083 Daihatsu Hijet S200P, P/U(4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကြီး ၁၂/သဃက(နိုင်)၁၈၃၆၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/3179 Nissan Atlas Light Truck ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၁၂/ဥကတ(နိုင်)၁၄၅၁၇၂မှ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အေးရိပ်ငြိမ်လမ်း၊ အမှတ် ၁၀၆/Bဟုခေါ်တွင်သည့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောတိုက်၏ ဘယ်ဘက်ခြမ်း တတိယထပ်နှင့်စတုတ္ထထပ်တိုက်ခန်းနှစ်ခန်းအား တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးအေးချစ်ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အင်ကြင်းအောင်**
**အထက်တန်းရှေ့နေ(စဉ်-၃၄၂၀၂)**
**တိုက် ၂၊ အခန်း ၂၄၊ ပထမထပ်၊ မြို့ပြအိမ်ရာမြောက်ဘက်ခြမ်း၊ (၈)မိုင်မီးပွိုင့်အနီး၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၅၂၀၅၈**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)

မုံရွာခရိုင်တရားရုံး

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်- ၃၄နှင့် ဆက်နွယ်သည့်

၂၀၁၇ခုနှစ် တရားမဇာရီမှုအမှတ်- ၂

ဦးလေးငယ် နှင့် ဒေါ်စိုးမိုးသန့်

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဒေါ်စိုးမိုးသန့် ကြယ်စင်မင်းစတိုး၊ ကန်သာဦးရပ်ကွက်၊ မုံရွာမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ် ၃၄တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဦးလေးငယ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၀ရက် (၁၃၇၈ခုနှစ် တပို့တွဲလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်သို့ လာရောက်ရမည်။

၂၀၁၇ခုနှစ် ဇန်နဝါရီ ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရွှေမြင့်အုန်း)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**မုံရွာခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3D/6764 Toyota RAV 4 ACA21 S/W(4x4)® ယာဉ်လက်ဝယ်ရှိသူ ဦးပြုံးချို ၁၂/လမန(နိုင်)၀၃၆၅၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၁)ရပ်ကွက်၊ ကွင်းအမှတ် ၃၁ ကန်သုံးဆင့်အနောက်အကွက် (စကား၀၊)၊ ဦးပိုင်အမှတ် ၅၆-က၊ ဧရိယာ ၀ဒသမ၀၂၆ဧကရှိ မြေကို ဦးစောအယ်ကလူ(ခ)စောချာလီ အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈၊ မြေကွက်အမှတ် ၁၃၅၆၊ အကျယ်အဝန်း (၄၂×၆၀)ပေရှိ ဦးသန်းအောင် L/RGN-၀၂၆၈၂၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိထားရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စောရီ ၁၂/တမန(နိုင်)၀၇၆၅၆၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

ထို့ကြောင့် အထက်ပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးလှိုင်ဘွား LL.B** | **ဒေါ်ခိုင်ငြိမ်းဆွေ LL.B** | **ဒေါ်မေဝင်းမော် LL.B** |
| **စဉ်-၈၁၃၀** | **စဉ်-၁၁၄၄၅** | **စဉ်-၃၃၂၃၂** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**အမှတ် ၅၀၊ အခန်း A-5၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၈၅၅၂၂၀၄၊ ၀၉-၄၂၀၀၂၉၃၇၃၊ ၀၉-၄၄၈၀၂၀၀၄၃**

## ကန့်ကွက်ရန်ရှိ၊ မရှိ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ် (၉)၊ မြေကွက်အမှတ် – ၈၄၃၊ အလျား ၄၀' x အနံ ၆၀'၊ ဧရိယာ (၀. ၀၅၅)ဧကရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၈၄၃)၊ တပင်ရွှေထီးလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သောအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သည့် ဒေါ်ယဉ်ယဉ်ကြင် (၁၂/မရက (နိုင်) ၀၅၂၃၂၀)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက တန်ဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက မြေနှင့်အိမ်အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ချိုချိုဝင်း (LL.B., DBL)**
တရားလွှတ်တော်ရှေ့နေ (စဉ် – ၆၉၁၂)
အမှတ်–၅၀၊ အခန်း(A-၂၀)၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉-၅၁၄၅၁၃၂

# Southern အသင်း ပထမဆုံး နိုင်ပွဲရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၅) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက မော်လမြိုင်မြို့ရှိ ကျောင်းသားကွင်း၌ ကျင်းပရာ Southern အသင်းက ဟံသာဝတီအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

နိုင်ပွဲမရသေးသည့်အသင်းနှစ်သင်း ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး Southern အသင်းက အိမ်ကွင်းတွင် နိုင်ပွဲစတင်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့သည့် ဟံသာဝတီအသင်းသည် ယခုပွဲရှုံးပွဲကြောင့် အမှတ်ပေးဇယားအောက်ဆုံးအထိ ကျရောက်သွားခဲ့သည်။

နှစ်သင်းစလုံး နိုင်ပွဲရယူနိုင်ရန်အတွက် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပထမပိုင်းကတည်းက အပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိခဲ့သည်။ ပွဲအစ ၁ မိနစ်တွင် ချစ်လှအောင်က ဟံသာဝတီအတွက် အဖွင့်ဂိုး စတင်သွင်းယူခဲ့သော်လည်း ၂၄ မိနစ်တွင် ဆီမြွန်က Southern အသင်းအတွက် ချေပဂိုးပြန်သွင်းကာ ၃၉ မိနစ်တွင် စိုးကျော်သူက ဒုတိယဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် မာစီယိုက ဟံသာဝတီအတွက် ချေပဂိုးပြန်သွင်းခဲ့သောကြောင့် ဒုတိယပိုင်းမှာ ပိုမိုအကြိတ်အနယ်ဖြစ်ခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်ကစားနိုင်ခဲ့သော်လည်း အိမ်ရှင် Southern အသင်းက ပွဲပြီးခါနီး သွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ Southern အသင်းအတွက် အနိုင်ဂိုးများကို ၈၅ မိနစ်တွင် ဆီမြွန်၊ ၉၂ မိနစ်တွင် သက်ပိုင်စိုးတို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၅) အပြီးတွင် ရန်ကုန်အသင်းက ၁၃ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရတနာပုံအသင်းက ၁၁ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၀ မှတ်၊ ရခိုင်နှင့် ဇွဲကပင်အသင်းတို့က ခုနစ်မှတ်စီ၊ GFA၊ Southern၊ ရောဝတီနှင့် မကွေးအသင်းတို့က ငါးမှတ်စီ၊ ချင်းယူနိုက်တက်နှင့် နေပြည်တော်တို့က လေးမှတ်စီနှင့် ဟံသာဝတီအသင်းက သုံးမှတ်တို့ ရရှိထားသည်။

**သတင်း-ညီမြတ်သော်တာ**



# ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ လှိုင်မြို့နယ်အသင်းဗိုလ်စွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် အသက်(၂၅ နှစ်) မျိုးဆက်သစ်ကစားသမားများ ပါဝင်သော ရန်ကုန်အနောက်ပိုင်းခရိုင် မြို့နယ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းစိန်လမ်းမကြီး သံလမ်းမှတ်တိုင်အနီးရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပရာ လှိုင်မြို့နယ်အသင်းဗိုလ်စွဲသွားကြောင်း သိရသည်။

"ဘော်လီဘောအားကစားက ယခုနောက်ပိုင်းကာလတွေမှာ အလွန်ရှားလာပါပြီ။ သက်ကြီး ဘော်လီဘောကစားသမားတွေပဲရှိတော့တယ်။ ဒါကိုသက်ငယ်မျိုးဆက်သစ်ကစားသမားတွေ ပေါ်ထွက်လာဖို့နဲ့ မေလမှာကျင်းပမယ့် ဝန်ကြီးချုပ်ဖလား ဘော်လီဘောပြိုင်ပွဲမှာ လက်ရွေးစင် ခရိုင်အသင်းတစ်သင်း ပေါ်ထွက်လာဖို့ အခုလို ကျင်းပရတာပါ" ဟု ရန်ကုန်အနောက်ပိုင်းခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မိမိမော်က ပြောသည်။



မြို့နယ်ပေါင်းစုံ အသက် (၂၅နှစ်) အောက် ဘော်လီဘောပြိုင်ပွဲတွင် မရမ်းကုန်းမြို့နယ်အသင်းကို လှိုင်မြို့နယ်အသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ယူ ဗိုလ်စွဲခဲ့ကြောင်း သိရသည်။ ဒုတိယဆုကို မရမ်းကုန်းမြို့နယ်ကလည်းကောင်း တတိယဆုကို ပန်းဘဲတန်းမြို့နယ်ကလည်းကောင်း ဆုများအသီးသီးရရှိခဲ့ကြသည်။ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်မှစတင်ကာ ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်တစ်မြို့နယ်လျှင် ကစားသမား ရှစ်ဦးပါဝင်ကာ မြို့နယ်ပေါင်း ၁၂ မြို့နယ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အမှတ်တရပြပွဲ ကျင်းပ

**တပ်ကုန်း ဖေဖော်ဝါရီ ၁၂**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အမှတ်တရ ဓာတ်ပုံ၊ ကာတွန်းစာအုပ်ပြပွဲကို နေပြည်တော် တပ်ကုန်းမြို့ အနော်ရထာရပ်ကွက် အလင်းအိမ်စာကြည့်တိုက်တွင် ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ ပြသပေးသွားမည်ဖြစ်သည်။

ပြခန်းတွင် ဗိုလ်ချုပ်နှင့်ပတ်သက်သော သမိုင်းအဆက်ဆက်စာအုပ်များ၊ ကာတွန်းရုပ်ပြများနှင့် သမိုင်းဝင်ဓာတ်ပုံများ ပြသထားရာ ကျောင်းသားကျောင်းသူများ၊ ပြည်သူများ၊ သံဃာတော်များ လာရောက်ကြည့်ရှုလေ့လာကြပြီး လာရောက်သူများအား ဗိုလ်ချုပ်ပုံ၊ ဘောပင်နှင့် လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

ယနေ့ခေတ်လူငယ်များ ဗိုလ်ချုပ်၏ စိတ်ဓာတ်ကို အားကျအတုယူကျင့်သုံးတတ်စေရန်နှင့် ဗိုလ်ချုပ်ဘဝမှတ်တမ်းများ၊ လုပ်ဆောင်ချက်များကို သိရှိစေရန် ရည်ရွယ်ပြသပေးခြင်း ဖြစ်ကြောင်း ပြခန်းကော်မတီဝင်တစ်ဦးက ပြောကြားသည်။

**တင်ထွန်းတာ(တပ်ကုန်း)**



## ဖခင်အမည်မှန်

ပဲခူးမြို့ ပင်မထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်၊ တပ်တွင်းကျောင်း ပဥ္စမတန်းမှ မသီရိ၏ ဖခင်အမည်မှန်မှာ ဦးအေးလွင် ၁၂/မဂဒ(နိုင်)၁၂၆၁၃၇ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/2547 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ တကုန်းကြီးကျေးရွာအုပ်စု၊ ပုသိမ်-ရန်ကုန်ကားလမ်းဘေး၊ ကွင်းအမှတ်(၁၆၉-က)၊ ရေကျော်ကွင်း၊ ဦးပိုင်အမှတ် (ခ/၁၁၀/ ခ/၁၁၂)၊ ဧရိယာ ၁၃.၁၀ဧကရှိမြေကို ဦးခင်မောင်ဆွေ၏သား ဦးနော်အောင် ၁၃/ကတန(နိုင်)၀၀၆၈၈၃အမည်ဖြင့် စက်မှု/စီးပွားမြေ ငှားရန်လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ ယူဆောင်၍ ကန်ကြီးထောင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**ကန်ကြီးထောင့်မြို့နယ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်အတွင်း တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၂)မုံရွာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် တာဝန်ယူတည်ဆောက်မည့် တံတားများတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | မှတ်ချက် |
| --- | --- | --- | --- |
| (က) | ဘိလပ်မြေ | တန် | ချင်းတွင်းတံတား(ဟုမ္မလင်း)နှင့် နမ့်ပငတံတား |
| (ခ) | သံချောင်းရှယ်စုံ | တန် | ချင်းတွင်းတံတား(ဟုမ္မလင်း) |

၂။ ဝယ်ယူလိုသည့် ပစ္စည်းများ၏ အရည်အသွေး အသေးစိတ်သတ်မှတ်ချက်စာရင်း Specification အရေအတွက်နှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ တံတား အထူးအဖွဲ့(၂)၊ မုံရွာမြို့တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၇-၂-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၁-၂-၂၀၁၇ ရက် ညနေ ၄နာရီ

(ခ) **တင်ဒါဖွင့်မည့်ရက်** - ၂၃-၂-၂၀၁၇ ရက် မွန်းလွဲ ၁ နာရီတိတိ

(ဂ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ချင်းတွင်းတံတား(ဟုမ္မလင်း) ရှင်းလင်းခန်းမဆောင် တံတားဦးစီးဌာန၊ ဟုမ္မလင်းမြို့

(ဃ) **တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၂)၊ မုံရွာမြို့၊ ဖုန်း-၀၉-၅၄၀၇၃၇၁၊ ၀၉-၄၀၀၅၁၄၇၀၀)

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**တံတားအထူးအဖွဲ့(၂)၊ မုံရွာမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ယ/ ၉၂၈၅၉ Hi Bird 100 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးမြင့် ၅/မမန(နိုင်)၀၅၅၀၆၈က (ကမ-၃)ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ဦးရွှေစိုးလမ်း၊ အမှတ် ၂၅၊ ဒုတိယထပ်(ခြေရင်းခန်း)၊ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးသူဇော် ၁၂/မရက(နိုင်)၁၁၀၆၉၁ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းယုမော် ၁၂/ကမန(နိုင်) ၀၆၅၆၈၄က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ၂၀-၂-၂၀၁၇ရက် နောက်ဆုံးထား၍ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးမြင့်ခင်**

**LL.B, DBL, DML, DIL, M.A, (Business Law) DL 101**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၃၁၈)**

**အမှတ် ၇၆၊ ၁၅၇လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၆၀၇၉၁၊ ၀၉-၇၉၅၃၅၄၄၃၉**

## အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ အလုံလမ်း၊ အမှတ် ၃၁၄နေ ဒေါ်ခင်စိုးရီ ၁၂/ဒဂန(နိုင်)၀၂၉၁၀၄၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၉၊ လှူနေရပ် ကွက်၊ ကံဘဲ့၊ မြေကွက်အမှတ် (၁/ဆ၂-က)၊ ဧရိယာ ၀.၁၁၅၈ဧကရှိ မြေပိုင်မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ အမှတ် ၄၆၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံတို့သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စိုး ရီအမည်ပေါက်ရှိ လက်ဝယ်ထားပိုင်ဆိုင်သည့် ပစ္စည်းဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်အဆောက်အအုံပေါ်သို့ ကျူးကျော်ဝင်ရောက်ခြံကာခြင်း၊ နေထိုင်ခြင်းများမပြုလုပ်ရန် အသိပေး ကြေညာအပ်ပါသည်။ ကျူးကျော်ခြံကာခြင်း၊ နေထိုင်ခြင်းများပြုလုပ်ပါက ကျူးကျော်သူ၊ နေထိုင်သူများကို ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးအေးအောင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၄၃၂၂)**

**အမှတ် ၁၂၁၊ ဒုတိယထပ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၂၅၆၉၄၊ ၀၉-၅၁၆၉၁၅၉၊ ၀၉-၉၇၅၁၆၉၁၅၉၊ ၀၉-၇၈၅၁၆၉၁၅၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့၊ ထိန်သစ်ရပ်ကွက်ပိုင်၊ မြို့တိုးချဲ့အကွက်အမှတ်(ဆ) မြေကွက်အမှတ် (ဆ/၁၁၇+ဆ/၁၃၂)၊ မြေချိန်ဧရိယာ (၀.၁၁၄၀၇၃+၀.၁၁၄၀၇၃) စုစုပေါင်းမြေ(၂)ကွက် ဧရိယာ ၀.၁၁၄၁၄၆ ဧကရှိ ဦးဝင်းနိုင်စိုး အမည်ပေါက် မြေတစ်ရပ်ဖြစ်ပြီး ထိုနယ်နိမိတ်(၄)ရပ်မှာ အရှေ့ဘက်တွင်လမ်း၊ အနောက်ဘက်တွင် ၆လမ်း၊ တောင်ဘက်တွင်လမ်း၊ မြောက်ဘက်တွင် မြေကွက်အမှတ် (၁၁၆)(၁၃၁) မြေစပ်စသည်တွင် ကျရောက်တည်ရှိပြီး ယင်းမြေကွက်မှ တ၀တရုံး၏ ၁၁-၅-၉၀ရက်စွဲပါစာအမှတ် ၅၄၀/၅-၄/တ၀တ အမိန့်စာအရ မြို့မြေအဖြစ်အသုံးပြုရန် လ/န-၃၉ ခွင့်ပြုမိန့် ထုတ်ပေးထားသည့် မြေတစ်ရပ်ဖြစ်ပြီး ယင်းမြေကွက်နှင့်မြေ ကွက်ပေါ်ရှိအိမ်တို့ကို ဦးဝင်းနိုင်စိုး(ဘ) ဦးကျော်သိန်း ၆/ထဝန(နိုင်)၀၇၇၆၆၆က မိမိတစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်လက်ရှိဖြစ်ပြီး ရောင်းဝယ်လွှဲပြောင်းနိုင်ခွင့်ရှိပါကြောင်း ထုတ်ဖော်ပြောဆိုဝန်ခံချက်အရ ကျွန်ုပ်၏အမှုသည်ဒေါ်မေဇင်သီလတ် ၁၂/ပဘတ(နိုင်)၀၂၉၈၅၅ ကဝယ်ယူရန်သဘောတူညီပြီး အရောင်းတန်ဖိုးငွေတစ် စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ရာ ယင်းမြေကွက်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ ကန့်ကွက်လိုသူများသည် ယခုဤကြော်ငြာပါရှိပြီး ၁၄ရက်အတွင်း ခိုင်လုံသော မှတ်ပုံတင်ပြီးစာချုပ်များနှင့် တရားရုံးဒီကရီမူရင်းများဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေနှင့်အိမ်အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင်ဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဇေယျ B.Sc,RL(Advocate)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၆၀၉)**

**တိုက် ၁၅၈၊ အခန်း ၄၅၊ ၆လွှာ(ယာ)၊ ၄၆လမ်း ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၃၅၀၅၅**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပားကျေးရွာ၊ ကွင်းအမှတ် ၁၉၅၅၊ ပုပ္ပားအနောက်ကွင်း၊ ဦးပိုင်အမှတ် ၁၈၊ မြေကွက်အမှတ် (ဃ-၃၆)၊ ဦးသိန်းဇော်အမည်ဖြင့် နှစ် (၃၀)မြေငှားဂရန်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မိတ္တူကူးယူခွင့် လျှောက်ထားမည်ဖြစ်ကြောင်းနှင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသိန်းဇော် ၉/မရမ(နိုင်) ၀၀၆၇၄၆**

**ပုပ္ပားကျေးရွာ၊ ကျောက်ပန်းတောင်းမြို့**

# ကျွန်တော်နဲ့ရသုံးမှန်းခြေ သို့မဟုတ် ဘတ်ဂျက်



## ပါမောက္ခ၊ ဒေါက်တာ အောင်ထွန်းသက်

ရသုံးမှန်းခြေလို့ပြောတာနဲ့ အစိုးရ၊ လွှတ်တော်နဲ့သာ သက်ဆိုင်တယ်လို့ ထင်ကြတယ်။ အမှန်တော့ ရသုံးမှန်းခြေဟာ လူတိုင်းနဲ့ ပတ်သက်တယ်။ လူတစ်ဦးချင်းအတွက် လည်းကောင်း၊ မိသားစုအတွက် လည်းကောင်း၊ လုပ်ငန်းအဖွဲ့အစည်းအတွက် လည်းကောင်း အရေးပါတယ်။ အင်္ဂလိပ်အသုံးအနှုန်းက ဘတ်ဂျက်-ဘတ်ဂျက်က အဓိပ္ပာယ်မျိုးစုံ ရှေ့တာမှုအကျုံးဝင်သလို သက်သက်သာသာရှိမှုလည်း ဖြစ်တယ်။ ကမ္ဘာလှည့်ခရီးသည်တွေ မြန်မာပြည်ကိုလည်ပတ်ရာမှာ ဈေးကြီးတဲ့ ဟိုတယ်တွေမှာ တည်းခိုသလို၊ တချို့တွေကျတော့ ဘတ်ဂျက်ဟိုတယ်လို့ ခေါ်တဲ့ ဈေးနှုန်းသက်သက်သာသာရှိတဲ့ နေရာတွေကိုလည်း ရှာဖွေကြတယ်။ မြန်မာဝေါဟာရဖြစ်တဲ့ ရသုံးမှန်းခြေက အနှစ်သာရသုံးမျိုး ပါဝင်တယ်။ ပထမကတော့ ရငွေဖြစ်တယ်။ ဒုတိယကတော့ သုံးစွဲငွေဖြစ်ပြီး နောက်ဆုံးကတော့ မှန်းခြေဖြစ်တယ်။ လူတစ်ဦးတစ်ယောက်အနေနဲ့ စဉ်းစားရင် သူရမယ့်ဝင်ငွေ၊ သူ့ရဲ့အသုံးစရိတ် ဒီနှစ်ခုအပေါ် ကြိုတင်ပြီး မှန်းဆချက်တွေ၊ မျှော်မှန်းချက်တွေ လုပ်ခြင်းဖြစ်တယ်။ မှန်းခြေဖြစ်တာမို့ တိတိကျကျ ပြောနိုင်မှုရှိမှာ မဟုတ်ဘူး။

မကြာမီကာလမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန်တော့မှာ ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ပြင်ဆင်ရတော့ မှာဖြစ်တယ်။ ဒါကြောင့် လုပ်ငန်းအဖွဲ့အစည်းတွေ၊ ဝန်ကြီးဌာနတွေမှာ ပြီးခဲ့တဲ့ ရသုံးမှန်းခြေဘတ်ဂျက်တွေပိတ်ကာ အသစ်တွေ ရွေးချယ်ပြင်ဆင်ဖို့ စိုင်းပြင်းနေကြတယ်။ နှစ်မစမီ ခန့်မှန်းခဲ့တဲ့ ရငွေတွေ၊ အသုံးစရိတ်တွေနဲ့ နှစ်ကုန်ချိန်မှာ အမှန်တကယ်ရခဲ့တဲ့ သုံးခဲ့တာတွေနဲ့ နှိုင်းယှဉ်ပြီး မှန်းခြေနဲ့ ဘယ်လောက်ကွဲလွဲမှုရှိတာကို စဉ်းစားသလို ကျန်တဲ့ရက်အတွင်း ကျန်ရှိတဲ့ငွေကို ဘယ်လိုသုံးဖို့ ဆိုတာကိုလည်း ရွေးချယ်မှုတွေပြုနေကြတယ်။ ဒီအလုပ်တွေဟာ အလွန်ဦးနှောက်ခြောက်စရာကောင်းတာ။ တစ်ဆက်တည်းမှာ နောက်တစ်နှစ်အတွင်း ရသုံးမှန်းခြေကို စဉ်းစားရပြန်တယ်။ ဒါတွေကိုရေးရင်း လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅ နှစ်ကျော်ကျော် ဝန်ကြီးဌာနမှာ တာဝန်ယူတုန်းက အတွေ့အကြုံတွေ သွားသတိရမိတယ်။ ဦးစီးဌာနတစ်ခုကို ကြီးကြပ်ရင်း ဘတ်ဂျက်ကို ရေးဆွဲရတယ်။ ဘဏ္ဍာနှစ်ကုန်ခါနီးမှာ ရထားတဲ့ ဘဏ္ဍာရေးခွဲဝေမှုတွေကို မကုန်ကုန်အောင်သုံးဖို့ အာရုံပြုရတယ်။ နှစ်မကုန်ခင် အကုန်မသုံးနိုင်ရင် ပြန်အပ်ရမှာ။ ဒါကြောင့် ကိုယ့်ဌာနအတွက် လျာထားချက်တွေကို ကုန်အောင်သုံးဖို့ ကြိုးစားခဲ့တယ်။ မသုံးတဲ့ငွေတွေကို ပြန်အပ်ရမှာဖြစ်ပြီး နောက်တစ်နှစ်အတွက် ထိခိုက်မှုရှိနိုင်တာကိုလည်း ထည့်သွင်းစဉ်းစားရတယ်။

ဘတ်ဂျက်နဲ့ ပတ်သက်လာရင် အခြေခံအယူအဆတွေဟာ သမားရိုးကျပုံစံအတိုင်းရှိဆဲ ဖြစ်နေတာတွေ့ရတယ်။ စာရင်းကိုင်ရှုထောင့်ကို အလေးပေးပြီး သွင်းအားစုများအပေါ် အာရုံပြုတာရှိတယ်။ ဌာနတစ်ခုချင်းအလိုက် ငွေကြေးသုံးစွဲမှု၊ ပစ္စည်းကိရိယာ၊ အသုံးအဆောင်ဝယ်ယူမှုကို တိတိကျကျ တွက်ချက်ပြီး ခန့်မှန်းမှုများကို ဆောင်ရွက်ကြတယ်။ ယခင်နှစ်က အခြေအနေကို အခြေခံပြီး နောက်နှစ်အတွက် အတိုးအလျှော့တွေ လုပ်ကြတယ်။ အတိုးအလျှော့ကိုသာ ပြောတယ်။ လျှော့တယ်ဆိုတာက ဖြစ်လေ့မရှိဘဲ တိုးတာပဲရှိပါတယ်။ ဘတ်ဂျက်ရေးဆွဲရာမှာလည်း ရငွေနဲ့သုံးငွေချိန်ဆရင် လိုငွေပြမှုကို ယေဘုယျအားဖြင့် မလိုလားဘဲ ပိုငွေပြလိုမှုကို အသားပေးခဲ့ကြတယ်။ ဒါတွေဖြစ်တာက ထုံးစံဖြစ်နေတယ်။ အရင်ကလည်း ဒီလိုလုပ်ခဲ့တယ်။ အခုလည်း ဒီလိုလုပ်မယ်ဆိုတဲ့ ဆန္ဒရှိနေတာ ဖြစ်တယ်။

ဒီလိုဖြစ်ရတဲ့အကြောင်းရင်းက စီမံခန့်ခွဲမှုအယူအဆဖြစ်တယ်။ သမားရိုးကျပုံစံအရ လုပ်ငန်းအဖွဲ့အစည်းတွေကို စီမံတဲ့နေရာမှာ လှုပ်ရှားမှု အလုပ်လုပ်တာကိုသာ မဏ္ဍိုင်ထားပြီး စဉ်းစားကြတယ်။ တစ်နည်းပြောရရင် အလုပ်များတာကို အားပေးတယ်။ ချီးကျူးတယ်၊ အသိအမှတ်ပြုတယ်။ အလုပ်တွေများပြီး အလုပ်လုပ်တဲ့အတွက် ရလာမယ့် ရလဒ်အဖြေကိုတော့ မစဉ်းစားကြဘူး။ နေ့မအိပ်၊ ညမအိပ်လုပ်တာကို ဂုဏ်ယူကြတယ်။ အခုလို အလုပ်လုပ်နေတဲ့အတွက် ဘာထူးသလဲဆိုတာကို မစဉ်းစားကြဘူး။ ဒါကြောင့်လည်း ရလဒ်ကို အခြေပြုတဲ့ စီမံခန့်ခွဲမှုဆိုတဲ့ အတွေးအခေါ်သစ်တစ်ရပ် ပေါ်လာခဲ့တယ်။ ဒီအတွေးအခေါ်ကို နားလည်လွယ်အောင် အဖွဲ့အစည်းတစ်ခုမှာ ဝန်ထမ်းတွေကို သင်တန်းပေးတဲ့ ဥပမာနဲ့စဉ်းစားလို့ရနိုင်တယ်။ သင်တန်းတစ်ခုပေးဖို့ သွင်းအားစုတွေ လိုအပ်တယ်။ ငွေကြေး၊ သင်ထောက်ကူပစ္စည်း၊ သင်တန်းဆရာ၊ ဆရာမ၊ သင်တန်းခန်းမ၊ အစားအသောက် အကျွေးအမွေး၊ ဒီသွင်းအားစုတွေရှိမှ သင်တန်းကိုပေးနိုင်မှာ ဖြစ်တယ်။

သင်တန်းအတွက် သွင်းအားစုသာမက အလုပ်တွေလည်း လုပ်ဖို့လိုအပ်တယ်။ သင်ကြားမှု၊ ဆွေးနွေးမှု၊ ပို့ချမှုစတဲ့ လှုပ်ရှားမှုတွေကို မလွဲမသွေ ဆောင်ရွက်သွားရမှာသာ ဖြစ်တယ်။ ဒါပေမယ့် ဒီသွင်းအားစုနဲ့ လှုပ်ရှားမှုတွေဟာ ရလဒ်တွေ မဟုတ်ဘူး။ သင်တန်းတစ်ခုရဲ့ရလဒ်က သင်တန်းဆင်းသွားတဲ့ ဦးရေအရေအတွက်ဖြစ်တယ်။ ဒါပေမယ့် သင်တန်းတစ်ခုမှာ သင်တန်းဆင်းသွားတဲ့ သူတွေရှိနေရုံနဲ့ မပြည့်စုံဘူး။ သင်တန်းသားတွေရဲ့အသိတရားတွေ၊ အတွေးအခေါ်အယူအဆတွေဟာ သင်တန်းမတက်မီက ရှိတာထက်တိုးတက်လာဖို့လိုတယ်။ ဒီလိုတိုးတက်မှုဟာ ဒုတိယအဆင့်ရလဒ်ဖြစ်တယ်။

အခုလို အမြင်တွေ၊ အတွေးတွေမြင့်မားလာကာ လုပ်ငန်းခွင်မှာ အလုပ် လုပ်တဲ့နေရာမှာ သင်တန်းမတက်မီ ကာလထက် ပိုပြီးထိထိ ရောက်ရောက်လှုပ်ရှားနိုင်ပြီး ဆောင်ရွက်ခဲ့တာမို့ အဖွဲ့အစည်း အတွင်း အခြေခံပြောင်းလဲမှုတွေ ဖြစ်ပေါ်လာမှုဟာ တတိယနဲ့ နောက်ဆုံးအဆင့်ရလဒ်လို့ ပြောလို့ရတယ်။ အခုလို သွင်းအားစု က စတင်ပြီး လှုပ်ရှားလုပ်ဆောင်မှုမှရလာတဲ့ ပထမအဆင့်ရလဒ် ဒုတိယအဆင့်ရလဒ်နဲ့ တတိယအဆင့် ရလဒ်တွေကို ရလဒ်ကွင်းဆက် လို့သတ်မှတ်နိုင်မှာဖြစ်တယ်။ အပိုင်းငါးပိုင်းပါဝင်တဲ့ ကွင်းဆက်အနေနဲ့ သုံးလို့ရတယ်။ ရလဒ်ကို နားလည်သဘောပေါက်ဖို့ ရေကန် ကမ်းနံဘေးကို ရပ်ပြီး ကျောက်ခဲတစ်လုံး ရေပေါ် ရှပ်ပစ်တဲ့ သာဓကကို ယူလို့ရတယ်။ ခဲပစ်တဲ့ လူနဲ့ ကျောက်ခဲဟာ သွင်းအားစုဖြစ်တယ်။ ခဲပစ်တာက လှုပ်ရှားမှု အလုပ်၊ ဒီသွင်းအားစုနဲ့ လှုပ်ရှားမှုပေါင်းပြီး ကျောက်ခဲရေပြင်နဲ့ ပထမဆုံးအကြိမ်ထိတွေ့တာက ပထမအဆင့်ရလဒ်၊ ရေပြင်ကခုန်ပြီး ဒုတိယအကြိမ် ရေပြင်ကို ထိတွေ့တာက ဒုတိယရလဒ်၊ အဆင့်ဆင့် ကန်ရေပြင်နဲ့ထိပြီး နောက်ဆုံးထလာတဲ့လှိုင်းတွေ ကန်ရဲ့တစ်ဖက်ကမ်းကို ရိုက်ခတ်တာတွေက ရလဒ်ကအဆင့်ဆင့်တွေ ဖြစ်တယ်။ ဒါကြောင့် အလုပ်တစ်ခုလုပ်တော့မယ် စဉ်းစားရင် အလုပ်လုပ်ရုံတင် အာရုံမထားဘဲ ဒီအလုပ်ကြောင့် ရလာတဲ့ရလဒ်ကို ဂရုစိုက်ဖို့ လိုအပ်လှပါတယ်။ ရလဒ်ကိုအခြေပြုတဲ့စီမံခန့်ခွဲမှုအတွေးအခေါ်ကို ကျင့်သုံးနိုင်ရင် အဖွဲ့အစည်းတွေအတွက် အလွန်ထူးခြားတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်ရမှာဖြစ်တယ်။

**အလုပ်တစ်ခုလုပ်တော့မယ် စဉ်းစားရင် အလုပ်လုပ်ရုံတင် အာရုံမထားဘဲ ဒီအလုပ်ကြောင့် ရလာတဲ့ရလဒ်ကို ဂရုစိုက်ဖို့ လိုအပ်လှပါတယ်။ ရလဒ်ကိုအခြေပြုတဲ့ စီမံခန့်ခွဲမှုအတွေးအခေါ်ကို ကျင့်သုံးနိုင်ရင် အဖွဲ့အစည်းတွေအတွက် အလွန်ထူးခြားတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်ရမှာဖြစ်တယ်**

စဉ်းစားချက်တွေပြောင်းဖို့ အလွန်အရေးကြီးလှပါတယ်။ အခုလို ရလဒ်ကိုအခြေပြုတဲ့ စီမံခန့်ခွဲမှုကို ကျင့်သုံးနိုင်ဖို့ ဦးစားပေးမှုကို ပြတ်ပြတ်သားသားရွေးချယ်နိုင်စွမ်းရှိဖို့ လိုအပ်တယ်။ ကျွန်တော်သတိထားမိတဲ့ အချက်တစ်ခုက အခုအချိန်မှာ လုပ်စရာတွေက အများကြီး။ နေရာတိုင်းမှာ ပြင်ရမှာ၊ ဒီအခြေအနေမျိုးမှာ ဦးစားပေးပြီး စဉ်းစားတတ်ဖို့ အလွန်အရေးကြီးပါတယ်။ အားလုံးဟာ အရေးကြီးနေရင် ဘာမှအရေးမကြီးတော့ဘူးဆိုတာ သတိထားရမယ်။ ဟိုဟာလည်းလုပ်ချင်၊ ဒီဟာလည်း လုပ်ချင်လာမှာမို့ နောက်ဆုံးဘာမှမလုပ်နိုင်ဘဲ မဖြစ်ဖို့ သတိပြုရမယ်။

ကျွန်တော်ကုလသမဂ္ဂအဖွဲ့အစည်းမှာ တာဝန်ယူစဉ် ရလဒ်ကို အခြေပြုတဲ့စီမံခန့်ခွဲမှု ပညာကို လေ့လာခွင့်ရခဲ့တယ်။ လေ့လာပြီး အကြီးတန်းဝန်ထမ်းတွေကို သင်ကြားပို့ချခွင့်ရခဲ့တယ်။ အဓိက အခက်အခဲက စိတ်ထားပဲဖြစ်တယ်။ စဉ်းစားချက် မပြင်နိုင်တဲ့သဘော မိမိဆောင်ရွက်နေတဲ့ အလုပ်ကိုသာ အာရုံပြုပြီး လုပ်တဲ့အတွက် ဘာဖြစ်မလဲ ဘာရလဒ်တွေ ရမလဲဆိုတာကို မစဉ်းစားနိုင်ကြဘူး။ စိတ်ရင်းစေတနာကောင်းကောင်းနဲ့လုပ်နေတာမို့ လုပ်တာနဲ့ ရလဒ်ရလိမ့်မယ်လို့ ထင်နေကြတာ။ အမှန်တော့ ရလဒ်ကိုဗဟိုပြုဖို့က အလွန်အရေးကြီးလှတယ်။

ရလဒ်ကိုအခြေပြုတဲ့ စီမံခန့်ခွဲမှုကို ကျင့်သုံးမှ ရလဒ်ကို အခြေခံတဲ့ ဘတ်ဂျက်ရသုံးမှန်းခြေကို ရေးဆွဲစဉ်းစားနိုင်မှာ ဖြစ်တယ်။ ဘတ်ဂျက် ရေးဆွဲနေတာ၊ ဆွေးနွေးတာတွေ ကြည့်ရင် အာရုံစိုက်မှုက ငွေဘယ်လောက်ကုန်မလဲ၊ ဘယ်လောက်သုံးမလဲ ဆိုတာကိုသာ ပြောနေကြတာ။ ဒီလောက်သုံးတဲ့အတွက် ဘာတွေဖြစ်လာမလဲ။ ဘယ်လိုအကျိုးကျေးဇူးတွေရမလဲ။ ဘယ်လိုရလဒ်တွေ မျှော်လင့်ထားတယ်ဆိုတာ မပါဘူး။ ဥပမာအားဖြင့် ကျန်းမာရေးအသုံးစရိတ်ကို ၁၀ ရာခိုင်နှုန်းတိုးသုံးမယ်လို့ တင်ပြတယ်။ ဆွေးနွေးတဲ့ သူတွေကလည်းအခုလို ၁၀ ရာခိုင်နှုန်းတိုးသုံးလိုက်တဲ့အတွက် ဘာအကျိုးကျေးဇူးတွေ ရမယ်ဆိုတာကို မပြောကြဘူး။ ၁၀ ရာခိုင်နှုန်းအစား ၈ ရာခိုင်နှုန်း၊ ၉ ရာခိုင်နှုန်းသုံးဖို့ပဲ ငြင်းခုံနေကြတာ။ တကယ်တော့ ၁၀ ရာခိုင်နှုန်းတိုးလိုက်ရင် အသက်ရှင်နှုန်း ဘယ်လောက်တက်လာမလဲဆိုတာကို မပြောကြ၊ မဆွေးနွေးကြဘူး။ ပညာသင်ကျောင်းတိုးဆောက်ဖို့ ဘတ်ဂျက်ပိုတောင်းတယ်။ အခုလို တောင်းတာမို့ ပညာရေးအဆင့် ဘယ်လောက်တက်လာမလဲဆိုတာ မပြောနိုင်ဘူး။ ရလဒ်ကိုမပြောနိုင်ဘဲ လုပ်မယ့် အကြောင်းတွေကိုသာပြောပြီး ငြင်းကြ၊ ခုံကြ၊ ဆွေးနွေးကြ၊ ပြတ်တောက်ကြ၊ တိုးမြှင့်ကြ ကျွန်တော့်စိတ်ထဲကတော့ တလွဲဆံပင်ကောင်းနေကြတာ။ တံတားဘယ်နှစ်စင်းဆောက်ဖို့ ဘတ်ဂျက်တင်တယ်။ အခုလို တံတားအသစ်တွေ တိုးပြီးဆောက်တဲ့အတွက် ဘယ်လိုရလဒ်မျိုးရမလဲဆိုတာကို စဉ်းစားသင့်တယ်။ စီးပွားရေးအမြင်နဲ့ကြည့်ရင် သွင်းအားစုကိုသာ အာရုံပြုနေတဲ့ ဘတ်ဂျက်ပုံစံတွေဖြစ်ပြီး အထွက်ကိုမစဉ်းစားကြဘူး။ စွမ်းအားစုသုံးစွဲမှုဟာ အရေးကြီးပါတယ်။ ဒါပေမယ့် ပိုပြီးအရေးကြီးတာက ဒီသွင်းအားစုတွေ သုံးတဲ့အတွက် ဘယ်လိုရလဒ်တွေရမလဲဆိုတာကို စဉ်းစားဖို့အရေးကြီးလှတယ်။ စီးပွားရေးပညာဟာလည်း အမြဲပြောင်းလဲတိုးတက်နေတာမို့ အတွေးအခေါ်သစ်တွေနဲ့လိုက်မီအောင် ကြိုးစားရမှာ။ အတွေးဟောင်းတွေ၊ ခေါက်ရိုးကျိုးနေတဲ့ပုံစံတွေနဲ့ လုပ်နေလို့ မဖြစ်ဘူးလို့ ထင်မြင်တယ်။

ကျွန်တော် အခုချိန်အထိ စာသင်နေတုန်း။ ကိုယ့်ရဲ့ကျောင်းသားတွေကို ရလဒ်အခြေပြုတဲ့ အတွေးအခေါ်တွေရအောင် အမြဲသတိပေးတယ်။ ကြိုးစားတာဟာ ရလဒ်မဟုတ်ဘူး။ စာမေးပွဲမှာအမှတ်များများရတာက ရလဒ်အမှန်။ ကြိုးစားပြီး စာမေးပွဲကျရင်အချည်းနှီးပဲ။ ကျွန်တော်တို့ ယဉ်ကျေးမှုမှာ ကြိုးစားတာကို သိပ်အလေးပေးတာ တွေ့ရတယ်။ အမှန်အာရုံစိုက်ရမှာက ကြိုးစားမှုမဟုတ်ဘဲ ရလဒ်ဖြစ်တယ်။

ရလဒ်ကို အခြေပြုတဲ့ စီမံခန့်ခွဲမှုနဲ့ ဘတ်ဂျက်ရေးဆွဲမှုဟာ ကျွန်တော်တို့နိုင်ငံမှာ အလွန်လိုအပ်နေတာ တွေ့ရတယ်။ အတွေးအခေါ်ပြောင်းပြီး ရဲရဲဝံ့ဝံ့စဉ်းစားဖို့လိုအပ်နေတာတွေ့ရတယ်။ ရလဒ်ကိုပြနိုင်တာတွေကိုသာ အာရုံစိုက်ပြီး ဆောင်ရွက်သွားရမှာ ဖြစ်တယ်။ ဘတ်ဂျက်နဲ့ ပတ်သက်လာရင် တင်ပြတဲ့သူတွေရဲ့ အတွေးမှာ တင်တဲ့ ဘတ်ဂျက်ကို ဖြတ်တောက်ရင် သိပ်ခံစားရတယ်။ ငါတင်တာကို သဘောမတူဘဲ အဖြတ်အတောက်ခံရတာကို မကျေနပ်ကြဘူး။ အမှန်တော့ တင်ပြတဲ့ငွေဟာ သူ့ငွေမဟုတ်ဘဲ ပြည်သူတွေရဲ့ငွေဖြစ်တယ်ဆိုတာ မေ့နေကြတယ်။ ပြည်သူ့ဘဏ္ဍာကို ထိန်းသိမ်းဖို့တာဝန်ကိုယ့်မှာရှိတာ။ ဒီတာဝန်ကျေပွန်ဖို့ ရလဒ်ကို ဖော်ပြနိုင်မှဖြစ်တာ။ နောက်အချက်တစ်ခုက စရိတ်တွေလျှော့ဖို့ အာရုံပြုနေကြတယ်။ စရိတ်လျှော့သုံးတာက ရလဒ်မဟုတ်ဘူး။ စရိတ်လျှော့ဖို့ က လွယ်တယ်။ ဘာမှမလုပ်၊ ဘာမှမသုံးရင် စရိတ်တစ်ပြားမှ ကုန်မှာမဟုတ်ဘူး။ ခြိုးခြံတာက လူကြားလို့ကောင်းပေမယ့် တကယ်စဉ်းစားရမှာက ရလဒ်ဖြစ်တယ်။ စရိတ်သက်သာစေချင်ရင် ခရီးကိုကားမစီးဘဲ လမ်းလျှောက်လို့ဖြစ်တယ်။ ဒါပေမယ့် လမ်းလျှောက်တာဟာ လိုချင်တဲ့ရလဒ် မဟုတ်ဘူး။ တကယ်တမ်း စဉ်းစားရမှာက စရိတ်တစ်ခုတည်းမဟုတ်ဘဲ စရိတ်နဲ့ထိရောက်မှုတို့ရဲ့ ဆက်စပ်မှု။ ဈေးကြီးတဲ့ကားကို ဝယ်စီးရင် စရိတ်စက ကြီးမားပေမယ့် ထိရောက်မှုက ပိုများတယ်။ ဈေးပေါပေါကား ဝယ်စီးလို့ ငွေသက်သာပေမယ့် ရေရှည်မသုံးနိုင်ဘူး။ ဒါကြောင့် စရိတ်တစ်ခုတည်းကိုသာ အာရုံမစိုက်ဘဲ ကုန်ကျစရိတ်နဲ့ရလာမယ့် အကျိုးကို ချိန်ဆရမှာ ဖြစ်တယ်။ ကျွန်တော် ဂျာမနီနိုင်ငံမှာ ဘွဲ့လွန်ပါရဂူဘွဲ့ယူစဉ် အခန်းဖော်က ပိုလန်နိုင်ငံက ပါမောက္ခ၊ သူ့နိုင်ငံဟာ တစ်ချိန်တုန်းက ကျွန်တော်တို့နိုင်ငံလိုပဲ ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးနေတာ။ စီးပွားရေးကျပ်တည်းတယ်။ သူတို့လိုပဲ အဲဒီတုန်းက မြန်မာနိုင်ငံကလည်း အခက်အခဲ အမျိုးမျိုး။ သူနဲ့ဈေးအတူဝယ်ရင် သူကဈေးကြီးတဲ့ ဖိနပ်ကိုဝယ်တယ်။ သူ့ကို ကျွန်တော်မေးမိတယ်။ တို့မှာကျောင်းကထောက်ပံ့တဲ့ငွေပဲရှိတာ။ မင်းခြိုးခြံပြီး ဈေးပေါတဲ့ဖိနပ်ဝယ်စီးပါလားလို့ တိုက်တွန်းမိတယ်။ သူ့ရဲ့အဖြေကို ကျွန်တော်အခုထိ အလွတ်ရနေမိတယ်။ တို့က ဆင်းရဲတာမို့ ဈေးကြီးတဲ့ဖိနပ်တစ်ရန်ဝယ်စီးရင် အကြာကြီး အစီးခံတာ၊ ဈေးပေါပေါနဲ့ ဝယ်လိုက်ရင် ခဏပဲစီးရမှာ။ သူက ဘူမိဗေဒပညာရှင်ဖြစ်ပေမယ့် ကျွန်တော့်ထက် စီးပွားရေးကို နားလည်နေတာ။

## သဖန်းဆိပ်ရေလှောင်တမံမှ ယခင်နှစ်များထက် စော၍ စိုက်ပျိုးရေထုတ်လွှတ်ပေး

**ကျွန်းလှ ဖေဖော်ဝါရီ ၁၂**

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်ရှိ မူးမြစ်ကိုအသုံးချတည်ဆောက်ထားသော သဖန်းဆိပ်ရေလှောင်တမံမှ ၂၀၁၆ခုနှစ်က ထက်ရှစ်ရက်ခန့်စော၍ နွေစပါးနှင့်အခြားသီးနှံများကို ဖေဖော်ဝါရီ ၇ရက်မှစတင်ကာ ဆည်ရေပေးဝေနေပြီဖြစ်ရာအသုံးပြုရန် နှောင့်နှေးနေသောတောင်သူများအနေဖြင့် ရေရယူအသုံးပြုကြရန် ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ နှိုးဆော်အသိပေးလျက်ရှိကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသက်ခိုင်ဝင်းထံမှ သိရသည်။

“ဖေဖော်ဝါရီ ၇ရက်က စလွှတ်တယ်ဆိုပေမယ့် ဖေဖော်ဝါရီ ၁ ရက်ကတည်းက ဆည်ရေကို ထိန်းလွှတ်ပေးနေတာပါ။ ဆည်ရေလွှတ်တဲ့အတွက် တောင်သူတွေစိုက်ရေးပျိုးရေးအတွက်ရော လျှပ်စစ်ဓာတ်အားရရှိရေးအတွက်ပါ အကျုံးဝင်ပါတယ်။ ရေလွှတ်တာကို တစ်ရက်တိုးလွှတ်ပေးနေပါတယ်။ ရေတိုးလွှတ်တာနဲ့အတူ လျှပ်စစ်ဓာတ်အားကလည်း တဖြည်းဖြည်း တိုးထုတ်ပေးနေပါတယ်။

အခုလို သဖန်းဆိပ်ကရေပေးနေတဲ့အချိန်မှာ တောင်သူတွေအနေနဲ့ အကျိုးရှိရှိ ဆည်ရေ ရယူသုံးစွဲစေချင်ပါတယ်။ မသုံးဘူးဆိုရင်ပေးတဲ့ ရေတွေဟာ ရေဆိုးထုတ်မြောင်းတွေကနေတစ်ဆင့် မူးမြစ်ထဲ ပြန်ရောက်ကုန်မှာဖြစ်တဲ့အတွက် အကျိုးရှိအောင်သုံးကြဖို့ အသိပေးတာတွေ လုပ်ဆောင်နေပါတယ်” ဟု ၄င်းက ဆက်လက်ပြောသည်။

မျိုးဝင်းထွန်း (မုံရွာ)



# ယခု တစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲ ဖြစ်ပေါ်ခဲ့သည့် သီးနှံများ



## ဖြိုးလွင်အောင် (AMIA)၊ ဓာတ်ပုံ- သိဒ်

ဇန်နဝါရီလ အခုအပတ်မှာ ပြည်ပကို အဓိက တင်ပို့နေတဲ့ မတ်ပဲ (FAQ/RC)၊ ပဲစင်းငုံနီ (RC) ဈေးနှုန်းတွေ အနည်းငယ် မြင့်တက်လာတာကို တွေ့မြင်ရပါတယ်။ အလားတူ နှမ်းရောင်စုံဈေးတွေလည်း ဈေးနှုန်း အတက်၊ အကျတွေနဲ့ လှုပ်ခတ်နေပါတယ်။ ကြက်သွန်နီဈေးတွေကတော့ အနည်းငယ်ကျဆင်းသွားပါတယ်။ ဆန်ဈေးနှုန်းတွေကတော့ ဒီတစ်ပတ်လုံးမှာ အပြောင်းအလဲမရှိ တည်ငြိမ်နေတာကို တွေ့မြင်ရပါတယ်။

**မတ်ပဲ (FAQ / RC) ဈေးမြင့်တက်**

ဇန်နဝါရီလ အခုတစ်ပတ်ရဲ့တနင်္လာနေ့က မတ်ပဲ (FAQ/RC) တစ်တန်ကို ငွေကျပ် ၉၂၄၀၀၀ နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ပြီး သောကြာ နေ့မှာတော့ တစ်တန်ကို ငွေကျပ် ၉၅၈၅၀၀ အထိ မြင့်တက်လာပါတယ်။ တစ်ပတ်အတွင်း တစ်တန်ကို ငွေကျပ် ၃၄၅၀၀ခန့် မြင့်တက်လာတာပါ။ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းကတော့ မတ်ပဲ (FAQ / RC) တစ်တန်ကို ငွေကျပ် ၁၆၄၂၀၀၀အထိ မြင့်တက်ခဲ့ တာကို တွေ့ရပါတယ်။

**ပဲစင်းငုံနီ (RC) ဈေးနှုန်းများ အနည်းငယ် မြင့်တက်**

ပြည်ပတင်ပို့တဲ့ ပဲအမျိုးအစား တစ်ခုဖြစ်တဲ့ ပဲစင်းငုံနီ (RC)ကတော့ ဒီအပတ်ရဲ့



တနင်္လာနေ့က တစ်တန်ကို ငွေကျပ် ၇၆၉၀၀၀ ခန့်နဲ့ အရောင်းအဝယ်ဖြစ်နေရာကနေ သောကြာ နေ့မှာတော့ တစ်တန်ကို ငွေကျပ် ၇၉၂၀၀၀ အထိ မြင့်တက်လာတာကို တွေ့မြင်ရပါတယ်။ တစ်ပတ်အတွင်းမှာ တစ်တန်ကို ငွေကျပ် ၂၃၀၀၀ မြင့်တက်လာတာ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် ဇူလိုင်လကတော့ ပဲစင်းငုံနီ (RC) တစ်တန်ကို ငွေကျပ် ၁၅၀၀၀၀၀ အထိ မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

**ပဲတီစိမ်း ဈေးတည်ငြိမ်**

ပဲတီစိမ်းကတော့ ဒီတစ်ပတ်လုံး ဈေးနှုန်းအပြောင်းအလဲ ကြီးကြီးမားမားမရှိဘဲ ပိဿာချိန် ၆၀ ကို ငွေကျပ် ၉၈၀၀၀ နဲ့ ၁၀၅၀၀၀ အကြားတွင် အရောင်းအဝယ် ဖြစ်နေပါတယ်။

**နှမ်းရောင်စုံဈေးနှုန်းများ ကျဆင်း**

ဒီအပတ်မှာ နှမ်းရောင်စုံဈေးတွေ ကျဆင်းနေတာကို တွေ့ရပါတယ်။ ယခု အပတ် တနင်္လာနေ့မှာ နှမ်းနက်(စမုံ) တစ်အိတ်ကို အမြင့်ဆုံးငွေကျပ် ၁၄၀၀၀၀ ရှိရာကနေ သောကြာနေ့မှာတော့ တစ်အိတ်ကို ငွေကျပ် ၁၄၂၀၀၀ အထိ မြင့်တက်လာပါတယ်။

နှမ်းနက်ကတော့ ဒီအပတ် တနင်္လာနေ့က တစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၁၀၀၀၀၀ ရှိရာကနေ သောကြာနေ့မှာတော့ တစ်အိတ်ကို ငွေကျပ် ၉၅၀၀၀၀ အထိ ကျဆင်းသွားတာကို တွေ့ရပါတယ်။

နှမ်းဖြူကတော့ ဒီအပတ် တနင်္လာနေ့က တစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၁၀၀၀၀၀ ရှိရာကနေ သောကြာနေ့မှာတော့ တစ်အိတ်ကို ငွေကျပ် ၁၀၃၀၀၀ ထိ မြင့်တက်လာတာကို တွေ့ရပါတယ်။

ပန်းနှမ်းလည်း တနင်္လာနေ့က တစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၈၅၀၀၀ ရှိရာကနေ သောကြာနေ့မှာတော့ တစ်အိတ်ကို ငွေကျပ် ၈၃၀၀၀ ကို ကျဆင်းသွားပါတယ်။

နှမ်းညိုကတော့ ဒီတစ်ပတ်လုံးမှာ တစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၇၅၀၀၀ နဲ့ တည်ငြိမ်နေတာကို တွေ့ရပါတယ်။

**ဆန်ဈေးနှုန်း တည်ငြိမ်**

အလားတူ ဆန်ဈေးနှုန်းတွေလည်း ယခုတစ်ပတ်လုံးမှာ တည်ငြိမ်နေတာကို တွေ့ရပါတယ်။ ဒီတစ်ပတ် တနင်္လာနေ့က ပေါ်ဆန်းမွှေးဆန် တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၃၆၅၀၀ ၊ ညှော့မထဆန်တစ်အိတ် ငွေကျပ် ၁၈၀၀၀ ၊ ငစိန်ဆန် တစ်အိတ် အမြင့်ဆုံး ငွေကျပ် ၁၈၀၀၀ ၊ မြီးတုံးဆန်တစ်အိတ် အမြင့်ဆုံးငွေကျပ် ၂၀၀၀၀၊ မိုးသုခဆန် တစ်အိတ် ငွေကျပ် ၂၅၀၀၀၊ နှွေသီးထပ်ဆန် တစ်အိတ် ငွေကျပ် ၂၀၀၀၀ ခန့်နဲ့ တစ်ပတ်လုံး အပြောင်းအလဲမရှိ အရောင်းအဝယ် ဖြစ်နေပါတယ်။

**ကြက်သွန်နီ ဈေး ပြန်လည်ကျဆင်း**

ဆိပ်ဖြူ၊ တောင်တွင်း၊ မြင်းခြံ၊ မြစ်သားနယ်တွေက ထွက်ရှိတဲ့ ကြက်သွန်နီ ဈေးတွေကတော့ ဒီတစ်ပတ်ရဲ့တနင်္လာနေ့မှာ တစ်ပိဿာကို အနိမ့်ဆုံးဈေး ငွေကျပ် ၁၃၀၀ ကျပ်ကနေ အမြင့်ဆုံးဈေး ငွေကျပ် ၂၃၀၀ နဲ့ အရောင်းအဝယ်ရှိနေရာကနေ ဈေးပိတ်ချိန်ဖြစ်တဲ့ သောကြာနေ့မှာတော့ ကြက်သွန်နီတစ်ပိဿာကို အနိမ့်ဆုံးဈေး ငွေကျပ် ၁၈၀၀ ကျပ်ကနေ အမြင့်ဆုံးဈေး ငွေကျပ် ၂၁၅၀ နဲ့ အရောင်းအဝယ်ရှိနေပါတယ်။

# ၂၀၁၇ ခုနှစ်တွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ ပို့ကုန်မဟာဗျူဟာတွင် ထည့်သွင်းရေးဆွဲ

## ဖြိုးလွင်အောင် (AMIA)

ပြည်တွင်းထွက် ဟင်းသီး၊ ဟင်းရွက် သစ်သီးဝလံများကို ပြည်ပနိုင်ငံ ဈေးကွက်များသို့ တိုးချဲ့တင်ပို့နိုင်ရန်အတွက် ပို့ကုန်မဟာဗျူဟာ စီမံကိန်းအတွင်းထည့်သွင်းရေးဆွဲထားပြီး ၂၀၁၇ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ကုန်သွယ်မှုမြှင့်တင်ရေးအစီအစဉ်အနေဖြင့် ပို့ကုန်မဟာဗျူဟာ စီမံကိန်းကို ၂၀၁၅ ခုနှစ်အတွင်းက ကဏ္ဍခုနစ်ခုဖြင့် ငါးနှစ်စီမံကိန်းဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ပြောသည်။

"ပို့ကုန်မဟာဗျူဟာစီမံကိန်းက ကုန်သွယ်ရေးကဏ္ဍ ခြောက်ခု ၊ ဝန်ဆောင်မှု ကဏ္ဍတစ်ခု စုစုပေါင်း ခုနစ်ခုနဲ့ ရေးဆွဲထားတာ။ အခု တစ်ခုထပ်တိုးလိုက်တာပေါ့"ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ ပို့ကုန်မဟာဗျူဟာ စီမံကိန်းရေးဆွဲခြင်းအတွက် နည်းပညာနှင့် ငွေကြေး အကူအညီများကို နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းအချို့မှ အကူအညီပေးထားကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ တင်ပို့နေသည့် ဟင်းသီးဟင်းရွက် သစ်သီးဝလံများမှရရှိသည့် ဝင်ငွေများတွင် ဖရဲ၊ သခွားတင်ပို့မှုမှ ဝင်ငွေ ၈၀ ရာခိုင်နှုန်းခန့်ရရှိနေပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဟင်းသီး ဟင်းရွက် သစ်သီးဝလံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၃ သန်းခန့်ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က "ကျွန်တော်တို့ရဲ့ သစ်သီးဈေးကွက်က တရုတ်နိုင်ငံတစ်ခုတည်းပဲ ဖြစ်နေသေးတဲ့အတွက် အခြား ဒီထက်ဈေးကောင်းရမယ့် ပြည်ပဈေးကွက်တွေကို ချဲ့ထွင်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ အခု ဟင်းသီးဟင်းရွက်ကဏ္ဍကို ပို့ကုန်မဟာဗျူဟာထဲ ထည့်လိုက်ပြီဆိုတော့ အရင်ကထက် ပိုကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ပြီပေါ့"ဟု ပြောသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ဖရဲ၊ သခွားအပြင် စပျစ်သီး၊ နာနတ်သီး၊ ငှက်ပျောသီး၊ နဂါးမောက် သီးနှင့် သရက်သီးများကိုလည်း တင်ပို့နေပြီး လက်ရှိ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ယခုလအထိ ပြည်ပသို့ ဖရဲ၊ သခွား တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၆၀ ဝန်းကျင်ခန့် ရရှိထားကြောင်း သိရသည်။

# တောင်သူများဖိတ်ခေါ်၍ နည်းပညာဖြန့်ဝေသည့် ကွင်းသရုပ်ပြ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ရေအသုံးချရေးဌာနစု၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံဌာနစုနှင့် ပိုးမွှားဌာနစုကွင်းများသို့ တောင်သူများအားဖိတ်ခေါ်၍ ကွင်းသရုပ်ပြပွဲ အခမ်းအနားနှင့်အတူ နေပြည်တော်တိုင်းအတွင်းရှိ မတ်ပဲစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ပထမပတ်က စိုက်ပျိုးရေးသုတေသန ဦးစီးဌာန (ရေဆင်း) စုဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက ရေချွေတာသုံးစွဲသည့် ရေဖျန်းစနစ် (Spin-kler Irrigation)၊ ရေအစက်ချပေးသွင်းခြင်းစနစ် (Drip Irrigation)၊ နည်းစနစ်များကို တောင်သူများ အကျိုးရှိစွာ အသုံးပြုနိုင်စေရန်ရည်ရွယ်၍ စမ်းသပ်ထားခြင်းဖြစ်ကြောင်း ပြောကြားပြီး ရေအသုံးချရေးဌာနစုမှ ဒေါက်တာခင်မာဌေးက တောင်သူများ ရင်ဆိုင်ကြုံတွေ့နေရသည့် စိုက်ပျိုးရေ မလုံလောက်သော ပြဿနာများ ကျော်လွှားနိုင်ရန် သီးနှံ အမျိုးမျိုးအတွက် ရေခြွေတာသုံးစွဲနည်းများ ရှာဖွေကာ လက်ဆင့်ကမ်းပြသပေးလိုကြောင်း၊ တောင်သူ များ၏ ပြဿနာများကိုလည်း ဖြေရှင်းပေးရန် အသင့်ရှိကြောင်း ပြောကြားခဲ့သည်။



ထို့နောက် တက်ရောက်လာသည့် တောင်သူများက သိလိုသည်များ မေးမြန်းကာ ကွင်းအတွင်းရေဖျန်းစနစ် (Spin-kler Irrigation)၊ အစက်ချပေးခြင်း စနစ်(Drip Irrigation)၊ သီးနှံအကြွင်းအကျန်များ အသုံးပြုကာ ဖုံးအုပ်ခြင်းဖြင့် မြေအစိုဓာတ်ထိန်းသိမ်းသည့်စနစ်များကို ပြသရာ တက်ရောက်လာသူများမှ စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုခဲ့ကြသည်။

ထို့နောက် မတ်ပဲစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲအား စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပခဲ့ရာ တောင်သူများမှ မျိုးကောင်းမျိုးသန့်ရရှိမှုအခြေအနေများ၊ မြေဆီလွှာအာဟာရဓာတ်စီမံခန့်ခွဲမှုများ၊ ပိုးမွှားရောဂါကျရောက်ဖျက်ဆီးမှုများ၊ ရိတ်သိမ်းချိန်လွန် လေလွင့်ပျက်စီးမှုများနှင့် အခြားအခက်အခဲပြဿနာများ၊ စသည်တို့ကို တောင်သူများမှ ဆွေးနွေးကြရာ သက်ဆိုင်ရာပညာရှင်များက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# သုံးခွမြို့နယ်တွင် ပဲတီစိမ်းအသစ်များ ဈေးကွက်အတွင်းစတင်ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ရှိ ပဲဈေးကွက်အတွင်းသို့ ပဲတီစိမ်းအသစ်များ စတင်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ယခုဈေးကွက်အတွင်း ရောက်ရှိလာသော ပဲတီစိမ်းများမှာ ကုန်းမြင့်ပိုင်း ရေမဝပ်သော လယ်ကန်သင်းပေါ်တွင် စိုက်ပျိုးထားသောပဲ (ဒေသအခေါ် ကုန်းပဲ) များနှင့် စိုက်ပျိုးချိန်စော၍ လယ်ယာမြေမှ ထွက်ရှိသော ပဲများသာ ဖြစ်ကြောင်း သိရသည်။

ဈေးကွက်အတွင်းစတင်ဝင်ရောက်ခါစဖြစ်သည့်အတွက် ဈေးနှုန်းမှာ တည်ငြိမ်မှုမရှိသေးကြောင်း လှိုင်လှိုင်ပေါ်ပါက ဈေးနှုန်းအပြောင်းအလဲရှိနိုင်ကြောင်းနှင့် အထွက်နှုန်းကောင်း၍ ပေါက်ဈေးပိုမိုမြင့်မားပါက တောင်သူများ ပို၍တွက်ခြေကိုက် အဆင်ပြေကြောင်း သိရသည်။

သုံးခွမြို့နယ်တွင် မိုးစပါးနှင့် သီးထပ်အဖြစ် ဆောင်းသီးနှံ ပဲတီစိမ်းကို အဓိက စိုက်ပျိုးကြပြီး အချိန်အခါမဲ့မိုးကြောင့် ပဲစိုက်ပျိုးချိန် ၁၅ ရက်ခန့် နောက်ကျသော်လည်း ယခုဆွတ်ခူးချိန်ရာသီဥတု ကောင်းမွန်မှုကြောင့် အထွက်နှုန်းအလားအလာကောင်းမွန်မည်ဟု သိရသည်။ ပဲတီစိမ်းမှာ တစ်နေရာနှင့်တစ်နေရာ အထွက်နှုန်းကွာခြားမှုရှိနိုင်ပြီး မြေအမျိုးအစား ကောင်းမွန်မှု၊ ရာသီဥတုအခြေအနေပြုစုပျိုးထောင်ပုံနည်းစနစ် ကောင်းမွန်လျှင် တစ်ဧကတင်းနှစ်ဆယ် ကျော်ထွက်နိုင်ကြောင်း သိရသည်။ သုံးခွမြို့နယ်တွင် ၂၀၁၆-၂၀၁၇ စိုက်ပျိုး ရာသီ၌ ပဲတီစိမ်းစိုက်ဧက ၁၂၈၇၄၉၊ မတ်ပဲ ၁၃၅၈ ဧက၊ ပဲလွမ်း ၂၂၇ ဧက စုစုပေါင်း ၁၃၀၃၃၄ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကိုကျော်(သုံးခွ)**

# ကျန်းမာရေးရှုထောင့်မှကြည့်လျှင် နေကြာသည် စိုက်ပျိုးသင့်သည့် ဆီထွက်သီးနှံတစ်မျိုးဖြစ်

**ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မေမိုးသဲ**



ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ နေကြာခင်းအတွင်း သုတေသန ကွင်းဆင်းစဉ်

မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီး / ပြည်နယ်အသီးသီးတွင် အဓိကဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့် နေကြာများကို စိုက်ပျိုးလျက်ရှိရာ ယခုအခါ ဆီထွက်သီးနှံ နေကြာစိုက်ပျိုးမှုပမာဏမှာ အနိမ့်ဆုံးဖြစ်နေသည်ကို တွေ့ရှိရကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးထံမှ သိရသည်။

"ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ လယ်ယာသီးနှံစိုက်ပျိုးရေးပညာဌာနမှ ဘွဲ့ကြိုနှင့် ဘွဲ့လွန်ကျောင်းသား ကျောင်းသူတွေကို ဆီထွက်သီးနှံတွေအကြောင်း ပို့ချပေးလျက်ရှိပါတယ်။ ဆီထွက်သီးနှံတွေထဲမှာ အဓိကအားဖြင့် မြေပဲ၊ နှမ်း၊ နေကြာဆိုပြီး သုံးမျိုးရှိပါတယ်။ အဲဒီထဲမှာမှ ၂၀၁၅ ခုနှစ် ကိန်းဂဏန်းအရ နေကြာစိုက်ဧက နှစ်သိန်းခန့်၊ မြေပဲစိုက်ဧက သုံးသိန်းခန့်နဲ့ နှမ်းစိုက်ဧက ခြောက်သိန်းလောက်ရှိပါတယ်။ ကြည့်မယ်ဆိုရင် နေကြာက စိုက်ဧက အနည်းဆုံးဖြစ် နေပါတယ်။ ဘာလို့လဲဆိုရင် မြေပဲနဲ့နှမ်းဆိုတာက တောင်သူတွေမိရိုးဖလာအရ လုပ်ကိုင်စိုက်ပျိုးလာတာဆိုတော့ မြေပဲနဲ့နှမ်းကိုဘယ်လိုစိုက်စိုက် အတော်အသင့်တော့ အထွက်နှုန်းရကြတယ်။ နေကြာကဘာဖြစ်လို့ စိုက်ဧကနည်းရလဲဆိုရင် နေကြာဆီဟာ ကျန်းမာရေးရှုထောင့်ကကြည့်ရင် ကောင်းတယ်ဆိုပေမယ့် စားသုံးဖို့ရန်အတွက် ရင်းနှီးမှုနည်းနေသေးတယ်လို့ ပြောရမယ်။ နေကြာဆီက ကိုလက်စထရော လျှော့ချပေးနိုင်မယ်လို့ မြို့နေလူတန်းစားအများစုကတော့သိနေပါပြီ။ ကျေးလက်နေ တောင်သူတွေကတော့ မသိသေးဘူးလို့ ဆိုရမယ်။ ဒါကြောင့် စားသုံးဖို့တွန့်သလို စားသုံးဖို့ရန် စိတ်မဝင်စားဘူးလို့ ပြောရမှာပါ။ ကျေးလက်ဒေသနေလူတန်းစားတွေ စိတ်မဝင်စားတော့ နေကြာကိုစိုက်ဖို့ရန်အတွက် တွန့်နေကြတယ်"ဟု လယ်ယာသီးနှံစိုက်ပျိုးရေးပညာဌာနမှ ဆီထွက်သီးနှံသုတေသနပြုလုပ်နေသူ ဆရာဦးစိုးပိုင်ဦးက ပြောသည်။

ဆီကြိတ်သည့်အခါ ဆီကြိတ်စက်များတွင် သီးနှံအလိုက်ဆီထွက်အများဆုံးဖြစ်အောင် ဓားသွားများကြားတွင် သစ်သားချောင်းများကို ပြန်ချိန်ညှိရ၍ ဆီစက်ပိုင်ရှင်များက အကြိတ်နည်းသော နေကြာကြိတ်ရန်အတွက် သီးသန့်ပြန်မလုပ်ချင်သောကြောင့် နေကြာစိုက်တောင်သူအချို့အတွက် နေကြာဆီကြိတ်ရန် နေရာတိုင်းတွင် အဆင်မပြေ၍ စိုက်ပျိုးရန်အခက်အခဲဖြစ်စေကြောင်း၊ ထို့ကြောင့် တောင်သူအများစုက မြေပဲနှင့် နှမ်းကိုအစိုက်များကြောင်း၊ နေကြာကိုအစိုက်များလာဖို့ဆိုလျှင် ဆီထုတ်လုပ်မှုအပိုင်းနှင့် စိုက်ပျိုးသူနှစ်ဖက်လုံးတွင် တာဝန်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

"နေကြာစိုက်ဖို့က တောင်သူကလည်းရင်းနှီးဖို့လုပ်ဖို့လိုသလို ဆီစက်ပိုင်ရှင်ဘက်ကလည်း ရင်းနှီးဖို့လိုပါတယ်။ နောက်တစ်ခုကတော့ အဓိကဆီထွက်သီးနှံသုံးမျိုးထဲမှာ တောင်သူရှုထောင့်ဘက်က ကြည့်မယ်ဆိုရင်လည်း မြေပဲကအကောင်းဆုံးပါ။ နောက်ပြီး မြေဆီဩဇာရှုထောင့်ကကြည့်မယ်ဆိုရင် မြေပဲက အကောင်းဆုံးပဲ။ မြေပဲကဘာလို့ကောင်းလဲဆိုရင် မြေပဲစိုက်မယ်ဆိုရင် မြေကိုမှုန့်နေပြီး မြေကို မွအောင်ပြင်ရတဲ့အတွက် အစိုဓာတ်ထိန်းစွမ်းအားကောင်းပြီး များသောအားဖြင့် မိုးခေါင်ခံတယ်။ နောက်တစ်ခုကပဲပင်တွေရဲ့အမြစ်မှာ မြစ်ဖုလေးတွေရှိပြီး နိုက်ထရိုဂျင်ကို ဖမ်းယူပေးနိုင်တဲ့ ဗက်တီးရီးယားတွေရှိတယ်။ အဲ့ဒီ ဗက်တီးရီးယားတွေက လေထုထဲက နိုက်ထရိုဂျင်ကိုဖမ်းယူပေးလို့ မြေဆီဩဇာထက်သန်တယ်။ မြေပဲခင်းစိုက်တဲ့အချိန်မှာ နွားချေးကိုလည်း များများထည့်လေ့ရှိပါတယ်။ မြေကိုလည်း သေချာပြင်တယ်ဆိုတော့ မြေပဲစိုက်ပြီးရင် တောင်သူတွေက မြေဆီဩဇာရှုထောင့်ကကြည့်မယ်ဆိုရင် အမြတ်ဆုံးလို့ပြောရမယ်။ နှမ်းကျတော့ မြေဩဇာရှုထောင့်ကကြည့်တဲ့အခါ မကောင်းဘူး။ နှမ်းစိုက်ရေိယာက ဘာကြောင့် အများဆုံးဖြစ်နေလဲဆိုရင် နှမ်းကကုန်ကျစရိတ်သက်သာတယ်။ စိုက်ပျိုးရတာလွယ်တယ်။ မြေပဲသီးနှံလောက် မြေကိုလည်းမပြင်ရဘူး။ နှမ်းကကြဲပက်စိုက်လို့ရတယ်။ နှမ်းက အရင်းအနှီးနည်းတဲ့အတွက် အစိုက်များနေတယ်။ နေကြာစိုက်ပျိုးမှု နည်းနေတာကတော့ ရင်းနှီးမှုနည်းနေလို့ဆိုရမယ်။ နေကြာကို ဂရုတစိုက်မစိုက်ဘူးဆိုရင် မြေဆီဩဇာတွေဆုံးရှုံးတယ်။ ဘာလို့လဲဆိုရင် နေကြာကလူတွေအမြင်နဲ့ ပြောမယ်ဆိုရင် မြေဆီဩဇာထုတ်ယူစားသုံးမှုများတယ်။ အပင်ကထုတ်သွား သလောက်ကို အာဟာရဓာတ် ပြန်မထည့်နိုင်ဘူးဆိုရင် မြေကြီးကအနုတ်ပြမယ်။နေကြာစိုက်ပြီး မြေကြီးရှင်းတဲ့အခါ အရွက်တွေကို ပြောင်အောင်မရှင်းဘူးဆိုရင် တခြားအပင်ရဲ့ ကြီးထွားမှုကိုဟန့်တားနိုင်တဲ့ toxic chemical တစ်မျိုးကိုထုတ်တယ်။ နောက်တစ်ရာသီ သီးနှံအတွက် ကြီးထွားမှုကိုနှေးစေတယ်။ ဘယ်လောက် မြေဆီဩဇာထည့်ထည့် နေကြာကထုတ်တဲ့ toxic chemical တွေရှိနေမယ်ဆိုရင် ဒုတိယသီးနှံရဲ့ ကြီးထွားမှုအတွက် အနှောင့်အယှက်ဖြစ်တယ်။ နေကြာသိမ်းတဲ့အချိန်မှာ သိမ်းချိန်နောက်ကျရင် အပွင့်ကနေ အစေ့တွေကြွေကျပြီး နေကြာပင်တွေ အလေ့ကျပေါက်မယ်။ အဲဒီအပင်တွေနှိမ်နင်းမယ်ဆိုရင် ငွေကြေးကုန်ကျမယ်။ ဒီလိုဆိုတော့ နေကြာက မြေပျက်လို့ မစိုက်သင့်ဘူးလို့ တောင်သူတွေအလွယ်မှတ်သွားကြတယ်။ ဒါပေမယ့် နေကြာဆီဟာကျန်းမာရေးနဲ့ ညီညွတ်တဲ့အတွက် နေကြာဆီကို စားသုံးလာအောင် ပညာပေးသင့်တယ်။ စိုက်တဲ့အခါမှာ မြေဆီဩဇာတွေ ကုန်ခန်းသွားတာကို သိအောင်ပညာပေးရမယ့်အပြင် မြေဆီဩဇာပြန်လည်ဖြည့်သင့်ကြောင်း သိစေလိုပါတယ်။ နေကြာဆီဟာ ကျန်းမာရေးနဲ့ညီညွတ်လို့ ဆီရဲ့တန်ဖိုးကိုသိမြင်နိုင်မယ်ဆိုရင် နေကြာဆီကိုစားလာနိုင်တယ်။ ဆီကြိတ်စက်ပိုင်ရှင်တွေဘက်ကလည်း ရင်းနှီးကျွမ်းဝင်အောင်လုပ်နိုင်မယ်ဆိုရင် နေကြာကိုပိုပြီးစိုက်လာမယ်လို့ထင်တယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

**နေကြာဆီသည် လူ့ခန္ဓာကိုယ်အတွင်းမှ ကိုလက်စထရောလျှော့ချရန် အကောင်းဆုံးဖြစ်၍ စားသုံးသင့်ကြောင်း၊ ကျန်းမာရေးရှုထောင့်မှကြည့်လျှင် နေကြာသည် စိုက်ပျိုးသင့်သည့် ဆီထွက်သီးနှံတစ်မျိုးဖြစ်ကြောင်း ကျန်းမာရေးပညာရှင်အချို့က မှတ်ချက်ပြုထားသည်**

နေကြာဆီသည် လူ့ခန္ဓာကိုယ်အတွင်းမှ ကိုလက်စထရောလျှော့ချရန် အကောင်းဆုံးဖြစ်၍ စားသုံးသင့်ကြောင်း၊ ကျန်းမာရေးရှုထောင့်မှကြည့်လျှင် နေကြာသည် စိုက်ပျိုးသင့်သည့် ဆီထွက်သီးနှံတစ်မျိုးဖြစ်ကြောင်း ကျန်းမာရေးပညာရှင်အချို့က မှတ်ချက်ပြုထားသည်။

မြေဆီပြုပြင်ထိန်းသိမ်းနည်းအနေနဲ့ နေကြာသိမ်းချိန်မှာ အရွက်နဲ့ပင်ကြွင်းပင်ကျန်တွေ မကျန် အောင် သတိထားရမယ်။ ကျန်တဲ့အခါမှာ နေကြာပင်စည်ကဆွေးမြည့်မှုနှေးတယ်။ အပင်ကိုမနုတ်ဘဲ ရိတ်မယ်ဆိုရင် အမြစ်ကနေလည်း toxic chemical ကိုထုတ်မယ်။ နေကြာစိုက်ပြီး မြေဆီဩဇာကုန်ခန်းတယ်၊ ဒုတိယသီးနှံကို ကြီးထွားမှုနှေးတယ်ဆိုတာကို ကြိုသိထားမယ်ဆိုရင် မြေဩဇာပိုထည့်မလား အဲဒီလိုနည်းနဲ့ ဖြေရှင်းမယ်ဆိုရင် ဖြေရှင်းနိုင်မယ်။ အဓိက က နေကြာအရိုးတွေ မကျန်ဖို့လိုတယ်။ နေကြာကရိတ်သိမ်းတဲ့အခါ အပွင့်ကိုခူးယူလေ့ရှိတယ်။ အရိုးကိုရှင်းရမယ်ဆိုတော့ လက်ဝင်တယ်။ ဒါကြောင့်မို့လည်းစိုက်ဧကနည်းရတယ်လို့ ပြောလို့ရပါတယ်။

နေကြာအကြောင်းကိုတော့ တောင်သူတိုင်းနေရာတိုင်းမှာမစိုက်တော့ တောင်သူတိုင်းက နေကြာစိုက်နည်းအကြောင်းကို သေချာမသိဘူးပေါ့။ နောက်တစ်ခုက နေကြာစိုက်မယ်ဆိုရင် ဘယ်လိုအကျိုးအမြတ်တွေရနိုင်မယ်။ နေကြာဆီက ကျန်းမာရေးအတွက် ဘယ်လိုကောင်းတယ်ဆိုတာကို တောင်သူတွေသိအောင် ပညာပေးနိုင်မယ်ဆိုရင် နေကြာစိုက်ဧကပိုမြင့်လာမယ်လို့ ပြောလို့ရပါတယ်။ တောင်သူအများစုမှာ မြေပဲနဲ့ နှမ်းကိုစိုက်တဲ့အခါ အများစုကမြေပဲပြီး နှမ်းစိုက်ဖို့ဆိုတာထက် နှမ်းပြီးနှမ်းစိုက်တာများတဲ့အတွက် မြေဆီဩဇာအနေနဲ့က တူညီတဲ့အလွှာက ကုန်ဆုံးနေမယ်။ ဒီနှမ်းသီးနှံကို ဆက်တိုက်စိုက်လိုက်တဲ့အခါမှာ နှမ်းသီးနှံကိုကြိုက်တဲ့ ရောဂါပိုးမွှားတွေက ပိုမိုများပြားလာတယ်။နောက်တစ်ခုကဆီထွက်သီးနှံထဲမှာမှ မြေပဲကိုမစိုက်နိုင်ဘူးဆိုရင် ကုန်ကျစရိတ်သက်သာတဲ့ နေကြာကိုပြောင်းစိုက်ကြစို့။ နေကြာပြောင်းလဲ စိုက်တဲ့အခါမှာ ခုနကဆုံးရှုံးတဲ့ မြေဆီဩဇာအကြောင်းလေးပါ သိမယ်ဆိုရင် ဒီနေကြာကို စိုက်လာနိုင်မယ်။ နေကြာစိုက်လာမယ်ဆိုရင် သရေစာအနေနဲ့ စိုက်တဲ့နေကြာရယ်၊ နောက်တစ်ခုက ဆီကြိတ်ဖို့ရယ်ဆိုပြီး နှစ်မျိုးရှိတယ်။ အဲဒီမှာမှ နေကြာစေ့လှော်အတွက်စိုက်တာက ရှမ်းပြည်နယ်ဘက်မှာ ပိုများတယ်။ အဲ့တော့ တစ်ဖက်ကလည်းပဲ ဆီကိုစားသုံးဖို့ရန်အတွက် သိပ်ပြီးမရင်းနှီးပေမယ့် သရေစာအတွက် ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် စိုက်လာမယ်ဆိုရင် ဈေးကွက်ပိုကောင်းလာနိုင်စရာရှိတယ်။ ဒါပြီးဒါ စိုက်နေမယ့်အစား နေကြာကိုပြောင်းလဲစိုက်မယ်ဆိုရင် ဝင်ငွေလည်း ပိုတိုးလာမယ်ထင်တယ်။ နေကြာစိုက်နည်းစနစ်မှန်ဖို့ဆိုတာကလည်း တောင်သူအများစုက နေကြာစေ့ကို ဖြစ်သလိုကြဲပက်စိုက်တယ်။ ဟိုတစ်ပင် ဒီတစ်ပင်ပွင့်နေရင်ပဲ သဘောကျတယ်။ တကယ်တော့ စီးပွားဖြစ်ဘာမှမရနိုင်ဘူး။ အပင်ဦးရေလည်းမပြည့်ဘူး။ အကျိုးအမြတ် မရနိုင်ဘူး။ စနစ်တကျနဲ့ စိုက်နည်းစနစ်မှန်မှန်ကန်ကန်လေး စိုက်သင့်တယ်။ ခုနလို ကြဲပက်မစိုက်ဘဲနဲ့ အတန်းလိုက်လေး စိုက်သင့်တယ်။ အတန်းလိုက်စိုက်မှ လိုအပ်တဲ့ ပြုစုစောင့်ရှောက်မှုကို အချိန်အခါမီ ဆောင်ရွက်နိုင်မယ်ဆိုရင် အထွက်နှုန်းကောင်းလာနိုင်ပြီး ဝင်ငွေလည်းကောင်းလာနိုင်တယ်"ဟု ဦးစိုးပိုင်ကပြောသည်။

ကုလားပဲခင်းနှင့်မြေပဲခင်းသီးနှံများထဲတွင်လည်း နေကြာကိုသီးညှပ်အနေဖြင့် စိုက်ပျိုးနိုင်ကြောင်း၊ နေကြာစိုက်ဧကအများဆုံးမှာ ရှမ်းပြည်နယ်တွင်တွေ့ရှိရကြောင်း၊ အပူပိုင်းဒေသများတွင် အနည်းငယ် စိုက်ပျိုးပြီး အခြားပြည်နယ်ဘက်တွင် နေကြာကိုမစိုက်သလောက်နည်းပါးကြောင်း သိရသည်။

"အပူပိုင်းဒေသမှာ အနည်းအကျဉ်းစိုက်ကြတယ်။ စိုက်တဲ့နေရာမှာစီးပွားဖြစ် မဟုတ်ဘဲနဲ့ ပက်ကြဲပြီးတော့မှစိုက်ကြတယ်။ နေကြာတွင်တွင်ကျယ်ကျယ်စိုက်တာကတော့ ရှမ်းပြည်တောင်ကြီးဘက်မှာ ပိုပြီးအစိုက်များတယ်။ နေကြာစိုက်တာ ဆောင်းနဲ့ မိုးဆိုပြီးစိုက်ချိန်နှစ်မျိုးရှိတယ်။ မိုးသီးနှံအနေနဲ့စိုက်တဲ့အခါ နေကြာစိုက်တဲ့ အချိန်ကာလက မိုးသည်းသည်းထန်ထန်ရွာမယ်ဆိုရင် ရောဂါပိုးမွှား ကျရောက်မှုများတယ်။ မနှိမ်နင်းနိုင်ဘူးဆိုရင် အထွက်နှုန်းနည်းနိုင်တယ်။ ဘယ်အချိန်မှာကောင်းလည်းဆိုရင် ဆောင်းသီးနှံအနေနဲ့စိုက်ရင် ရောဂါပိုးမွှားကျရောက်မှုနည်းလို့ အထွက်နှုန်းက ကောင်းမယ်။ ဆောင်းတွင်းကျ အစိုဓာတ်လုံလောက်ဖို့လိုတယ်။ ရောဂါပိုးမွှားတော့ သိပ်မကျရောက်နိုင်ဘူးပေါ့။ နှစ်မျိုးလုံးမှာတော့ လိုအပ်ချက်လေးနည်းနည်းတော့ရှိနိုင်ပါတယ်။ ဆောင်းသီးနှံအနေနဲ့စိုက်တဲ့အခါ အစိုဓာတ်သာ လုံလောက်ရင် အဆင်ပြေပါတယ်။ အဓိကကတော့ ဈေးကွက်ကိုလည်းမြှင့်ပေးနိုင်မယ်။ နေကြာဆီက ကျန်းမာရေးနဲ့ညီညွတ်တယ်ဆိုတာကိုလည်း သိမယ်ဆိုရင် ပိုပြီးစိုက်လာနိုင်တယ်။ ဆီထွက်သီးနှံသုံးမျိုးထဲမှာမှ နေကြာကိုကျန်းမာရေးအနေနဲ့ စားသုံးစေချင်ပါတယ်။ သီးလှည့်အနေနဲ့ စိုက်တဲ့အခါ နှမ်းသီးနှံတစ်မျိုးတည်းမစိုက်ဘဲနဲ့ နေကြာကိုလည်းအလှည့်ကျစိုက်စေချင်ပါတယ်" ဟု ၎င်းမှ ဆက်လက်ပြောပြသည်။

## ကြံသီးနှံစံပြကွက် ကွင်းသရုပ်ပြပွဲ ထီးချိုင့်မြို့နယ်၌ကျင်းပ

**ထီးချိုင့် ဖေဖော်ဝါရီ ၁၂ -**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၆ - ၂၀၁၇ ခုနှစ် ကြံရာသီ ကြံတစ်ဆစ်ချင်း တန် ၈၀ ထွက် စိုက်ပျိုးနည်းစနစ်နှင့် GAP မျိုးယှဉ်ပြိုင်စမ်းသပ် စံပြကွက်တောင်သူပညာပေး ကွင်းသရုပ်ပြပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က ထီးချိုင့်မြို့နယ် ပေါက်နက်ကျေးရွာအုပ်စု OSS ကွင်းရှိ တောင်သူ ဦးဌေးဝင်း၏ယာမြေပေါ်၌ ကျင်းပသည်။ အဆိုပါကွင်းသရုပ်ပွဲ၌ ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်အေးညိုက ကြံတစ်ဆစ်ချင်းနှင့် BMP နှိုင်းယှဉ်စံပြကွက်များစိုက်ပျိုးမှုကို ရှင်းလင်းပြောကြားပြီး လက်ထောက်ဦးစီးမှူးဦးမျိုးဝင်းထိုက်က လက်တွေ့စိုက်ပျိုးပြသခဲ့သည်။ အခမ်းအနားသို့ ခရိုင်ဦးစီးမှူး ဦးမောင်မောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇင်လင်းနိုင်၊ မြို့နယ်လယ်ယာစီမံခန့်ခွဲမှုအဖွဲ့များ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြံစိုက်တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# သိသူကြော်စား မသနားတော့ပြီ

**ကိုမြင့်ထွန်း(ဆော)**

မသိသူကျော်သွား သိသူဖော်စားဟုဆိုခဲ့ကြသည်ကိုသာ ကြားခဲ့၊ သိခဲ့ကြပေလိမ့်မည်။ ဤစာကိုဖတ်ပြီးချိန်တွင် မသိသူပစ်ထား သိသူကြော်စားဟုဆိုလျှင်လည်း လက်ခံကြလိမ့်မည်ဟုလည်း တစ်ထစ်ချယုံကြည်မိနေပြန်သေး၏။ အကြောင်းကား ဤသို့တည်း။

သရက်ဥယျာဉ်ကြီးအတွင်း မြေနေရာတစ်ခုသတ်မှတ်၍ ခွေးတောက်နှင့် ကင်ပွန်းချဉ်ရော၍စိုက်ခင်းငယ်တစ်ခု ပြုလုပ်ထား၏။ စိုက်ပျိုးထားပုံမှာ ခွေးတောက်နှင့် ကင်ပွန်းချဉ်ကို သုံးပေခြားတစ်ပင်ကျော်အတန်းစနစ်ဖြင့် စိုက်ထားပြီး တန်းခြားကိုလေးပေခြားထား၏။ အပင်အရေအတွက်အားဖြင့် နှစ်မျိုးပေါင်း အပင် ၉၀၀ ဖြစ်လေ၏။

ထိုစိုက်ခင်းငယ်အတွင်းရှိ ခွေးတောက်ညွန့်တို့က ရိုးတံတုတ်ကြီးများနှင့် ခူးသူကိုမျှော်လင့်ရင်း အစွယ်များထွက်ပြနေကြသကဲ့သို့ ကင်ပွန်းချဉ်ညွန့်တို့ကလည်း နီညိုရောင်ရိုးတံနုထွားကြီးများဖြင့် ပြိုင်းပြိုင်းထနေကြသည်ကို တွေ့နေရ၏။

“မင့်...ခွေးတောက်ညွန့်တွေ အားကြီးကို ခူးမစားကြဘူးလား” ဟု ထိုစိုက်ခင်းအတွင်း ပေါင်းရှင်းနေကြသည့်ခြံစောင့်လင်မယားအား မေးခွန်း တောက်ကြည့်ရာ ခါး၍မစားနိုင်ကြောင်း လင်တော်မောင်က လုပ်လက်စအလုပ်ကိုရပ်ရင်းဖြေ၏။ “နို့...ကင်ပွန်းချဉ်ကကော” ဟု ထပ်ကွန့်ကြည့်မိပြန်ရာ ပေါင်းကောက်ရန်စောင့်နေသည့် ခြံစောင့်မယားက “ချဉ်လို့မစားဖြစ်ပါဘူး”ဟု ခွန်းတုံ့ပြန်လေ၏။

“ခွေးတောက်ကော၊ ကင်ပွန်းချဉ်ကော တစ်ညွန့်တစ်ဆယ်လောက် တန်တယ်ဆိုတာကောသိရဲ့လား” ထိုမေးခွန်းအတွက် အဖြေပြန်မရ။ မယုံသင်္ကာဟန်ဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လျက်သာနေကြလေတော့၏။ “မင်းတို့ မစားလည်း အညွန့်တွေဖြတ်ပြီး ရွာထဲသွားလက်ဆောင်ပေးကြပေါ့ကွာ” ဟုအဆုံးစွန်ပြောလိုက်မိရာ အညွန့်တုံးသွားမည်စိုး၍မဖြတ်ဟု ဆင်ခြေကန်လေတော့၏။

ထိုအညွန့်တို့အကြောင်း ဆက်မပြောလိုတော့သည်ကတစ်ကြောင်း၊ ထိုစိုက်ခင်းအတွင်း လှည့်ပတ်ကြည့်ရှုခံစားလိုသည်ကတစ်ကြောင်းတို့ကြောင့် “လုပ်လက်စအလုပ် ရပ်ထားပြီး။ အညွန့်တွေဖြတ်ပေးကွာ”ဟု စကားစကိုဖြတ်ရင်း စိုက် ခင်းအတွင်း ဖြတ်လျှောက်နေမိလေတော့၏။ ထိုသို့ဖြတ်လျှောက်ရင်း ကျောင်းသားဘဝက ဆရာတစ်ယောက်ပြောကြားခဲ့သည့် “အချဉ်ကြိုက်ကလူမိုက်၊ အခါးကြိုက်က လူပညာရှိ” ဟူသည့် စကားတစ်ခွန်းကိုကြားယောင်မိသေး၏။

ဆရာဆိုလိုသည့် အဓိပ္ပာယ်ကို ထိုစဉ်က နားလည်ခဲ့ခြင်းမရှိသော်လည်း ထန်းရည်ကြိုက်ကြီးများ ပြောလေ့ရှိသည့် “ချဉ်ချဉ်တူးတူးမူးပြီးရော” ဆိုသည့် စကားနှင့်ယှဉ်၍ အချဉ်ကြိုက်ကလူမိုက်ဟု ဆိုသည်ထင်မိ၏။ ထို့အပြင် ကြက်သားနှင့် ခွေးတောက်ရွက် ရောချက်ထားသည့် အရည်သောက်ဟင်းလျာကို မြည်းကြရင်း အရက်ချိုး၊ ထန်းရည်ချိုးကျသည်ဟု ပြောဆိုကြသည်ကို ကြားဖူးနေပြန်၍ အခါးကြိုက်က လူပညာရှိဆိုသည်မှာလည်း ယစ်ထုပ်ကြီးများအကြား ပြောဆိုခဲ့ကြသည့် စကားတစ်ရပ်ဟုပင် ထင်မြင်ခဲ့မိလေ၏။

ဤထင်မြင်ချက်ဖြင့် ပြောရမည်ဆိုလျှင် စိုက်ပျိုးထားရှိသည့် ခွေးတောက်နှင့် ကင်ပွန်းချဉ်ရောရာစိုက်ခင်းသည် ပညာရှိနှင့်လူမိုက်ဟူသည့် လူတန်းစား နှစ်ရပ်စလုံးအတွက် စိုက်ထားသကဲ့သို့ရှိနေ၏။ သို့ရာတွင် မိမိလက်တစ်ကမ်းရှိ ခတ်စာများကို ခါးသည် ချဉ်သည် အကြောင်းပြချက်တို့ဖြင့် စားရကောင်းမှန်း မသိရှာသည့် ခြံစောင့်လင်မယားတို့ကား ပညာရှိလည်းမဟုတ်၊ လူမိုက်လည်းမဟုတ်၊ လွန်စွာခွကျသည့် လူများဖြစ်နေ၍ များစွာသနားမိလေ၏။

ထိုထက်ပို၍ ကရုဏာသက်မိသည်ကား ကိုယ်မကြိုက်တတ်၍ အများကိုမျှဝေပေးနိုင်သည့် ကိစ္စမျိုးတွင်လည်း အညွန့်ချိုးက အခက်ဝေ ဆိုသည်ကိုမသိရှာဘဲ အညွန့်ဖြတ်၍ အညွန့်တုံးမည်ဟု တွေးထင်နေကြသည့် ရိုးလွန်းမှုကို ဖြစ်ပေတော့၏။ ဤသို့စိုက်ခင်းအတွင်း ဖြုတ်စိရဲတရားပွားများနေစဉ် ရွာဦးကျောင်း၊ ကျောင်းထိုင်ဆရာတော်တစ်ပါးတည်း စိုက်ခင်းအတွင်းသို့ ရောက်ရှိလာလေ၏။ ရင်းနှီးပြီးသော ဆရာဒကာဖြစ်နေ၍ “အကြောင်းထူးရှိပါသလားဘုရား၊ အိမ်ပေါ်ကြွမလား” ဟုဆိုရင်းခရီးဦးကြိုပြုလိုက်၏။

“တစ်နေကုန် ကျောင်းမှာပဲ ဘုရားအလုပ်၊ တရားအလုပ်နဲ့ဆိုတော့ အခုလိုညနေစောင်းလေးမှာ ဣရိယာပုတ်မျှအောင် လမ်းလျှောက်ထွက်ရင်းဝင်လာတာ၊ ဒကာ့အပင်တွေ ကြည့်ရတာ အားရသကွယ်” ဟု စိုက်ခင်းအတွင်း အညွန့်ဖြတ်နေကြသည့် ခြံစောင့်လင်မယားအား ကြည့်ရင်းဆို၏။

“လူတွေက ခွေးတောက်ကို ခါးတယ်ဆိုပြီး သိပ်ကြိုက်

> **စိုက်ပျိုးထားရှိသည့် ခွေးတောက်နှင့် ကင်ပွန်းချဉ်ရောရာ စိုက်ခင်းသည် ပညာရှိနှင့် လူမိုက်ဟူသည့် လူတန်းစားနှစ်ရပ်စလုံးအတွက် စိုက်ထားသကဲ့သို့ ရှိနေ၏။ သို့ရာတွင် မိမိလက်တစ်ကမ်းရှိ ခတ်စာများကို ခါးသည် ချဉ်သည် အကြောင်းပြချက်တို့ဖြင့် စားရကောင်းမှန်း မသိရှာသည့် ခြံစောင့်လင်မယား တို့ကား ပညာရှိလည်းမဟုတ်၊ လူမိုက်လည်းမဟုတ်၊ လွန်စွာခွကျသည့် လူများဖြစ်နေ၍ များစွာသနားမိလေ၏။**

လှတယ်မရှိဘူး။ တကယ်တော့ အလွန်ဆေးဖက်ဝင်တဲ့ အပင်ပဲ ဒကာရဲ့”

“မှန်ပါ၊ တပည့်တော်လည်း ဒါပဲပြောနေတာပါဘုရား”

“စားခါစတော့ခါးသလိုလိုနဲ့ စားရင်းစားရင်း သက်သက်လေးနဲ့ချိုတဲ့အရသာနဲ့လျှာပေါ်မှာ နိဂုံးချုပ်သွားတာပဲလေ။ ဒါကြောင့်သလိပ်ပျော်တယ်။ ခံတွင်းလိုက်စေတယ်ကွဲ့”

ဆရာတော်၏ စကားသွားစကားလာကိုကြည့်ခြင်းဖြင့် ကင်ပွန်းချဉ်ထက် ခွေးတောက်ကိုပို၍ အာရုံထားသည်ကို သတိပြုမိ၏။

“ခွေးတောက်ရဲ့ဆေးဖက်ဝင်ပုံလေးတွေသိရင် ဆက်မိန့်ပါဦး ဘုရား”

“ဒကာသိချင်သပဆို ပြောရတာပ။ အနာနဲ့ပတ်သက်ရင် အနာစိမ်း၊ သွေးစုနာနဲ့ အဖုအကျိတ်တို့ကို အရွက်မီးကင်ကပ်ပေးရင် နုရင်ပိန်၊ ရင့်ရင် ပေါက်တယ်ကွဲ့။ ရေယုန်နာကို အရွက်ကြိတ်အုံပေးတာတို့၊ အရည်သုတ်လိမ်းပေးတာတို့လုပ်ရင်ပျောက်ရော၊ အကြောအဆစ်လွဲရင်တော့ အရွက်ကို သကြားနဲ့ရောထောင်းပြီး အုံပေး၊ ကြပ်စည်းပေးရင် အမြန်ပျောက်သတဲ့”

“ကျေးဇူးကြီးလှပါတယ် ဘုရား၊ ဆက်မိန့်ပါဦးဘုရား”

“အစာလည်းဆေး၊ ဆေးလည်းအစာဆိုသလိုပဲ ခွေးတောက်ရွက်ကို ပြုတ်စား ချက်စား၊ ဟင်းချိုလုပ်သောက်ရင် အသည်းအဆိပ်အတောက်ကို ပြေစေတယ်။ လေချုပ်ဆီးချုပ်ကိုလည်းနိုင်တယ်ကွဲ့”

“မှန်ပါ အရွက်နုနဲ့အဖူးလေးတွေကို ဘဲဥနဲ့ကြော်စားရင် အမျိုးသားများ အားအင်ပြည့်ဖြိုးစေတဲ့အပြင် ခါးနာရောဂါလည်း သက်သာပျောက်ကင်းစေတယ်ဆိုပဲဘုရား” ဟု ကိုယ်သိသမျှလေးကို လျှောက်တင်မိ၏။

“ဒါတင်မကသေးဘူး၊ ခွေးတောက်မြစ်ကလည်း ဆေးပဲ၊ အူကျရင် အမြစ်ကို သွေးလိမ်းပေးရင်ပျောက်သတဲ့”

“အရှင်ဘုရားက တိုင်းရင်းဆေးနဲ့ပတ်သက်တာတွေ တော်တော်လေ့လာထားပုံရတယ်”

“ဒီလောက်ကြီးလည်းမဟုတ်သေးဘူး ဒကာ။ ခတ်ကြီးလေးပါးနဲ့ဖွဲ့စည်းထားတဲ့ ဒီခန္ဓာကိုယ်ကြီးကို ကံ၊ စိတ်၊ ဥတု၊ အာဟာရလေးမျိုးက ပြုပြင်ပေးနေတာဆိုတော့ အာဟာရနဲ့ သက်ဆိုင်တာလေးတွေ လက်လှမ်းမီသလောက်လေ့လာထားရတာပ။ ဒါနဲ့ခွေးတောက်ပင်ကို အလေ့ကျနွယ်ပင်အနေနဲ့ပဲ မြင်ဖူးတာ။ အခုလိုစနစ်တကျ စိုက်ထားပုံလေး ပြောပြပါဦး ဒကာ”

ဤတစ်ကြိမ်တွင် စကားများများပြောပေးရမည်မှာ ကိုယ့်အလှည့်ဖြစ်ကြောင်း သိလိုက်၏။

“ကိုင်းထိုးစိုက်၊ ကိုင်းပျိုးစိုက်၊ အစေ့ကို ပျိုးထောင်စိုက် ဘယ်လိုစိုက် စိုက်ရပါတယ် ဘုရား”

“မြေကြီးမှာ ကိုင်းထိုးစိုက်ရင်လည်းရတာပဲလား ဒကာ”

“ရပါတယ်။ အခုလို များများစားစား စိုက်ချင်ရင်တော့ ကိုင်းပျိုးစိုက်တာ ကောင်းပါတယ် ဘုရား”

“ဒီအပင်တွေက ကိုင်းပျိုးပင်တွေလား၊ ပျိုးပုံပျိုးနည်း ပြောပါဦး”

“မှန်ပါ ကိုင်းပျိုးတာအလွန်လွယ်ပါတယ် ဘုရား”

“မူရင်းအပင်က လက်သန်းလုံးအရွယ် အပွေးရင့်ကိုင်းတွေကို အရှည်တစ်ပေလောက်ဖြတ်၊ သဲထည့်ထားတဲ့ ပျိုးအိတ်ထဲ ထိုးထည့်ပြီး ရေပါးပါးလောင်းပေးရုံပါပဲ။ ဆယ်ရက်ကျော်တာနဲ့ အတက်ထွက်လာပါတယ်။ ရေများရင် ကိုင်းပုပ်တတ်ပါတယ်။ အရွက်နုလေးတွေရင့်လာရင်တော့ အပင်အတွက် စိတ်ချရပါပြီ။ နွေရာသီမှာ ပျိုးခြံနဲ့ရေလောင်းပျိုး၊ မိုးဦးကျတာနဲ့စိုက်ဆိုရင် အဆင်ပြေပါတယ်ဘုရား”

“ဒကာပြောတော့လည်း အလွယ်သား”

“မှန်ပါ။ မြေချမစိုက်ခင် အနွယ်ထွက်လာရင် နွယ်ချင်းလိမ်သွားတတ်လို့ နွယ်တွေကိုတော့ ဖြတ်ပေးရပါတယ်”

“စိုက်တော့ကော မြောင်းဆွဲစိုက်လိုက်ရုံပဲလား”

“မှန်ပါ။ လေးပေခြားတန်းဆွဲပြီး ပေါက်ပြားတစ်ပြားစာအနက်၊ အကျယ်ရရုံ မြောင်းဖော်၊ မြောင်းတစ်လျှောက်မြေဆွေးထည့်၊မြေပြန်ဖုံး၊ ရေလောင်းနှပ်ထားပြီး တစ်ပင်နဲ့ တစ်ပင် သုံးပေခြားစိုက်လိုက်တာပါပဲ။ စိုက်တဲ့အချိန်ပျိုးအိတ်မြေလုံး မပျက်အောင်တော့ ဂရုစိုက်ပေးရပါတယ်။ စိုက်ပြီးနှစ်ပတ်ကြာလို့အတက်ကလေးတွေက နွယ်လေးတွေဖြစ်လာရင် ခေါင်နှိမ်ပေးလိုက်တာနဲ့အတက်နုတွေ ထပ်ထွက်လာပါတယ် ဘုရား”

“ဒါနဲ့ ဒကာ့အပင်တွေက လူ့ခါးလောက်တစ်ညီထဲဖြစ်နေပါကောလား”

“လှတ်ပေးထားရင်တော့ နွယ်တောကြီးဖြစ်နေမှာပါ။ အပင်အမြင့် သုံးပေခွဲထက်ကြီးခွင့်မပေးဘဲ အညွန့်ကိုင်းတွေ ဖြတ်ဖြတ်ပေးတဲ့ သဘောပါ။ ခွေးတောက်က အညွန့်ဖြတ်လေ အတက်ထွက်လေပါပဲ ဘုရား”

“ဘယ်နှစ်ရက်တစ်ကြိမ် ခူးလို့ရသတုန်းကွဲ့”

“ဆယ်ရက် တစ်ကြိမ်ပါဘုရား”

“တယ်ဟုတ်သကိုး။ ဘယ်ဈေးရလဲ ဒကာရဲ့”

ထိုမေးခွန်းအတွက် ဆီလျော်သည့် အဖြေကိုရှာမတွေ့။

“အိမ်နီးချင်းတွေနဲ့ အသိမိတ်ဆွေတွေအတွက် လက်ဆောင်ပါ ဘုရား” ဟု မှန်ရာကို လျှောက်တင်မိ၏။

ဆရာတော်က နေရောင်တောင်အတော်နည်းသွားပြီ၊ ပြန်ဦးမည်ဟုဆိုလျက် ပြန်ကြွလေ၏။ ကိုယ်တိုင်လည်း အချဉ်၊ အခါးရသာ အရွက်တို့ကို ယာဉ်ပေါ်တင်လျက်ပြန်ခဲ့လေ၏။ အိမ်အပြန်လမ်းတွင် ထိုအရွက်တို့ဖြင့်ဒါနပြုရန် အစီအစဉ်ကို စဉ်းစားရင်းပီတိဖြစ်နေ၏။ ထို့ထက် ရွာဦးကျောင်း ဆရာတော် အပေါ်ပြုခွင့်ရခဲ့သည့် ပညာဒါနကို များစွာဝမ်းမြောက်နေမိ၏။ မစားရတာကြာပြီဖြစ်သည့် ခွေးတောက်ညွန့်၊ ဘဲဥကြော် အကြောင်း တွေးမိပြန်၍ ဝမ်းဟာနေသည်ကို သတိပြုမိတော့၏။

ဤသို့နှင့် အခြားသော ကိစ္စရပ်များကြောင့် ခြံသို့မရောက်ဖြစ်သည်မှာ တစ်လနီးပါးရှိသွား၏။ ဒီတစ်ခေါက်ခြံသို့ရောက်ခိုက် ထူးခြားမှုများနှင့်ကြုံကြိုက်လေတော့၏။ ခါတိုင်းတွင် အညွန့်တလူလူရှိကြကုန်သော ကင်ပွန်းချဉ်နှင့် ခွေးတောက်တို့မှာ အညွန့်မရှိတုံးတိတိဖြစ်နေကြ၏။ မနေနိုင်၍ ခြံစောင့် လင်မယားအား မေးကြည့်မှ ဇာတ်ရည်လည်တော့၏။

ရွာဦးကျောင်းဆရာတော် လွှတ်လိုက်သည်ဆို၍ ဟင်းရွက်သည် အဒေါ်ကြီးတစ်ဦး ရောက်လာပြီး အခင်းပြတ်ခူးနေသည်မှာ နှစ်ကြိမ်ရှိပြီဖြစ်ကြောင်း၊ ဈေးဦးရောင်းချရာတွင် တစ်ညွန့်တစ်ဆယ်ရ၍ ရှစ်ကျပ်နှုန်းဖြင့် ထွက်သမျှယူမည် ပြောကြောင်း၊ ၎င်းတို့ လင်မယားနှစ်ယောက်အနေဖြင့်လည်း ဟိုတစ်လောက ရွာဦးကျောင်းဆရာတော်နှင့် ပြောကြသည်ကို ကြားရပြီး နောက်ပိုင်းတွင် ခွေးတောက်ရွက်ကို ဘဲဥနှင့်နေ့စဉ်လိုလို ကြော်စားဖြစ်ကြောင်း၊ ထိုအကြောင်း ပေါင်းစုံကြောင့် ချဉ်ခါးအရသာစိုက်ခင်းတစ်ခုလုံး တုံးတိတိဖြစ်နေရသည်ကို သိရတော့၏။

ဤသို့နှင့် ယခင်က ချဉ်သည်ခါးသည်နှင့် စားရကောင်းမှန်းမသိ၍ သနားခဲ့မိလေသော အနီးလင်မယားတို့ကား ယခုတွင် အခါးကြိုက်လူပညာရှိများ ဖြစ်သွားကြလေ၏။ အချဉ်ကြိုက်သည့် လူမိုက်များမဖြစ်ကြသေး၍ တော်နေသေး၏။ သို့ရာတွင် ကိုယ်စားဖို့ပင် ချန်မထားကြသည့် ပညာရှိများကား အမြင်ကပ်ဖို့ပင် ကောင်းနေတော့၏။

## ပခုက္ကူခရိုင်တွင် မြစ်ရေတင်စီမံကိန်းဖြင့် နွေစပါးစိုက်ပျိုးရာအထူးအောင်မြင်



မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်သည် မိုးနည်းရေရှားရပ်ဝန်းတွင် ပါဝင်ပြီး ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရေအရင်းအမြစ်ဦးစီးဌာနက ပခုက္ကူခရိုင်အတွင်း ကျေးလက်ဒေသများစိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေးအတွက် မြစ်ရေတင်စီမံကိန်းများဖြင့် ရေပေးဝေလျက်ရှိသည်။

ပခုက္ကူခရိုင်တွင် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၁၄ ခုရှိကာ ဧရာဝတီမြစ်မှ ရွှေတန့်တစ်ရေတင်၊ ကြီးရွာရေတင်၊ ကုက္ကိုလှရေတင်နှင့်ချစ်သူရေတင်တို့မှာ ဧရာဝတီမြစ်ရေတင်လုပ်ငန်းများဖြစ်ပြီး သင့်သည်ရေတင်၊ သမန္တပို့ရေတင်၊ မအူအောက်ဆိပ်ရေတင်၊ မင်းရွာရေတင်၊ ဝါယာသာစည်ရေတင်၊ ရေပြာရေတင်တို့မှာ ချင်းတွင်းမြစ်ရေတင်လုပ်ငန်းများဖြစ်သည်။ ယောချောင်းမြစ်ရေတင်တို့မှာ စံဖဲရေတင်နှင့်ဆိပ်ဖြူ အောက်ဆိပ်ရေတင်တို့ဖြစ်ကြောင်း သိရသည်။ မြစ်ရေတင်စီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ မိမိတို့ဒေသအတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန်နှင့် ရေသွင်းစိုက်ပျိုးစနစ် ကျယ်ပြန့်ထွန်းကားလာစေရန်ဖြစ်သည်။

ထို့ကြောင့် ပခုက္ကူခရိုင်တွင် ၂၀၁၆-၂၀၁၇ ခုနှစ် နွေသီးနှံရာသီတွင် အမှန် စိုက်ဧကဖြစ်သော စပါး ၂၃၅၂ ဧကနှင့် အခြားသီးနှံ ၂၀၀၉ ဧက စိုက်ပျိုးရန် ဖြစ်သော်လည်း လျာထားချက် နွေစပါး ဧက ၁၉၅၀ နှင့် အခြားသီးနှံ ၃၆၁၀ ယခုနှစ်တွင် နွေရာသီ ၁၀၁၉ ဧကကို ပိုမိုပြီးရေသွင်းစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ပခုက္ကူမြစ်ရေတင်လုပ်ငန်းမှ အတည်ပြုပြီး ရေသွင်းစိုက်ပျိုးမည့် သဘောတူထားသည့် ဌာနပိုင်ရေမြောင်းများ စစ်ဆေးပြုပြင်ခြင်း၊ တောင်သူပိုင် လယ်ကြားမြောင်းများ ပြုပြင်ခြင်းတို့ပြုလုပ်ပြီး နွေစပါးအတွက် ရေစတင်ပေးနေပြီဖြစ်ရာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းအသီးသီးမှ ရေပေးနိုင်စွမ်းအင်၊ ရေသောက်နိုင်စွမ်းအင်ရှိသလောက် တစ်နှစ်ထက်တစ်နှစ်၊ တစ်ရာသီထက် တစ်ရာသီ တိုးတက်ရေပေးဝေနိုင်ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# မုံရွာမြို့ ကျောက်ကာလမ်းတွင် ကားနှင့် ဆိုင်ကယ်လမ်း သီးသန့်စီဖြစ်ရန် စတင်ဆောင်ရွက်နေ

**မုံရွာ ဖေဖော်ဝါရီ ၁၂**
မုံရွာမြို့၏ ယာဉ်သွားလာမှု အများဆုံး၊ အရှုပ်ဆုံးဖြစ်ပြီး ယာဉ်တိုက်မှုအန္တရာယ်ကို အများဆုံးကြုံတွေ့နေရသော လမ်းလည်းဖြစ်သည့် ကျောက်ကာလမ်းပေါ်တွင် ကားများသွားသည့်လမ်းနှင့် ဆိုင်ကယ်သွားသည့်လမ်း သီးသန့်စီဖြစ်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကားများနှင့် ဆိုင်ကယ်များ လမ်းခွဲခြား၍ သွားလာနိုင်ရန်အတွက် လက်ရှိ ရှိနေသော ဆိုင်ကယ်လမ်းကို အဆင့်မြင့်နိုင်လွန်ကတ္တရာလမ်းဖြစ်ရန် စတင်စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်ကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး ဦးဆောင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး လမ်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးမြင့်ဦး၊ မုံရွာခရိုင် လမ်းဦးစီးဌာနမှူး၊ မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးနှင့် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၀ ရက်က ကျောက်ကာလမ်းတစ်လျှောက် လိုက်လံကြည့်ရှုခဲ့ကာ ဆောင်ရွက်ရန်ရှိသည်များကို ညှိနှိုင်းဆောင်ရွက်မှုများ စတင်နေပြီဖြစ်ကြောင်း သိရသည်။



"အခုမြင်နေရတာက ကျောက်ကာလမ်းတစ်လျှောက်မှာဖွင့်တဲ့ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင် အတော်များများကိုလာတဲ့ ကား၊ ဆိုင်ကယ်တွေက လက်ရှိလုပ်ထားတဲ့ လမ်းပေါ်မှာပဲ ရပ်တာ တွေ့နေရတယ်။ ဆိုင်ကယ်လမ်းမှာ ဆိုင်ကယ်တွေရပ်နေတော့ သွားစရာလမ်းမရှိတဲ့အတွက် ကားတွေနဲ့ ရောထွေးသွားနေတာကို တွေ့နေရပါတယ်။ အခုလမ်းချောအဖြစ် သတ်မှတ်ထားဖို့အတွက်က တစ်လျှောက်လုံးက အိမ်တွေ ဆိုင်တွေနဲ့ ညှိကြရဦးမှာပါ။ အိမ်ကတော့ ပြဿနာမရှိပေမယ့် ယာဉ်ရပ်နားစရာနေရာမရှိတဲ့ ဆိုင်အနေနဲ့တော့ ပြဿနာရှိနိုင်တယ်"ဟု ဝန်ကြီး ဦးစိုးဦးက ပြောသည်။

တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးကလည်း "ကျောက်ကာလမ်းပေါ်မှာ လက်ရှိက ယာဉ်တွေ ရောနေတယ်။ ဆိုင်ကယ်ရော ကားပါ ရောနေတဲ့အတွက် ယာဉ်အန္တရာယ်က အလွန်များနေတယ်။ ထိန်းကျောင်းသွားလာပုံခြင်း မတူတဲ့ယာဉ်တွေ ရောထွေးသွားရင် သိပ်ကို အန္တရာယ်များလွန်းပါတယ်။ ဒါကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက ခွဲထုတ်ကိုင်တွယ်ခြင်းအားဖြင့် ယာဉ်အန္တရာယ်ကို ပိုမိုလျော့ကျစေချင်တဲ့ ရည်ရွယ်ချက်နဲ့ လုပ်ငန်းတွေကို အမြန်ဆုံး အကောင်အထည်ဖော်ဖို့ရှိပါတယ်။ ဘဏ္ဍာရေးအခြေအနေတွေ ညှိနှိုင်းပြီးရင် မုံရွာခရိုင် လမ်းဦးစီးဌာနက စတင်လုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

စနစ်ပြောင်းလဲဆောင်ရွက်မည့် ကျောက်ကာလမ်း ဆိုင်ကယ်သွားလမ်းသည် ၂ မိုင် ၇ ဖာလုံခန့်ရှည်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ချထားပေးသော ရန်ပုံငွေအခြေအနေအရ အမြန်ပြီးစီးအောင် မုံရွာခရိုင် လမ်းဦးစီးဌာနက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လမ်းပြီးစီးသွားပါက ဆိုင်ကယ်လမ်းတွင် ဆိုင်ကယ်များသာ မောင်းနှင်ရန်နှင့် ကားလမ်းတွင် ကားသာ မောင်းနှင်ရန် အသိပညာပေးခြင်းများကိုပါ အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



## မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**
ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၏ အစီအစဉ်ဖြင့် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားရှေ့၌ ရဲတပ်ဖွဲ့၏ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ပြသအသိပညာပေးမှုများကို ဖေဖော်ဝါရီ ၁၀ ရက်က ဆောင်ရွက်ခဲ့ကြောင်းနှင့် မှုခင်းပညာပေးပြခန်းယာဉ်ပြသရာသို့ မရမ်းကုန်းမြို့နယ် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူ ၁၄၀၀ ခန့် လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

မှုခင်းပညာပေးပြခန်းယာဉ်တွင် နယ်မြေရဲတပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ခရီးသွားလုံခြုံရေး ရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့များက ကဏ္ဍအလိုက် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပရိုဂျက်တာဖြင့် ပြသပြီး ရှင်းလင်းဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များကမ်းခြင်းတို့ဖြင့် အသိပညာပေးခဲ့ကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

## ဗိုလ်ချုပ်ပန်းခြံနှင့် ဗိုလ်ချုပ်ကြေးရုပ်ဖွင့်ပွဲတွင် ပဲပြုတ်နှင့်နံပြား စတုဒိသာကျွေးမည်

**ရမည်းသင်း ဖေဖော်ဝါရီ ၁၂**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့တွင်း ရန်ကုန်-မန္တလေးကားလမ်းနှင့် သစ္စာလမ်းထောင့်ရှိ ဗိုလ်ချုပ်ပန်းခြံထဲ၌ အသစ်ပြုလုပ်ထားသော ဗိုလ်ချုပ်ကြေးရုပ်အသစ်နှင့် စာကြည့်တိုက်သစ်များ ဖွင့်ပွဲကို ဗိုလ်ချုပ်အောင်ဆန်း၏မွေးနေ့ ဖေဖော်ဝါရီ ၁၃ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ပဲပြုတ်နှင့် နံပြား စတုဒိသာကျွေးမည်ဖြစ်ကြောင်း သိရသည်။




အဆိုပါ ဗိုလ်ချုပ်ကြေးရုပ်အသစ်ကို တည်ဆောက်နိုင်ရေးအတွက် ပြီးခဲ့သည့် တစ်နှစ်ခန့်မှစ၍ ရမည်းသင်းမြို့နယ်သူ မြို့နယ်သားများ စုပေါင်းအလှူခံရငွေများဖြင့် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ဗိုလ်ချုပ်ကြေးရုပ်နှင့် အုတ်ခုံကို ဦးမျိုးမြင့်သန်း-ဒေါ်ငြိမ်းငြိမ်းနိုင်(ဆန်းရွှေပြည်ကုမ္ပဏီ)မိသားစုက လှူဒါန်းပြီး အလှူရှင်မိသားစုကပင် ဖွင့်ပွဲနေ့တွင် ပဲပြုတ်နှင့်နံပြား စတုဒိသာကျွေးမည်ဖြစ်ကြောင်း၊ နံပြားဖုတ်ရန်အတွက် နံပြားဖိုများကို ပန်းခြံအတွင်းပြုလုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲရက်တွင် မြန်မာ့လက်ရွေးစင် ခြင်းအဖွဲ့ချုပ်က ခြင်းအလှခတ်ခြင်း၊ မန္တလေးမှ တီးဝိုင်းအဆိုတော်များက ဖျော်ဖြေခြင်း စသည့် အစီအစဉ်များလည်း ပါဝင်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြေးရုပ်နှင့်ပန်းခြံ ဖြစ်မြောက်ရေးကော်မတီ နာယကကြီး ဦးသိန်းတန်ထံမှ သိရသည်။

ရမည်းသင်းမြို့ ဗိုလ်ချုပ်ပန်းခြံအတွင်း၌ ဗိုလ်ချုပ်ကြေးရုပ်အပြင် ကျပ်သိန်းပေါင်း ၁၀၀၀ ဝန်းကျင်ခန့် ကုန်ကျမည့် ကြွေပြားအခင်းရင်ပြင်၊ ကလေးကစားကွင်း၊ ပန်းခြံနှင့် စာကြည့်တိုက် တည်ဆောက်ခြင်း လုပ်ငန်းများအတွက် မိုးယံရွှေထုတ်လုပ်ရေးကုမ္ပဏီနှင့် အမျိုးသားကြီးပွားတိုးတက်ရေး ရွှေကုမ္ပဏီတို့က ကျပ်သိန်း ၅၀၀ စီ ထည့်ဝင်လှူဒါန်းထားကြကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

## နွားလှည်းအကြော့မောင်းပြိုင်ပွဲကျင်းပ

**ငါန်းဇွန် ဖေဖော်ဝါရီ ၁၂**
နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့ ရှင်ပင်မိုးကောင်းမြတ်စွာဘုရားဝင်းအတွင်း၌ လှူတ်တော်ကိုယ်စားလှယ်များဖလား နွားလှည်းအကြော့မောင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

လွှတ်တော်ကိုယ်စားလှယ်များဖလား နွားလှည်းအကြော့မောင်းပြိုင်ပွဲကို အငယ်တန်း၊ နှစ်ချောင်းစိုက်တန်း၊ လေးချောင်းစိုက်တန်း၊ ခြောက်ချောင်းစိုက်တန်းနှင့် အကြီးတန်းဟု အတန်းများခွဲခြား၍ ကျင်းပပြီး ပြိုင်ပွဲသို့ ဒေသတွင်းနှင့် အနယ်နယ်အရပ်ရပ်မှ နွားလှည်းပြိုင်ပွဲ ဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။
**သက်နောင်ဦး(ငါန်းဇွန်)**

## နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးလက်ကျောက်ချောလမ်းဖွင့်

**ဖြူး ဖေဖော်ဝါရီ ၁၂**
နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၂၃ ဒသမ ၂၀ သန်းဖြင့် KNN Co.,Ltd. က တာဝန်ယူဆောင်ရွက်ခဲ့သော ဖြူးမြို့နယ် ဇေယျဝတီဒေသ၊ လင်းယောခင်ရွာနှင့် ပတ္တာကျေးရွာ ကျေးလက်ဆက်သွယ်ရေး ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ယင်းကျေးလက်ဆက်သွယ်ရေးလမ်းမှာ အရှည်တစ်မိုင်ခွဲ အကျယ် ၁၂ ပေ၊ ထုကိုး လက်မရှိပြီး လမ်းဖွင့်ပွဲသို့ မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြကြောင်း သိရသည်။ **ဖြူး-မြင့်ဦး**



**ကျောင်းသား ကျောင်းသူများ ငယ်စဉ်ကလေးဘဝမှစ၍ စာအုပ်စာပေနှင့်ရင်းနှီးစေရန်၊ စာကြည့်တိုက်များနှင့်ရင်းနှီးစေရန်၊ စာဖတ်သည့်အလေ့အထများ ဖြစ်ပေါ်လာစေရန်၊ ဉာဏ်ရည်ထက်မြက်စေရန်နှင့် တီထွင်ဖန်တီးတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပျော်ရွှင်စရာ ကလေးကမ္ဘာအစီအစဉ်ကို ဒဂုံမြို့နယ် ပြည်သူ့စာကြည့်တိုက်၌ ဖေဖော်ဝါရီ ၁၀ ရက်က ပြုလုပ်ခဲ့ရာ ကျားကူးဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူလေးများ ပျော်ရွှင်စွာ ပါဝင်နေသည်ကို တွေ့ရစဉ်** (အဆိုပါ အစီအစဉ်ကို ဒဂုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ပြုလုပ်ခြင်းဖြစ်ပြီး ကလေးများအား ပုံပြောပြခြင်း၊ ပန်းချီရေးဆွဲစေခြင်း၊ ဆေးရောင်ခြယ်ခြင်း၊ ဂိမ်းကစားခြင်းများကို ပြုလုပ်ပေးသည့်အပြင် အမှတ်တရလက်ဆောင်များနှင့် သတင်းစကား လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။)
**(မြို့နယ် ပြန်/ဆက်)**

## သီတဂူမျက်စိဆေးရုံ ဖွင့်ပွဲအထိမ်းအမှတ် ဓမ္မသဘင်ကျင်းပမည်

**ပြွန်တန်ဆာ ဖေဖော်ဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့၌ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ တည်ထောင်တော်မူသော သီတဂူစက္ခုဒါနဆေးရုံတော်ကြီး တည်ဆောက်ပြီးစီးပြီဖြစ်၍ ဆေးရုံတော်ဖွင့်ပွဲ အထိမ်းအမှတ် သီတဂူအထူးဓမ္မသဘင်တရားပွဲများကို ဖေဖော်ဝါရီ ၂၂ ရက်မှ ဖေဖော်ဝါရီ ၂၄ ရက်အထိ အဆိုပါမျက်စိဆေးရုံ ရှေ့ကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သီတဂူအထူးဓမ္မသဘင်၌ ဖေဖော်ဝါရီ ၂၂ ရက်တွင် သီတဂူအရှင်ကိတ္တိသာရ၊ ဖေဖော်ဝါရီ ၂၃ ရက်တွင် သီတဂူအရှင် တိက္ခသာရတို့က တရားတော်များ ဟောကြားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၄ ရက်တွင် သီတဂူစက္ခုဒါနဆေးရုံတော် ဖွင့်ပွဲနှင့် ရေစက်ချ အခမ်းအနားကျင်းပမည်ဖြစ်ကာ ထိုညတွင် သီတဂူဆရာတော်ကြီးက တရားဓမ္မများ ဟောကြားမည်ဖြစ်ကြောင်း၊ သီတဂူအထူးဓမ္မသဘင်ကျင်းပစဉ် သက်ဆိုင်ရာ မြို့/ရွာများအလိုက် ကားအကြိုအပို့စီစဉ်ထားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မျက်စိဆေးရုံဖွင့်ပွဲမတိုင်မီ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်တွင်လည်း မျက်စိဝေဒနာရှင်များအား သီတဂူကမ္ဘာ့သာသနာပြုအဖွဲ့ ပါမောက္ခ ဒေါက်တာမြအောင် ဦးဆောင်သော သီတဂူမျက်စိအထူးကုဆရာဝန်အဖွဲ့က အခမဲ့စမ်းသပ်ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးမည်ဖြစ်ကာ လက်ရှိအချိန်ထိ မျက်စိစမ်းသပ်ကုသရန်အတွက် ကျောက်တံခါးမြို့နယ်၊ ရွှေကျင်မြို့နယ်၊ ညောင်လေးပင်မြို့နယ်နှင့် ဒိုက်ဦးမြို့နယ်များမှ ရဟန်းရှင်လူ ၁၅၀၀ ကြိုတင်စာရင်းသွင်းထားပြီးဖြစ်ကြောင်း ပြွန်တန်ဆာမြို့ သီတဂူစက္ခုဒါနဆေးရုံတော် ဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

**ကိုလွင်(ဆွာ)**

## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ ကျောက်ကြီးဒေသခံပြည်သူများနှင့် တွေ့ဆုံ

**ကျောက်ကြီး ဖေဖော်ဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-S)အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၀ ရက် ၁၂ နာရီက ကျောက်ကြီးမြို့နယ် မုံးဒေသ ကော့ပြင်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဗိုလ်ချုပ်မြတ်ကျော်က အဖွင့်အမှာစကားပြောကြားပြီး ကော်မတီဒုတိယဥက္ကဋ္ဌ(၁)၊ KNU တပ်မဟာ(၃)မှ တပ်မဟာမှူး ဦးစောအယ်ကလူသိန်းနှင့် ဒုတိယဥက္ကဋ္ဌ(၂) ဦးစောထူးဘလက်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားသည်။

ဆက်လက်၍ ကော်မတီဝင်အရပ်သားကိုယ်စားလှယ် ဦးစောလင်းအောင်နှင့် ဦးစောဒီထူးတို့က (NCA) စာချုပ်နှင့် (JMC) ဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ကော်မတီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး သိန်းထိုက်ဦးက ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ (coc) အကြောင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဒေသခံပြည်သူများက သိလိုသည်များ မေးမြန်းကြရာ ကော်မတီဝင်များက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

**နေလင်း(ညောင်လေးပင်)**

## လိုင်စိတ်ကြွဆေးများ ရောင်းချခြင်းမပြုရန် ဟောပြောစစ်ဆေး

**ဒလ ဖေဖော်ဝါရီ ၁၂**

လိုင်စိတ်ကြွဆေးများကို အလွဲသုံးခြင်းကြောင့် မုဒိမ်းမှုနှင့် သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားနိုင်သလို သုံးစွဲသူအတွက်လည်း အန္တရာယ်ကြီးသဖြင့် ရောင်းချခြင်းမပြုကြရန်နှင့် ရောင်းချနေကြောင်းသိရှိလျှင် သတင်းပေး တိုင်ကြားစေလိုကြောင်း ဒလမြို့မရဲစခန်းမှူး ဒုရဲမှူးကိုကိုထွေးက ပြောကြားသည်။

မြို့မရဲစခန်းမှူးက "လိုင်စိတ်ကြွဆေးဆိုတာ ပန်းသေပန်းညှိုးရောဂါဝေဒနာရှင်များအတွက် ဆရာဝန်ညွှန်ကြားမှုအတိုင်း သောက်သုံးရမယ့် ဆေးဝါးပါ။ အခုသုံးစွဲနေကြတဲ့ လူကြီးလူငယ်တွေက အလွဲသုံးစွဲမှု လုပ်နေကြတာကြောင့် မလိုလားအပ်တဲ့ မုဒိမ်းမှု၊ သက်ငယ်မုဒိမ်းမှုတွေ ဖြစ်ပွားခဲ့ပါတယ်။ သုံးစွဲသူကိုယ်တိုင်လည်း အန္တရာယ်အလွန်ကြီးပါတယ်။ ဒါကြောင့် လိုင်စိတ်ကြွဆေးများကို ရပ်ကွက်အတွင်း မရောင်းချရန်နဲ့ တွေ့ရှိရင်လည်း သတင်းပေးတိုင်ကြားစေလိုပါတယ်"ဟု ပြောသည်။



ဒလမြို့နယ် ညောင်တုန်းရပ်ကွက် ရာဇသင်္ကြန်ဘုရားလေး ဓမ္မာရုံ၌ ဖေဖော်ဝါရီ ၉ ရက်က ပြုလုပ်ခဲ့သော မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲတွင် မြို့မရဲစခန်းမှူးက ဟောပြောရာ၌ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဟောပြောပွဲတွင် မုဒိမ်းမှု၊ သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားခြင်းအကြောင်း အပါအဝင် လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးမှုနှင့် အခြားမှုခင်းများအကြောင်းကိုလည်းကောင်း၊ မှုခင်းများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးနှင့် ဆောင်ရန် ရှောင်ရန်အချက်များကိုလည်းကောင်း မြို့မရဲစခန်းမှူးက ဟောပြောခဲ့သည်။

ဟောပြောပွဲအပြီးတွင် ဒလမြို့မရဲစခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များက ညောင်တုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အတူ ရပ်ကွက်အတွင်းရှိ ဆေးဆိုင်များတွင် လိုင်စိတ်ကြွဆေးများ ရောင်းချခြင်းမရှိစေရန် စစ်ဆေးခြင်းနှင့် ဆိုင်ရှင်များအား အသိပညာပေးမှုများ လိုက်လံဆောင်ရွက်ခဲ့ကြသည်။

**သန်းဌေး(ဒလ)**

## လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းစဉ်များရှင်းလင်း

**မယ်စဲ့ ဖေဖော်ဝါရီ ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း၏ မယ်စဲ့မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲကို မယ်စဲ့မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၀ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မယ်စဲ့မြို့နယ် လူထုဗဟိုပြုစီမံကိန်း၏ တာဝန်ခံ ဦးခန့်ကျော်ခိုင်က လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်များနှင့် စီမံကိန်းဝင်လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး မယ်စဲ့မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်အေးခန့်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးညွှန့်ဆောင်နှင့် ဘော်လခဲ၊ ဖားဆောင်း၊ မယ်စဲ့ မြို့နယ်များမှလူထုဗဟိုပြုစီမံကိန်း ကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက သိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေး ညှိနှိုင်းခဲ့ကြသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## သံတောင်ကြီးမြို့မှ ပြည်သူများအား အခမဲ့ဆေးဝါးကုသမှုများ ဆောင်ရွက်ပေး

**သံတောင်ကြီး ဖေဖော်ဝါရီ ၁၂**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်ရှိ ဘုရင့်နောင်တပ်နယ် အမှတ်(၁၅)တပ်မတော်ဆေးရုံ ခုတင်(၁၀၀)မှ နယ်လှည့်ဆေးကုသအဖွဲ့သည် ဖေဖော်ဝါရီ ၁၀ ရက်က သံတောင်ကြီးမြို့ ရှင်ဂျော့ဂျက်ခန်းမ၌ အခြေပြု၍ မြို့ပေါ်ရပ်ကွက်များရှိ ပြည်သူများအား အခမဲ့ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့တွင် ခွဲစိတ်ပါရဂူ၊ သားဖွားမီးယပ်ပါရဂူ၊ ခတ်မှန်ပါရဂူများ၊ သွားနှင့် ခံတွင်း၊ ကလေးအထူးကု ဆရာဝန်များနှင့် ဆေးမှူးများ၊ သူနာပြုနှင့် သူနာပြုအရာရှိများ ပါဝင်ပြီး ဒေသခံ တိုင်းရင်းသားပြည်သူ ၂၇၆ ဦးအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

နယ်လှည့် ဆေးကုသအဖွဲ့က ဆေးဝါးကုသမှု ဆောင်ရွက်ပေးရာသို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော်နှင့် ဘုရင့်နောင်တပ်နယ်မှူး ဗိုလ်မှူးချုပ်စိုးတင့်နိုင်တို့ လာရောက်ကြည့်ရှုအားပေးကာ ဆေးကုသမှုခံယူကြသော ပြည်သူများအတွက် လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရှင်တစ်ရာ ဗုဒ္ဓစာပေအထူးသင်တန်း ဖွင့်လှစ်မည်

**ကသာ ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့မဟာစည်သာသနာ့ရိပ်သာ၌ ရှင်တစ်ရာ ဗုဒ္ဓစာပေအထူးသင်တန်းကို ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်းနှင့် ရှင်သာမဏေပြု၍ သင်တန်းတက်လိုသူများအနေဖြင့် ကသာမြို့သာသနာ့ရိပ်သာ ဂေါပကအဖွဲ့ထံမှ ဝင်ခွင့်ဖောင်များထုတ်ယူဖြည့်စွက်၍ ဖေဖော်ဝါရီ ၂၀ ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၉ ရက်အထိဖြစ်ပြီး သင်တန်းတက်လိုသူများသည် အနိမ့်ဆုံး ဆဋ္ဌမတန်းဖြေဆိုပြီးသော ကျောင်းသားများ ဖြစ်ရမည်ဖြစ်ကြောင်း၊ သင်ကြားပို့ချမည့် ဘာသာရပ်များမှာ ယဉ်ကျေးမှုကျင့်ဝတ်ဘာသာ၊ မင်္ဂလသုတ်အဖွင့်၊ ဗုဒ္ဓဝင်အင်္ဂလိပ်စာ၊ ဝတ်ရွတ်စဉ်ရှင်းတမ်းနှင့် သတိပဋ္ဌာန် ဝိပဿနာတရားအားထုတ်ပုံများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**



**ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) (၁၈)ရပ်ကွက် ဒေသန္တရကျန်းမာရေး ဦးစီးဌာန၌ ဒေသခံပြည်သူများအား အခမဲ့ ကွင်းဆင်းဆေးကုသမှုလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး တီဘီတိုက်ဖျက်ရေးဌာနမှ တီဘီရောဂါ ကွင်းဆင်းရှာဖွေကုသရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၈ ရက်က ဆောင်ရွက်ပေးနေစဉ်။** (အခမဲ့ ကွင်းဆင်းဆေးဝါးကုသမှုကို ဖေဖော်ဝါရီ ၆ ရက်မှ ၁၇ ရက်အထိ ရပ်ကွက်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ပြီး တီဘီ၊ သွေးတိုး၊ ဆီးချို၊ သွေးချိုနှင့် အခြားအထွေထွေရောဂါများကို ရှာဖွေစမ်းသပ် ကုသမှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။)

**(မြို့နယ် ပြန်/ဆက်)**

## ခရိုင်ချင်းဆက်လမ်းမပေါ်တွင် သံလမ်းခုံးကျော်တံတား တည်ဆောက်

**ကသာ ဖေဖော်ဝါရီ ၁၂**

ကသာမြို့နယ်နှင့် ထီးချိုင့်မြို့နယ်ကြား ဆက်သွယ်သည့် ခရိုင်ချင်းဆက်လမ်းဖြစ်သော အမှတ်(၃)ကားလမ်းမ၏ ကသာမြို့နယ်အတွင်း ရထားသံလမ်းနှင့်ဖြတ်သွားရာနေရာ၌ သံကူကွန်ကရစ် ကုန်းကျော်တံတားကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။



ကသာမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေဖြင့် ခုံးကျော်တံတားကို ဆောက်လုပ်ရေးဦးစီးဌာနက တည်ဆောက်ခြင်းဖြစ်ပြီး တံတားသည် အလျား ၆၀ ပေ၊ အကျယ် ၂၆ ပေ၊ အမြင့် ၂၀ ပေနှင့် ခံနိုင်ဝန် တန် ၆၀ ရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သံလမ်းခုံးကျော်တံတား တည်ဆောက်နေမှုကို စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မကြာခဏ လာရောက်ကြည့်ရှုကာ တံတားကြံ့ခိုင်ရေးအတွက် စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်းနှင့် တံတားတည်ဆောက်ပြီးစီးပါက ကသာနှင့် ထီးချိုင့်ခရိုင်ကြား ဆက်သွယ်ရေးပိုကောင်းလာပြီး ကချင်ပြည်နယ်ဘက်သို့ ကုန်စည်စီးဆင်းမှုများလည်း ပိုမိုလျင်မြန်ချောမွေ့သွားစေမည်ဖြစ်ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# ရေဦးမြို့နယ်တွင် လယ်ယာမဲ့တောင်သူများအတွက် လယ်ယာမြေဧက ၂၀၀ ခန့် ဖော်ထုတ်ပေးမည်

**ရေဦး ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်တွင် လယ်ယာမဲ့တောင်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်အတွက် လယ်ယာမြေ ဧက ၂၀၀ ခန့်ကို တိုင်းဒေသကြီးအစိုးရ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လယ်ယာမြေများကို ညောင်နီကန်ကျေးရွာအုပ်စုအတွင်း၌ ဖော်ဆောင်ပေးမည်ဖြစ်ကာ မြေလွတ်မြေရိုင်း ဧက ၂၀၀ ကို စီးပွားဖြစ်သီးနှံစိုက်ခင်းများဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ပြီး မြေလွတ်မြေရိုင်းခုတ်ထွင်ခြင်းကို တက်ယူနိုက်တက်ကုမ္ပဏီက တစ်ကေငါးသိန်းဖြင့် တင်ဒါအောင်မြင်ခဲ့ကြောင်း၊ ဆည်ရေသောက်စနစ် မရနိုင်သည့်အတွက် မိုးကောင်းတောအဖြစ်သာ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း စက်မှုလယ်ယာဦးစီးမှူးက ပြောကြားသည်။

ညောင်နီကန်ကျေးရွာအုပ်စုအတွင်း၌ လယ်ယာမြေများ ဖော်ဆောင်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးနှင့်အတူ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးမြင့်ထွေး၊ ရေဦးမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် အမှတ်(၂၁)စက်မှုလယ်ယာစခန်းတို့မှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာခွဲခေါင်းဆောင်များက ကွင်းဆင်းကြည့်ရှု တိုင်းထွာမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

# ဟားခါးကောလိပ်တွင် စီးပွားရေးပညာသင်တန်းများ ပထမဆုံးအကြိမ် စဖွင့်မည်

**ဟားခါး ဖေဖော်ဝါရီ ၁၂**

ချင်းပြည်နယ်တွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ဟားခါးမြို့ရှိ ဟားခါးကောလိပ်တွင် ပထမဆုံးအကြိမ်အဖြစ် ဖွင့်လှစ်မည့် စီးပွားရေးသင်တန်းကျောင်းအတွက် ပထမအသုတ် လျှောက်လွှာများကို စတင်လျှောက်ထားနိုင်ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

အဆိုပါ စီးပွားရေးသင်တန်းကျောင်းများကို ပြည်နယ်အစိုးရနှင့် Strategy First Institute တို့ ပူးပေါင်း၍ ဖွင့်လှစ်မည်ဖြစ်ပြီး Business Management, Innovative Interprenuership, Hotel and Tourism Management စသည့် ဘာသာရပ်သုံးခုကို သင်ကြားရမည်ဖြစ်ကာ ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၇ ရက်အထိ တစ်ရက်လျှင် ငါးနာရီကြာ သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းကို Strategy First Institute ၏ သင်ရိုးမာတိကာ၊ သင်ရိုးစာအုပ်များနှင့်အညီ Strategy First Institute မှ သင်တန်းဆရာကြီးများ ကိုယ်တိုင် ဟားခါးမြို့အထိ လာရောက်သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

“ချင်းပြည်နယ် စီးပွားရေးသင်တန်းကျောင်းဖွင့်လှစ်ခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ ပြည်နယ်အတွင်းမှာ စီးပွားရေးပညာနဲ့ပတ်သက်လို့ သင်ယူလေ့လာမှုအခွင့်အလမ်းကို ဖန်တီးပေးနိုင်ဖို့ ဖြစ်ပါတယ်။ စီးပွားရေးရာ သင်တန်းများကို ကုန်ကျစရိတ်လည်း သက်သာ၊ အရည်အသွေး ပြည့်ဝတဲ့ ဆရာကြီးများရဲ့ သင်ကြားပို့ချမှုလည်းဖြစ်၊ အဆင့်မြင့် သင်ခန်းစာများကို ဆက်လက် ဆည်းပူးလေ့လာလိုသူများအတွက်လည်း အခြေခံကောင်းရပြီး လက်မှတ်ပါရနိုင်တဲ့ သင်တန်းများအဖြစ် ချင်းပြည်နယ်အတွင်းမှာ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပါတယ်”ဟု ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်က ပြောသည်။ သင်တန်းများကို ချင်းပြည်နယ်အတွင်းရှိ ဖလမ်း၊ တီးတိန်၊ မင်းတပ်၊ ပလက်ဝနှင့် မတူပီမြို့ များတွင်လည်း အလှည့်ကျ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

လျှောက်လွှာများကို ပြည်နယ် စက်မှု/ကြီးကြပ်ရုံး၊ ဟားခါးကောလိပ်၊ ဟားခါးပညာရေးကောလိပ်၊ စက်မှုလက်မှုသိပ္ပံ(ဟားခါး)နှင့် ချင်းခရစ်ယာန်တက္ကသိုလ်တို့တွင် တစ်စုံလျှင် ငွေကျပ် ၁၀၀၀ ဖြင့် ဝယ်ယူရမည်ဖြစ်ကြောင်း၊ သင်တန်းတွင် စကောလားရှစ်အစီအစဉ်ရှိပြီး လူတစ်ဦးလျှင် ငွေကျပ် ၃၅၀၀၀ ရရှိနိုင်မည်ဖြစ်ရာ သင်တန်းပြီးဆုံးသည့်ရက်တွင် သင်တန်းကာလပြီးမြောက်အောင် တက်ရောက်သူများထဲမှ ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ပြည်နယ်အစိုးရသည် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ Chin State Business Institute ကို တည်ထောင်ရာတွင် စီးပွားရေးပညာဆိုင်ရာသင်တန်းများကို ဖွင့်လှစ်သင်ကြားနိုင်ရန် Strategy First Institue နှင့် နားလည်မှုစာချွန်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွှယ်၊ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်နှင့် Strategy First Institue မှ ကျောင်းအုပ်ကြီး ဦးအောင်ချစ်ခင်တို့ ဇန်နဝါရီ ၂၄ ရက်က လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**



# (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများပြုလုပ်

**ကလေး ဖေဖော်ဝါရီ ၁၂**

ကလေးခရိုင်နှင့် တမူးခရိုင်တို့ ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည့် (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာရေးစပ်သီကုံးခြင်းပြိုင်ပွဲများကို ဖေဖော်ဝါရီ ၉ ရက်က ကလေးမြို့ တောင်ဖီလာရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲများကို အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ် အဆင့်သုံးဆင့်ဖြင့် ကျင်းပခဲ့ပြီး ကျောင်းသား ကျောင်းသူ ၆၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ စာစီစာကုံးပြိုင်ပွဲတွင် တက္ကသိုလ်အဆင့်ကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းလူမျိုးတို့၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့်လည်းကောင်း၊ အထက်တန်းအဆင့်ကို မြန်မာနိုင်ငံလွတ်လပ်ရေးနှင့် ချင်းအမျိုးသားတို့၏ ပါဝင်ဆောင်ရွက်မှု ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အလယ်တန်းအဆင့်ကို ချင်းအမျိုးသားနေ့ ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပခဲ့သည်။ ပန်းချီပြိုင်ပွဲတွင် တက္ကသိုလ်အဆင့်ကို ချင်းပြည်နယ်၏အနာဂတ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အထက်တန်းအဆင့်ကို ချင်းပြည်နယ်၏သဘာဝ အလှ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့်ကို ချင်းတိုင်းရင်းသားတို့ ၏ အထိမ်းအမှတ်များမှ ကျွန်တော်အနှစ်သက်ဆုံးတစ်ခု ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပပြီး ကဗျာရေးစပ်သီကုံးခြင်းပြိုင်ပွဲတွင် တက္ကသိုလ်အဆင့်ကို အောက်ချင်းငှက်သစ္စာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အထက်တန်းအဆင့်ကို သာယာစိုပြည် ချင်းတောင်မြေ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့်ကို အမျိုးသားနေ့နှင့် စည်းလုံးညီညွတ်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပခဲ့သည်။

ပြိုင်ပွဲများကို ကလေးမြို့ချင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီက ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ဆုရရှိသူများကို ချင်းအမျိုးသားနေ့အခမ်းအနားတွင် ဆုများထိုက်တန်စွာ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# ဗိုလ်ချုပ်အောင်ဆန်းပုံတူ စကျင်ရုပ်တု စတင်ထုဆစ်မည်

**မန္တလေး ဖေဖော်ဝါရီ ၁၂**

ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူရုပ်တု (အထိုင်ပုံ)ကို မန္တလေးမြို့မှ ကျောက်ဆစ်ပညာရှင်များက ပထမဦးဆုံးအနေဖြင့် စကျင်ကျောက်ဖြင့် ထုဆစ်မည်ဖြစ်ကြောင်းနှင့် ဖေဖော်ဝါရီလ တတိယပတ်အတွင်းမှစတင်ကာ မန္တလေးစန္ဒာမုနိဘုရား အရှေ့မုခ်ဦးမြောက်ဘက်နေရာ၌ ပုံတူရုပ်တုကို ပုံစံမူအသစ်ဖြင့် ထုဆစ်မည် ဖြစ်ကြောင်း သိရသည်။

ဗိုလ်ချုပ်၏ အရပ်အမောင်းနှင့် ကိုယ်လုံးကိုယ်ထည်၊ အင်္ကျီနှင့် အဝတ်အစားပုံစံများမှစ၍ သေချာစေရန် လိုအပ်သောလေ့လာမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းရုပ်တု ထုဆစ်ရန်အတွက် အချိန်တစ်နှစ်ကျော် ကြာမြင့်မည်ဖြစ်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းကျောက်ဆစ်ရုပ်တုနှင့် ဗိမာန်တည်ဆောက်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။




အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းရုပ်တု ပြီးစီးပါက ရုပ်တုထားရှိရန် မြေနေရာအတွက် သက်ဆိုင်ရာဌာနသို့ တောင်းခံသွားမည်ဖြစ်ကြောင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုကို ဗိမာန်နှင့်တကွ ခမ်းနားထည်ဝါစွာ ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ခပေါင်းဆည်မှ နွေစပါးရေပေးဝေမှုကို ဆည်ရေစီမံခန့်ခွဲမှုသင်တန်းသားများ ကွင်းဆင်းလေ့လာ

**အုတ်တွင်း ဖေဖော်ဝါရီ ၁၂**

ပဲခူးမြို့ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာန (ခွဲ)ရှိ ဆည်ရေစီမံခန့်ခွဲမှုသင်တန်း အမှတ်(၂)မှ ညွှန်ကြားရေးမှူး ဦးဇော်မင်းထွဋ် ဦးဆောင်သည့် ဦးစီးအရာရှိ သင်တန်းသား သင်တန်းသူများသည် တောင်ငူခရိုင် အုတ်တွင်းမြို့နယ်ရှိ ခပေါင်းဆည်၌ ဆည်ရေသောက် ဧရိယာများသို့ နွေစပါးစိုက်ပျိုးရေ ပေးဝေမှုအခြေအနေများကို ဖေဖော်ဝါရီ ၉ ရက်က ကွင်းဆင်းလေ့လာခဲ့ကြကြောင်း သိရသည်။

ကွင်းဆင်းလေ့လာသည့်အဖွဲ့အား ပိတောက်ခင်ကျေးရွာအနီးရှိအဆင့်မြင့်လယ်ယာမြေဖော်ဆောင်ရေး ရှင်းလင်းဆောင်၌ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာန တည်ဆောက်ရေး(၅)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းခင်သန်းက အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်ရန်အတွက် ညှိနှိုင်းဆောင်ရွက်ရသည့် လုပ်ငန်းအဆင့်ဆင့်နှင့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ရေပေးဝေမှုလုပ်ငန်းစဉ်များနှင့် ဆည်ရေစီမံခန့်ခွဲမှုလုပ်ငန်းကြောင့် တောင်သူများအတွက်ရရှိနိုင်သော အကျိုးကျေးဇူးများကိုလည်းကောင်း၊ နွေစပါးစိုက်ပျိုးရာ၌ စိုက်ပျိုးသည့်သီးနှံကွဲပြားမှု၊ စိုက်ပျိုးချိန်ခြားနားမှုများကြောင့် သီးနှံရိတ်သိမ်းရာတွင် တောင်သူများအဆင်ပြေချောမွေ့စေရန် ဆည်ရေသုံးစွဲမှု (Water User Groups) သတ်မှတ်သည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အဆင့်မြင့်လယ်ယာမြေဖော်ဆောင်ရေးလုပ်ငန်းများတွင် မောင်းသူမဲ့ ဒရုန်းယာဉ်ဖြင့် တိုင်းတာရေး လုပ်ငန်းများ ဆောင်ရွက်ပုံကို လက်တွေ့ပြသကာ ရေလျှံကျေးရွာအနီးတွင် ဂျပန်နိုင်ငံ၏အကူအညီဖြင့် စိုက်ပျိုးထားသည့် အဆင့်မြင့်လယ်ယာမြေ ၁၀၃ ဧကမှ စပါးခင်းများကိုလည်း လေ့လာရေး သင်တန်းသား သင်တန်းသူများက လေ့လာကြည့်ရှုခဲ့ကြပြီး ဒေသခံတောင်သူများနှင့်လည်း တွေ့ဆုံကာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# လူထုဗဟိုပြုစီမံကိန်း စီမံခန့်ခွဲမှုသင်တန်းဖွင့်လှစ်

**ညောင်ဦး ဖေဖော်ဝါရီ ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ဒါန်းကျေးရွာ၌ ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း၏ (ဒုတိယနှစ်) စီမံကိန်းလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီမံခန့်ခွဲမှုသင်တန်းများကို ကျေးရွာ စီမံကိန်းကော်မတီဝင်များအား ဖေဖော်ဝါရီ ၉ ရက်နှင့် ၁၀ ရက်က ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းတွင် ညောင်ဦးမြို့နယ် လူထုဗဟိုပြုစီမံကိန်း၏ နည်းပညာအကြံပေး၊ သတင်းပြန်ကြားဆက်သွယ်ရေး၊ ဝေဖန်အကြံပြုတိုင်ကြား ဖြေရှင်းရေးနှင့် ကျားမရေးရာတာဝန်ခံ ဒေါ်ဌေးဌေးမြင့်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သတင်းပြန်ကြားဆက်သွယ်ရေး၊ ဝေဖန်အကြံပြုတိုင်ကြား ဖြေရှင်းရေးနှင့် ကျားမရေးရာ တာဝန်ခံ ဒေါ်သူဇာနွယ်နှင့် ကျေးရွာတာဝန်ခံ လူထုစည်းရုံးရေးမှူးများ၊ လက်ထောက် နည်းပညာမှူးများက ဝယ်ယူရေး၊ ဘဏ္ဍာရေးနှင့် စောင့်ကြည့်ကြီးကြပ်ရေးဆိုင်ရာများကို ပို့ချခဲ့ကြကာ သင်တန်းသို့ ဒါန်းကျေးရွာအုပ်စုအတွင်းရှိ ဒါန်းကျေးရွာ၊ ဟင်းခွက်အိုင်ကျေးရွာနှင့် သံချေးကန်ကျေးရွာတို့မှ ကျေးရွာစီမံကိန်းကော်မတီဝင် ၃၄ ဦး တက်ရောက်ခဲ့ကြသည်။

ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းပြီး နည်းပညာနှင့် ငွေကြေး ပံ့ပိုးမှုအပေါ်အခြေခံကာ ဒေသခံပြည်သူများပါ စုပေါင်းပါဝင်ဆောင်ရွက်ရသော လူထုဗဟိုပြုစီမံကိန်းကို ညောင်ဦး မြို့နယ်အတွင်းရှိ ကျေးရွာ ၂၂၀ တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**


M40,M50
MPT SMARTPHONE
MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
FREE SIM WITH INTERNET
15 GB FOR M50 - 4.5 GB FOR M40
MPT
M40 4.0 inch 32,000 Ks
M50 5.0 inch 99,000 Ks
ဖုန်းဝယ်ယူစဉ်တွင် ပါရှိသည့် MPT SIM CARD ကို SIM 1 တွင် ထည့်သွင်းအသုံးပြုမှသာလျှင်
FREE INTERNET ကို အသုံးပြုနိုင်မည် ဖြစ်ပါသည်
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday




ပြည်ထောင်စု ငြိမ်းချမ်းရေးနှစ် (၂၀၁၇) အထိမ်းအမှတ် "ငြိမ်းချမ်းရေး စည်တော်သံ အနုပညာပွဲခင်းသဘင် ဖျော်ဖြေပွဲ"နှင့် "ငြိမ်းချမ်းရေး ရန်ပုံငွေသို့ ထည့်ဝင်လှူဒါန်းပွဲ" အား အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

နေ့ရက် – ၁၃.၂.၂၀၁၇ (တနင်္လာနေ့)
အချိန် – ညနေ(၅)နာရီမှ ည (၁၁)နာရီအထိ
နေရာ – အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (၂)၊ နေပြည်တော်

DIAMOND WALL CO.,LTD

အခမ်းအနားကျင်းပရေးကော်မတီ
ဆက်သွယ်ရန် – ၀၉ ၄၃၀၆၆၄၃၀
၀၉ ၄၄၂၁၂၁၀၂၀


## အများသိစေရန်

မွန်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော မွန်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားကို ၁၈-၃-၂၀၁၇ ရက်မှ ၂၄-၃-၂၀၁၇ ရက်ထိ ခုနစ်ရက်တိုင်တိုင် မော်လမြိုင်မြို့၊ သံလွင်ဥယျာဉ်ပန်းခြံအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ပြည်နယ်ဂုဏ်ဆောင်ဆုချီးမြှင့်ပွဲအခမ်းအနား၊ ဌာနဆိုင်ရာပြခန်းများ၊ ပျော်ပွဲရွှင်ပွဲများ၊ ဖျော်ဖြေရေးဇာတ်ပွဲများ၊ တေးဂီတတီးဝိုင်းများ၊ ကုန်စည်ပြပွဲများနှင့် ဈေးရောင်းပွဲတော်များဖြင့် ထည့်သွင်းကျင်းပမည်ဖြစ်၍ စိတ်ပါဝင်စားသည့် ကုမ္ပဏီအဖွဲ့အစည်းများမှ အောက်ဖော်ပြပါလိပ်စာအတိုင်း လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆက်သွယ်ရန် –**

**ဝန်ကြီး၊ လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးဌာန၊**
**မွန်ပြည်နယ်အစိုးရအဖွဲ့၊ ဖုန်း–၀၅၇-၂၅၈၁၉**
**ဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**
**ဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရအဖွဲ့**
**ဖုန်း–၀၅၇-၂၅၈၁၇**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ၂၃၀ ကေဗွီ ဘီလူးချောင်း (၂)-ရွှေမြို့ဓာတ်အားလိုင်း ၂၃၀ကေဗွီ မန်း-အမ်း ဓာတ်အားလိုင်း၊ ၂၃၀ကေဗွီ တောင်တွင်းကြီး-ရွှေတောင် ဓာတ်အားလိုင်းတို့တွင် OPGW Joint Box တပ်ဆင်ခြင်းလုပ်ငန်းအား မြန်မာငွေကျပ်ဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်–

**တင်ဒါပုံစံရောင်းချမည့်ရက်** – ၁၄-၂-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်** – ၁၅-၃-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်အချိန်** – မွန်းလွဲ ၂း၀၀ နာရီ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း–၀၆၇-၄၁၀၂၀၉၊ ၀၆၇-၄၁၀၂၈၂**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ် ၂/၂၀၁၆-၂၀၁၇

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ဆင်သေ-လဟယ်လမ်းအထူးဖွဲ့မှ တာဝန်ယူဆောင်ရွက်မည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများအတွက်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား သတ်မှတ်လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား |
|---|---|
| ၁။ | ဘိလပ်မြေ |
| ၂။ | M.S Rod (သံချောင်းလုံးရှယ်စုံ) |
| ၃။ | R/Shingle (မြစ်ကျောက်စရစ်) |
| ၄။ | J/Wood (တောသစ်ခွဲသား) |
| ၅။ | ခွဲကျောက်ရှယ်စုံ |
| ၆။ | ဒီဇယ်ဆီ |
| ၇။ | သဲ |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** – ၁၃-၂-၂၀၁၇ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** – ၁၉-၂-၂၀၁၇ရက် ညနေ၄း၃၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** – ၂၀-၂-၂၀၁၇ရက် နံနက်၁၀း၀၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ဆင်သေ-လဟယ်လမ်းအထူးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး(ဆင်သေ)တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း–၀၉-၂၅၇၁၃၃၁၃၅၊ ၀၉-၄၅၂၃၃၆၀၀၈**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အမှတ်(၃)၊ အကြီးစားစက်မှုလုပ်ငန်း၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံခွဲ(ချောက်)ရှိ ဓာတုကုန်ကြမ်းပစ္စည်း(၂၁)မျိုးအား ရောင်းချလိုပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုပါက အရည်အသွေးထိန်းသိမ်းရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း (ရုံးချုပ်)၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်နှင့် ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံခွဲ(ချောက်) ဖုန်း–၀၆၇-၄၀၈၂၈၇၊ ၀၆၇-၄၀၈၃၃၂၊ ၀၉-၅၃၆၈၃၀၁၀တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါဖွင့်ရက်** – ၁၃-၂-၂၀၁၇ ရက် နံနက် ၀၉း၃၀ နာရီ
**တင်ဒါပိတ်ရက်** – ၂၀-၂-၂၀၁၇ ရက် ညနေ ၁၆း၀၀ နာရီ

ရန်ကုန်စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှု သင်တန်းဌာန(MIEDC)တွင် ဖေဖော်ဝါရီလအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

Project Management Course for Entrepreneurs

**စတင်ဖွင့်လှစ်မည့်ရက်စွဲ** – ၁၅-၂-၂၀၁၇ ရက်မှ ၂၄-၂-၂၀၁၇ ရက် (ညနေပိုင်း ၈ ရက်သင်တန်း)
**သင်တန်းကြေး** – ၄၀၀၀၀ (ကျပ်လေးသောင်းတိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။

**သင်တန်းစုံစမ်းရန်** – ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)
**ဖုန်း** – ၀၁-၅၂၂၈၇၅၊ ၀၁-၅၂၂၈၇၆၊ ၀၉-၂၅၂၈၅၄၃၃၉

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

၁။ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ် ၃၆၊ ရတနာဒီပအကွက်၊ မြေဧရိယာ ၁၀ ဒသမ ၁၁၉ ဧကအား မွေးမြူရေးဇုန်နေရာ ပြုလုပ်ရန်အတွက် ပေ(၈၀×၈၀)အကွက်ပေါင်း ၅၂ ကွက်၊ မြေဧရိယာ ၇ ဒသမ ၆၄၄ဧကနှင့် လမ်းမြေဧရိယာ ၂ ဒသမ ၄၇၅ ဧကသတ်မှတ်၍ မွေးမြူရေးလုပ်ကိုင်မည့် လုပ်ငန်းရှင် ၅၂ ဦးအား အကွက်များချထားပေးခဲ့ပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် မွေးမြူရေးဇုန်ရေရှည်တည်တံ့ခိုင်မြဲရေး၊ ထုတ်ကုန်မြှင့်တင်ရေးတို့ကို ဦးတည်လျက် ဘုရားသုံးဆူမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၂-၃-၂၀၀၅ ရက်စွဲပါစာအမှတ် ၂/၅-၃၀/ဦး ၆ ဖြင့် မွေးမြူရေးဇုန်လုပ်ငန်းအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအား ဖွဲ့စည်းပြီး မြေရာပိုင်ဆိုင်မှုကို ဦးမတည်ဘဲ မွေးမြူရေးလုပ်ငန်းအား အမှန်တကယ် စိတ်ဝင်စားပြီး အသက်မွေးဝမ်းကြောင်းလုပ်ငန်းအဖြစ် ဆောင်ရွက်မည့်သူများကို ခြောက်လအတွင်း ခြံဆောက်လုပ်၍ တိရစ္ဆာန်မွေးမြူမည်ဟူသော သဘောတူညီချက်ဖြင့် စနစ်တကျမြေနေရာချထားပေးခဲ့ခြင်းဖြစ်ပါသည်။

၃။ ထို့နောက် လုပ်ငန်းရှင်များအား ဘုရားသုံးဆူမြို့နယ်ခွဲအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၇-၇-၂၀၀၅ ရက်စွဲပါစာအမှတ် ၂/၅-၂၇/ဦး-၆ အရ မြို့နယ်ခွဲမြေစာရင်းဦးစီးဌာနမှ မြေစာရင်းပုံစံ ၁၀၅ များ ထုတ်ပေးခဲ့ပြီး ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၁၃-၁၁-၂၀၀၈ ရက်စွဲပါစာအမှတ် ၅/၁-၂၀/ဦး၆ ဖြင့် ဘုရားသုံးဆူမြို့ကွက်သစ်မြေနေရာအဖြစ် အသုံးပြုရန် လ/န(၃၉) ခွင့်ပြုချထားပေးခဲ့ပါသည်။

၄။ သို့ပါသော်လည်း ယခုလက်ရှိအခြေအနေတွင် မွေးမြူရေးဇုန်၌ မြေနေရာရယူချထားခြင်း ခံရသူများအနေဖြင့် မြေနေရာရှင်းလင်းမှု၊ တိရစ္ဆာန်မွေးမြူရန် အဆောက်အအုံဆောက်လုပ်ထားရှိမှုမရှိဘဲ သစ်ပင်ချုံနွယ်များ ပေါက်ရောက်လျက်ရှိသောကြောင့် မွေးမြူရေးဇုန်လုပ်ငန်းအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ မူလရည်ရွယ်ချက်အရသော်လည်းကောင်း လ/န (၃၉)ခွင့်ပြုမိန့်အရသော်လည်းကောင်း ကိုက်ညီမှုမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၅။ သို့ဖြစ်ပါ၍ ၇-၁၂-၂၀၁၆ ရက်တွင် ကျင်းပပြုလုပ်သော ကရင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၃၅/၂၀၁၆ ဆုံးဖြတ်ချက်အပိုဒ်(၃)အရ အဆိုပါမွေးမြူရေးဇုန်မြေနေရာများအား အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေအဖြစ် ပြန်လည်သိမ်းယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ စာဖြင့် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကရင်ပြည်နယ်အစိုးရအဖွဲ့**

**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**
**အမှတ်(၅၂/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ် (၀၅/၂၀၁၆-၂၀၁၇) (၂၄-၂-၂၀၁၇)**

## အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း လီမိတက်ရောင်းဝယ်ရေးဌာနမှ ကျွန်းသစ်လုံးများကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်–

(က) **ရောင်းချမည့်ရက်** – ၂၄-၂-၂၀၁၇ ရက် (သောကြာနေ့)
(ခ) **ရောင်းချမည့်အချိန်** – မွန်းလွဲ ၁း၀၀ နာရီ
(ဂ) **ရောင်းချမည့်သစ်အမျိုးအစားနှင့်တန်** – ကျွန်းသစ်လုံး၊ (၅၀၅၂)လုံး၊ (၃၂၅၂.၁၄၈)တန်
(ဃ) **ရောင်းချမည့်နေရာ** – ယင်းမာခန်းမ၊ ပြည်တွင်းရောင်း/စက်ဌာန(ရုံးချုပ်) မြန်မာ့သစ်လုပ်ငန်း၊အမှတ်(၇၂/၇၄)၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက ဖုန်း–၀၁-၉၀၁၀၇၃၅၊ ၀၉-၇၉၆၅၉၃၇၂၇၊ ၀၉-၄၅၀၀၂၅၉၃၁နှင့် ၀၉-၇၉၉၅၇၄၀၃၉တို့သို့ စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**
**(နေပြည်တော်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(နေပြည်တော်)၊ ရွှေကြာပင် ကျောက်မျက်ရတနာအရောင်းဈေးရှိ (GTC)ကျောက်မျက်ရတနာသင်တန်းကျောင်းတွင် (အလျား ၁၂၀ပေ×အနံ ၃၀ပေ×အမြင့် ၁၂ပေ) Steel Structure (အုတ်ညှပ်) Hall Type ထမင်းစားဆောင် အဆောက်အအုံတစ်လုံး ဆောက်လုပ်ရန်ရှိသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

(က) **ဆောင်ရွက်မည့်လုပ်ငန်း**
– (အလျား ၁၂၀ပေ× အနံ ၃၀ပေ× အမြင့် ၁၂ပေ) Steel Structure (အုတ်ညှပ်)Hall Type ထမင်းစားဆောင်(၁)လုံး
(ခ) **တင်ဒါပုံစံရောင်းချမည့်ရက်** – ၁၄-၂-၂၀၁၇ ရက်
(ဂ) **တင်ဒါပိတ်မည့်ရက်** – ၂၃-၂-၂၀၁၇ရက်
(ဃ) **တင်ဒါရောင်းချမည့်နေရာ** – မဏိရတနာကျောက်စိမ်းခန်းမ၊ သပြေကုန်းဈေးအနီး၊ နေပြည်တော်

၂။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း–၀၆၇-၄၃၂၃၈၄၊ ၄၃၂၃၈၂၊ ၄၃၂၃၈၆ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

**ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုဝတ္ထုတို၊ ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲဆုရရှိသူများအား ဖေဖော်ဝါရီ ၁၆ရက်တွင်**

## ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပမည်

၂၀၁၆ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု ဝတ္ထုတို၊ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲများ ဖိတ်ခေါ်ယှဉ်ပြိုင်ခဲ့ရာ ဝတ္ထုတို ၄၇ပုဒ်၊ ဆောင်းပါး ၅၂ ပုဒ်နှင့် ဓာတ်ပုံ ၃၀၀တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲများ၏ဝတ္ထုတိုပြိုင်ပွဲတွင် ခင်တင့်ဝေ(မြို့တော်စည်ပင်)က ခေတ်ရယ်၊ စနစ်ရယ်၊ လူသားရယ်ဖြင့် ပထမ၊ မောင်မောင်မိုးအောင်က အလင်းနှင့်အမှောင်ဖြင့် ဒုတိယ၊ သက်ဝေမောင်က လောကဥ် အခက်ခဲဆုံးအရာဖြင့် တတိယ၊ ရဲရဲထွန်း (ဟသ်ာတ)၊ မွန်းနှင့်မြတ်နိုးအောင်(အဏ္ဏဝါသိပ္ပံ)တို့က နှစ်သိမ့်ဆု၊ ဆောင်းပါးပြိုင်တွင် ဧရာမောင်က တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး အားကစားကဏ္ဍမြှင့်တင်ပေးဖြင့် ပထမ၊ ကျော်မျိုးသူက လူထုအားကစားမှ ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရန်ဖြင့် ဒုတိယ၊ တက္ကသိုလ်ပွင့်သူအောင်က မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ဖို့ လူထုအားကစား လှုပ်ရှားမှုမြှင့်တင်ဆောင်ရွက်စို့ဖြင့် တတိယ၊ သက်ဦး(NUAC)၊ စုစုစံနှင့် ဇော်မင်းဌေးတို့က နှစ်သိမ့်ဆု၊ ဓာတ်ပုံပြိုင်ပွဲတွင် ထက်သူ(ရွှေကျောင်းကြီး)က ပထမ၊ ရဲလင်းထွန်း(လှသရဖူ)က ဒုတိယ၊ အောင်အောင် (နန်းတော်ရှေ့)က တတိယ၊ ထက်သူ(ရွှေကျောင်းကြီး)၊ အောင်မြင့်ထွေးနှင့် အောင်ကျော်ထွန်း(ပုသိမ်ကြီး)တို့က နှစ်သိမ့်ဆုများ အသီးသီးဆွတ်ခူးရရှိခဲ့ပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားအား ၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၁၆ရက် နံနက် ၉ နာရီတွင် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ရုံးအမှတ် (၃၁)၌ ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများအနေဖြင့် မပျက်မကွက်(မပျက်မကွက်) တက်ရောက်ပါရန်နှင့် တက်ရောက်နိုင်မည့် အခြေအနေအား လူထုအားကစားနှင့်ပညာပေးဌာနခွဲ(နေပြည်တော်)ဖုန်း–၀၆၇-၄၀၆၀၂၇၊၄၀၆၀၂၆၊၀၉-၂၅၀၈၄၈၅၁၂၊ ၀၉-၂၀၀၂၁၉၆တို့အား မပျက်မကွက် (မပျက်မကွက်) ဆက်သွယ်သတင်းပို့ကြရန် ဖြစ်ပါသည်။

## ဖခင်အမည်မှန်

စစ်တွေမြို့၊ အထက မင်းဂံ၊ နဝမတန်းမှ မောင်ထွန်းထွန်းဝင်း၏ ဖခင်အမည်မှန်မှာ ဦးဆန်းဗိုလ် ၇/ဒဥန (နိုင်)၀၉၁၇၇၄ ဖြစ်ပါကြောင်း။

**ဦးဆန်းဗိုလ်**

## အလုပ်ရုံ/ဂိုဒေါင်ငှားမည်

(7700) ပေ ကျယ်သော နှစ်ထပ်၊ Hall Type အဆောက်အအုံ၊ တောင်ဒဂုံ ဇုန် (၂)။ (မီး) ပါဝါ၊ ရေ အစုံ။

**ဖုန်း–၀၉-၉၇၉၈၀၁၆၄၁၊**
**၀၉-၇၉၁၉၃၈၀၆၅**

## အမြန်ရောင်းမည်

**ရပါမီလမ်းမပေါ်**
**ပေ ၃၀×ပေ ၆၀**
**မြေကွက်လွတ်**
**ဖုန်း–၀၉-၅၁၀ ၂၃၄၉၊**
**၀၉-၅၀၆၇၇၀၀**

## အများသိစေရန်ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဇ)၊ မြေကွက်အမှတ် ၁၄၄/က၊ မြေကွက်တည်နေရာအမှတ် ၁၄၄/က၊ ဥဇ္ဇနာ(၅)လမ်း (ဦးမောင်မောင်ထွန်း-အိပ်ချ်အယ်လ်ဂျီ ၀၁၉၀၁၃)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်ထွန်း ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ ပုဇွန်တောင်မြို့နယ်တရားရုံး၊ ကျမ်းကျိန်လွှာ အမှတ် (၁၂၈၆/၁၆)၊ ၅-၉-၂၀၁၆ ကိုယ်တိုင်ဝန်ခံချက် တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်သဖြင့် မူလ၁၁-၉-၉၃ရက်တွင် ထုတ်ပေးထားသည့် ဦးမောင်မောင်ထွန်း အမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ် မဥ/ဇ-၁၈၅(၁၁-၉-၉၃)ဂရန်မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

စက်ချုပ်ပညာတတ်ထားတာ
ဘဲ့တစ်ခုရသလိုတန်ဖိုးရှိပါတယ်
အေးမွန်ရတနာ
အမျိုးသမီးစက်ချုပ်သင်တန်း
ဒေါ်ခင်ဝင်းရီ (B.A, B.Ed.)
၃၉(ဂ) အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊
ရန်ကင်းမြို့နယ်။
ဖုံး → ၀၁-၅၇၉၈၂၅၊ ၀၉-၅၁၀၄၆၈၇၊
၀၉-၅၁၉၃၄၉၁၊ ၀၉-၄၂၀၀၀၆၈၀၉

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ဗိုလ်မင်းရောင်တန်ဖိုးမျှတအိမ်ရာရှိတိုက်ခန်းအား ဝယ်ယူခွင့်ရရှိသူကွယ်လွန်သွားပါသဖြင့် ၎င်း၏ညီမမှ အမည်ပြောင်းလဲ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် တင်ပြလျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းအကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးမြင့်နိုင် ၁၂/အစန(နိုင်)၀၅၁၄၈၅ | ဒေါ်စန်းစန်းယု ၁၂/အစန(နိုင်)၀၅၁၅၁၈ | တိုက်(A-1)၊အခန်းအမှတ်(၇၀၁) ဗိုလ်မင်းရောင်၊ တန်ဖိုးမျှတအိမ်ရာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်။ |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ရှိ တိုက်ခန်းအား တိုက်ခန်းဖိုးငွေပေးသွင်းထားသည့် ငွေသွင်းချလန်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ၎င်း၏အမည်ဖြင့် အဆောက်အအုံနေထိုင်ခွင့်စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဒေါ်ငွေငွေးမြင့် ၁၂/အစန(နိုင်)၀၂၃၄၂၉ | အဆောက်အအုံနေထိုင်ခွင့်စာချုပ်ချုပ်ဆိုခွင့်ပြုပါရန်။ | တိုက်အမှတ်(၇)၊ အခန်းအမှတ်(၂၈) ဆောင်းပေဟမန်အိမ်ရာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၆၇၅၀ HONDA MSX 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းနွယ်နီအေး ၁၃/ကမန (နိုင်) ၀၇၃၃၅၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာ)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6K/6924 HONDA ACTYHAG ယာဉ်လက်ဝယ်ရှိသူ ဦးရွှေလုံး ၉/ဝတန (နိုင်)၀၅၇၇၃၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဇဗ္ဗာသီရိ (typo-free reading below)

ဇဟာန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ဒီ၊ မြေကွက်အမှတ် ၄၇-၃၉/၆-ဒီ၊ မြေကွက်တည်နေရာအမှတ် ၃၈D ၊ ပြည်ထောင်စုလမ်း၊ ဇဟာန်းမြို့နယ်၊ ဦးကျော်ထွန်းအေး ၁၂/ဇဟန(နိုင်)၀၉၀၄၆၆ အမည်ပေါက် မြေပိုင်မြေကွက်အား ဦးကျော်ထွန်းအေးမှ မြေအမည်ပေါက်မြေကွက်လဲလှယ်ခြင်း မှတ်ပုံတင်စာချုပ် အမှတ် ၁၅၂၀/၂-၅-၂၀၀၅ အား မူရင်းတင်ပြနိုင်မှုမရှိဘဲ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ လက်ခံအမှန်တင်ပြ၍ ၉-၁၂-၂၀၁၆ ရက်တွင် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာပြီး ၂၇-၁-၂၀၁၇ ရက်ဝင်စာ ၉၇၄ဖြင့် ဒေါ်အေးအေးခင် ၁၂/ဇဟန(နိုင်)၀၃၉၄၁၂ မှ ဦးကျော်ထွန်းအေး၏ လွှဲအပ်သော SP ၁၁၅၈၉/၂၂-၁၂-၂၀၁၆ နှင့် ကိုယ်စားလှယ်လွှဲစာမရုပ်သိမ်းကြောင်း ကျမ်းကျိန်ဖြင့် ဦးကျော်ထွန်းအေးကိုယ်စား ဆက်လက်ဆောင်ရွက်ခွင့်ပြုရန် တင်ပြလာပါသဖြင့် အပိုင်ပေးမြေပုံကူးခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

မုံရွာမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါမြေနေရာများအားမြေငှားစာချုပ်(အသစ်)လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုက ခိုင်လုံသောမှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | အမှုတွဲအမှတ် | အကွက်အမှတ် | ဦးပိုင်အမှတ် | ဧရိယာ | ရပ်ကွက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးမျိုးမင်း ပါ၂ | ၅/မရန(နိုင်)၀၀၅၂၁၂ | ၄၉၀ V ၄ား ၂၀၁၆-၂၀၁၇ | ၃၃၀-အိုးဘိုးတောင်အရှေ့ | ၇လမ်း-၉၉ | ၀.၁၄၇ | မြို့သစ် |
| ၂ | ဦးသောင်းညွန့် | ၅/မရန(နိုင်)၀၂၉၅၃၉ | ၄၉၁ V ၄ား ၂၀၁၆-၂၀၁၇ | ၈၂-အောင်ဇေယျ | ၁၅ | ၀.၁၁၈ | ရန်ကင်း |
| ၃ | ဒေါ်ဝင်းဆွေ ပါ၂ | ၅/မရန(နိုင်)၀၃၂၆၄၄ | ၄၉၂ V ၄ား ၂၀၁၆-၂၀၁၇ | -/စထဟ | ၃၆လမ်း-၂၆ | ၀.၁၁၀ | စက်မှုဇုန် |
| ၄ | ဒေါ်ခင်စိန် | ၅/ကလထ(နိုင်)၀၆၈၁၀၉ | ၄၉၃ V ၄ား ၂၀၁၆-၂၀၁၇ | ၃၃၄-က | ရတနာလမ်း ၈၆၊ ၈၈ | ၀.၂၉၄ | မြို့သစ် |
| ၅ | ဦးလှငွေ | ၅/ဒပယ(နိုင်)၀၃၆၆၈၇ | ၄၉၄ V ၄ား ၂၀၁၆-၂၀၁၇ | ၃၃၀-အိုးဘိုးတောင်အရှေ့ | ရတနာလမ်း၁၁၉၊၇လမ်း၁၂၀ | ၀.၂၉၄ | မြို့သစ် |
| ၆ | ဦးညီညီနိုင် | ၈/တတက(နိုင်)၀၉၉၀၅၁ | ၄၉၅ V ၄ား ၂၀၁၆-၂၀၁၇ | -/စက်မှုဇုန်-၂ | ၂၀လမ်း-၃၀၊၂၁လမ်း-၂၅၊၂၇၊၂၉ | ၀.၄၄၀ | စက်မှုဇုန် |
| ၇ | ဒေါ်နွဲ့နွဲ့ဝင်း ပါ၂ | ၅/ကလထ(နိုင်)၀၂၈၄၂၈ | ၄၉၆ V ၄ား ၂၀၁၆-၂၀၁၇ | ၆၇၉-လှေကူးကွေ့ကြီး | ၂/၆ | ၀.၁၀ | ကွေ့ကြီး |
| ၈ | ဦးမြင့်သောင်း | ၅/မရန(နိုင်)၁၀၁၈၆၀ | ၄၉၇ V ၄ား ၂၀၁၆-၂၀၁၇ | ၆၈၈-ညောင်ပင်ဇောက် | ၁၆(c) | ၀.၀၆၀ | နတ်လှူထိပ္ပန် |
| ၉ | ဦးဝင်းကြူ | ၅/မရန(နိုင်)၁၁၄၃၅၃ | ၄၉၈ V ၄ား ၂၀၁၆-၂၀၁၇ | ၆၆၃/အက်တော | ၁၃၆၊ ၁၃၇၊ ၁၄၄၊ ၁၄၅ | ၀.၄၄၀ | ပြည်တော်သာ |
| ၁၀ | ဦးကျော်မောင်း | ၅/ဒပယ(နိုင်)၀၃၆၇၃၆ | ၄၉၉ V ၄ား ၂၀၁၆-၂၀၁၇ | ၃၃၀-အိုးဘိုးတောင်အရှေ့ | မင်္ဂလာလမ်း-၉၉ | ၀.၁၄၇ | မြို့သစ် |
| ၁၁ | ဦးအောင်ဇော်ဦး ပါ၂ | ၅/မရန(နိုင်)၁၉၂၈၆၃ | ၅၀၀ V ၄ား ၂၀၁၆-၂၀၁၇ | ၆၇၈ ရွာသစ် | ၇၈ | ၀.၃၅ | ကန်သာဦး |
| ၁၂ | ဒေါ်နွဲ့နွဲ့ဝင်း ပါ၂ | ၅/မရန(နိုင်)၀၁၆၃၇၂ | ၅၀၁ V ၄ား ၂၀၁၆-၂၀၁၇ | ၃၂-ဗုဒ္ဓဘာသာ | ၁၅၀(ဃ) | ၀.၀၂၈ | အလယ်ရပ် |
| ၁၃ | ဒေါ်နီလာစိုး | ၅/မရန(နိုင်)၁၂၇၆၉၁ | ၅၀၂ V ၄ား ၂၀၁၆-၂၀၁၇ | ၆၈-ဇေတဝံကအနောက် | ၉၀ | ၀.၁၁၀ | အလယ်ရပ် |
| ၁၄ | ဦးတင်နွယ် | ၅/မရန(နိုင်)၀၅၂၀၂၉ | ၅၀၃ V ၄ား ၂၀၁၆-၂၀၁၇ | ၆၈-ဇေတဝံကအနောက် | ၁၆၆ | ၀.၀၉၁ | ဘုန်းစိုး |
| ၁၅ | ဒေါ်ခင်ငွေးရီ | ၅/မရန(နိုင်)၀၃၈၈၉၂ | ၅၀၄ V ၄ား ၂၀၁၆-၂၀၁၇ | ၆၇၉ လှေကူးကွေ့ကြီး | ၁၁/၇၀ | ၀.၀၉ | ကွေ့ကြီး |
| ၁၆ | ဒေါ်ခင်ငွေးရီ | ၅/မရန(နိုင်)၀၃၈၈၉၂ | ၅၀၅ V ၄ား ၂၀၁၆-၂၀၁၇ | ၅၂ သဘင်ကျော် | ၂၀၈ | ၀.၀၅၅ | သလ္လာ |
| ၁၇ | ဦးအောင်ကျော်ဦး | ၁၂/ကမတ(နိုင်)၀၁၉၇၉၁ | ၅၀၆ V ၄ား ၂၀၁၆-၂၀၁၇ | ၃၃၀-အိုးဘိုးတောင်အရှေ့ | ပြည်ထောင်စုလမ်း ၁၄၁ | ၀.၁၄၇ | မြို့သစ် |
| ၁၈ | ဦးအောင်ကျော်ဦး | ၁၂/ကမတ(နိုင်)၀၁၉၇၉၁ | ၅၀၇ V ၄ား ၂၀၁၆-၂၀၁၇ | ၃၃၀-အိုးဘိုးတောင်အရှေ့ | ပြည်ထောင်စုလမ်း ၁၃၉ | ၀.၁၄၇ | မြို့သစ် |
| ၁၉ | ဦးအောင်ကျော်ဦး | ၁၂/ကမတ(နိုင်)၀၁၉၇၉၁ | ၅၀၈ V ၄ား ၂၀၁၆-၂၀၁၇ | ၃၃၀-အိုးဘိုးတောင်အရှေ့ | ပြည်ထောင်စုလမ်း ၁၄၃ | ၀.၁၄၇ | မြို့သစ် |
| ၂၀ | ဦးအောင်ကျော်ဦး | ၁၂/ကမတ(နိုင်)၀၁၉၇၉၁ | ၅၀၉ V ၄ား ၂၀၁၆-၂၀၁၇ | ၃၃၀-အိုးဘိုးတောင်အရှေ့ | ပြည်ထောင်စုလမ်း ၁၄၄ | ၀.၁၄၇ | မြို့သစ် |
| ၂၁ | ဦးအောင်ကျော်ဦး | ၁၂/ကမတ(နိုင်)၀၁၉၇၉၁ | ၅၁၅ V ၄ား ၂၀၁၆-၂၀၁၇ | ၃၃၀-အိုးဘိုးတောင်အရှေ့ | ၁လမ်း ၁၄၆ | ၀.၁၄၇ | မြို့သစ် |
| ၂၂ | ဦးအောင်ကျော်ဦး | ၁၂/ကမတ(နိုင်)၀၁၉၇၉၁ | ၅၁၆ V ၄ား ၂၀၁၆-၂၀၁၇ | ၃၃၀-အိုးဘိုးတောင်အရှေ့ | ၁လမ်း ၁၄၂ | ၀.၁၄၇ | မြို့သစ် |

ကော်လိတ္တော်အရာရှိ(မုံရွာခရိုင်)

METRO
IT & Japanese Language Centre

တက္ကသိုလ် ဝင်တန်း အောင်မြင်ပြီးသူများနှင့်
တက္ကသိုလ်တက်ရောက်နေသူများအတွက်
Professional အလုပ်အကိုင် အခွင့်အလမ်းကောင်း
ရရှိနိုင်မည့်ကျောင်း "Only One School in Myanamar"

IT & ဂျပန်ဘာသာ

SYSTEM CREATOR COURSE ( 2 years Course )

- ဂျပန်နိုင်ငံ Nagasaki မြို့ရှိ Metro General Business College မှ တိုက်ရိုက်ချမှတ်ပေးသည့် IT ဘာသာရပ်သင်ရိုးညွှန်းတမ်းတွေကို မြန်မာနိုင်ငံတွင် ဈေးနှုန်းချိုသာစွာ ဖြင့် သင်ယူနိုင်ပါသည်။
- ဂျပန်နိုင်ငံ၏ IT ကုမ္ပဏီများတွင် IT Engineer များအဖြစ် အလုပ်အကိုင် ဝင်ရောက်နိုင်ရန် Metro မှ ကျောင်းသားကျောင်းသူများအား ဂျပန်ဘာသာရပ်ကို ကျွမ်းကျင်စွာတတ်မြောက်သည်အထိ 2 နှစ်တာ အခမဲ့ တွဲဖက်သင်ကြားပေးပါသည်။
- သန့်ရှင်းသပ်ရပ်သော စာသင်ခန်းများအတွင်း ပြီးပြည့်စုံသော သင်ထောက်ကူပစ္စည်းများဖြင့် စိတ်အေးချမ်းမြေ့စွာ ပညာသင်ယူနိုင်ပါသည်။
- ဂျပန်နိုင်ငံမှ IT ပညာရှင် ဆရာများက ဦးစီး၍ အတွေ့အကြုံရှိ IT ပညာရှင်မြန်မာလူမျိုးဆရာ၊ဆရာမများက IT ဘာသာရပ်တွေကို သင်ကြားပေးပြီး ဂျပန်ဘာသာရပ်တွင်လည်း သင်ကြားရေးအသိအမှတ်ပြု လက်မှတ်ရ ဂျပန်လူမျိုး Native ဆရာများနှင့် အတွေ့အကြုံရှိ မြန်မာ လူမျိုး ဆရာ၊ဆရာမများက သင်ကြားပေးပါသည်။
- သင်တန်းကာလ ၂နှစ်ဖြစ်ပြီး ကျောင်းသင်ခန်းစာများအပြင် Cultural Activity လုပ်ရှားမှုများ၊ လုပ်ငန်းခွင်တွင် အထောက်အကူပြုစေမည့် Presentation Skill အတွက် လေ့ကျင့်ပေးမှုများ ၊ ပျော်ရွှင်ဖွယ်ရာ School Events များပါဝင်ပြီး အစီပွါယ်ပြည့်ဝသော ကျောင်းသားဘဝကို ခံစားရရှိနိုင်ပါမည်။
- သင်တန်းကာလ ၂နှစ်တာပြီးမြောက်ပြီးချိန်တွင် အသိအမှတ်ပြု Diploma အောင်လက်မှတ် ရရှိမည် ဖြစ်ပြီး စနစ်ကျနသည့် သင်ကြားရေးနည်းဗျူဟာများကြောင့် Japan နိုင်ငံ National Exam နှင့် အခြားသော နိုင်ငံတကာ အသိအမှတ်ပြု IT အရည်အချင်းစစ် အသိအမှတ်ပြု အောင်လက်မှတ်များကို ရရှိနိုင်ပါသည်။
- တွဲဖက်သင်ကြားပေးသော ဂျပန်ဘာသာရပ်တွင်လည်း ဂျပန်နိုင်ငံမှအသိအမှတ်ပြု ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲအောင်လက်မှတ်များကိုLevel အလိုက် အသီးသီး ရရှိပိုင်ဆိုင်နိုင်မည် ဖြစ်ပါသည်။
- ကျောင်းသားတစ်ဦးချင်းစီအား Continuous Accessment System ဖြင့် သင်ကြားပေးပြီး သင်တန်းကာလပြီးမြောက်ချိန်တွင်လည်း ကျောင်းသားတစ်ဦးချင်းစီအား အလုပ်အကိုင်လမ်းညွှန်မှု(Job Guidance)နှင့် လုပ်ငန်းခွင်များသို့ အလုပ်အကိုင်ဝင်ရောက်နိုင်စေရန် အလုပ်မိတ်ဆက်ပေးခြင်း(Job Introduction) များကို ဆောင်ရွက်ပေးပါမည်။



2017
July Intake !
Great Chance Seminar

သင့်ရင်သွေး၏အနာဂါတ် ဘဝလမ်းကြောင်း အောင်မြင်ဖို့ Metro မှာ ယုံကြည်စွာ အပ်နှံလိုက်ပါ။
**2017 February 19 (Sun) နေ့လည် 1:00 နာရီတွင် IT Course Seminar ရှိပါသဖြင့် စိတ်ပါဝင်စား၍ တက်ရောက်လိုသူများ ဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။**
01-372691, 09-262007800,09-262007900

Room No(A,B,C,D) တတိယထပ်၊ Kyaw Business Tower Condo၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
လမ်းညွှန် ⇒ ဘားလမ်းမှတ်တိုင်၊ ပန်းဆိုးတန်းမှတ်တိုင် ဆင်းပါ။ ပန်းဆိုးတန်းအလယ်ဘလောက်တွင် တည်ရှိပါသည်။
Mail ⇒ mminfo@metro-myanmar.com
Web ⇒ http://www.metro-myanmar.com/mic

# နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် အလေးပြုပွဲအခမ်းအနား နေပြည်တော်၌ ကျင်းပ




နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ဒုတိယသမ္မတ ဦးမြင့်ဆွေ ဖတ်ကြားစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ကျင်းပရာ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေတက်ရောက်ပြီး နိုင်ငံတော်သမ္မတထံမှပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ယခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို ပြည်ထောင်စုစိတ်ဓာတ်နိုးကြားရှင်သန်ရေး၊ အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာအောင် တည်ဆောက်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး ဟူသည့် အမျိုးသားရေးဦးတည်ချက် ၄ ရပ်ဖြင့် အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

ရှေးဦးစွာ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို နံနက် ၅ နာရီခွဲတွင် ကျင်းပရာ တိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ အလံတင်အဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို လွှင့်တင်သည်။

နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားသို့ တက်ရောက်အလေးပြုကြမည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများသည် နံနက် ၅ နာရီမှစတင်၍ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

*စာမျက်နှာ ၉ ကော်လံ ၅* ❐

# ပြည်ထောင်စုနေ့အခမ်းအနား ရန်ကုန်မြို့မဟာဗန္ဓုလပန်းခြံ၌ ပထမဆုံးအကြိမ် ကျင်းပ

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-ဇော်မင်းလတ်**

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး အစိုးရကကြီးမှူး၍ ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ပြည်ထောင်စုစိတ်ဓာတ်နိုးကြားရှင်သန်ရေး၊ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာအောင် တည်ဆောက်ရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေးတည်းဟူသော အမျိုးသားရေး ဦးတည်ချက်လေးရပ်နှင့်အညီ အနှစ်သာရရှိစွာ ကျင်းပသည်။ **(ယာပုံ)**



အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုး၊ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဇော်သိန်း၊ တပ်မတော်အရာရှိများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနားကို နံနက် ၇ နာရီတိတိတွင်ကျင်းပရာ တပ်မတော်ဂုဏ်ပြုတပ်ဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အား ချီတက်အလေးပြုသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှပေးပို့သော နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ဖတ်ကြားကာ အခမ်းအနားကို ရုပ်သိမ်းသည်။

အဆိုပါသဝဏ်လွှာတွင် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသား

*စာမျက်နှာ ၉ ကော်လံ ၅* ●

